ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ
နေ့စဉ်

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကုသိုလ်ရှောင် ကုသိုလ်ဆောင် ဖြူအောင်စိတ်ကိုထား။
ဘုရားတိုင်းသာ ဟောမိန့်မှာ သုံးဖြာဤစကား။
ဘုရားတပည့် ထားသတိ ပွားဘိဤတရား။

ဓမ္မပဒ

သတင်းထူးပြီးမှန်ရမည် သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

the Myawady Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ၂၀၁၆ ခုနှစ်၊ ဧပြီ ၅ ရက်၊ အင်္ဂါနေ့ အတွဲ(၅)၊ အမှတ်(၃၅၂)


ပြည်ထောင်စု လွှတ်တော် အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီးနှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏အမည်စာရင်း လွှတ်တော်သို့တင်ပြ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပစဉ်။

**နေပြည်တော်   ဧပြီ   ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ နိုင်ငံတကာအကြီးအကဲများထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများနှင့် သတင်းထုတ်ပြန်ချက်များကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများခန့်အပ်ခြင်းကိုမှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသော ပြည်ထောင်စုဝန်ကြီးနှစ်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏အမည်စာရင်း လွှတ်တော်သို့တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆွီဒင်နိုင်ငံဘုရင်၊ မော်ရိုကိုဘုရင့်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင်၊ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့မှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်၊ ဘရာဇီးအစိုးရတို့ထံမှ ဝမ်းမြောက်ကြောင်းပေးပို့စာများ၊ ဥရောပပါလီမန် အာဆီယံနိုင်ငံဆက်ဆံရေးဆိုင်ရာဥက္ကဋ္ဌထံမှပေးပို့သည့် သတင်းထုတ်ပြန်ချက်တို့ကို လွှတ်တော်က

**စာမျက်နှာ ၁၆ ကော်လံ ၁ ✱**

---

လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ထုတ်ပြန် စာ- ၄ သို့

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ အကြီးစားနှင့်အလတ်စား ပြင်ဆင်ခြင်းများဆောင်ရွက်သွားမည် စာ- ၆ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၂˚ C / | ၃၈˚ C |
| ရန်ကုန် | ၂၃˚ C / | ၃၉˚ C |
| မန္တလေး | ၂၆˚ C / | ၃၉˚ C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




# အယ်ဒီတာ့ အာဘော်

(၂၀၁၆ ခုနှစ်၊ မေ ၅ ရက်)

## လူမှုရေးရာအဖြာဖြာ ကိုယ်နှုတ်နှလုံးစောင့်ထိန်းကြစေရာ

အခါတစ်ပါး ဂေါတမမြတ်စွာဘုရားသည် မာဂဓတိုင်း ဓေနာဋ္ဌပုဏ္ဏားရွာ၌ သီတင်းနေတော်မူရာမှ ဆွမ်းခံကြွသွားသည်။ ထိုနေ့ထိုအချိန်တွင် ကသိကဘာရဒွါဇအမည်ရှိသော ပုဏ္ဏားသည် လယ်ကွက်ထဲ၌လယ်ထွန်ရာမှခေတ္တနား၍ လယ်လုပ်သားများအား ထမင်းကျွေးနေရာအနီးသို့ကြွရောက်လာပြီး သပိတ်ကိုပိုက်လျက်ရပ်နေ၏။

သပိတ်ပိုက်လျက်ရပ်နေသောမြတ်စွာဘုရားကို ပုဏ္ဏားမြင်သော် အို-ရဟန်း ငါသည် ထွန်ယက်စိုက်ပျိုးပြီး စားသူတည်း။ သင်သည်လည်း ထွန်ယက်စိုက်ပျိုးပြီး စားပါလော့ဟု ပြောကြားသည်။ မြတ်ဘုရားက "ပုဏ္ဏား-ငါဘုရားသည်လည်း ထွန်ယက်စိုက်ပျိုးပြီး စားသည်သာတည်း"ဟု မြွက်ကြားသည်။ ပုဏ္ဏားက အရှင်ဂေါတမ-သင်၏လယ်ထွန်ခြင်းကို ငါတို့မမြင်ပါကလား။ ထွန်တုံး၊ ထွန်သွားနှင့် ခိုင်းနွားကိုလည်း မမြင်ရပါကလားဟုဆိုပြန်၏။

ဤတွင် ဗုဒ္ဓမြတ်စွာသည် ထွန်ယက်ခြင်းဥပမာနှင့်သက်ဆိုင်သော တရားစကားကို ပုဏ္ဏားအားဟောကြားသည်မှာ "ပုဏ္ဏား-ငါဘုရား၏သဒ္ဓါတရားသည် မျိုးစေ့မည်ပေ၏။ ဣန္ဒြေစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏။ ငါ၏ပညာသည် ထမ်းပိုးနှင့်ထွန်တုံးမည်၏။ မကောင်းမှု၌ ရှက်ကြောက်မှုသည် ထွန်တံမည်၏။ ငါ၏စိတ်သည်ကြိုးလွန်မည်၏။ အောက်မေ့မှုသတိသည် ထွန်သွားနှင့် နှင်တံမည်၏။ ပုဏ္ဏား-သင်သည် လယ်ကိုစောင့်ရှောက်သကဲ့သို့ ငါသည်လည်း ကိုယ်ကိုစောင့်ရှောက်၏။ နှုတ်ကိုစောင့်ရှောက်၏။ ဝမ်း၌အတိုင်းအရှည်ကိုသိရန် စောင့်ရှောက်၏။ အာဟာရ၌ အသက်မွေးမှုစင်ကြယ်စေရန် စောင့်ရှောက်၏။ ဖောက်ပြန်ချွတ်ယွင်းခြင်းစကားတည်းဟူသော ပေါင်းမြက်တို့ကို မှန်သောစကားတည်းဟူသော တူးရွင်းဖြင့်သုတ်သင်ရှင်းလင်း၏။ နိဗ္ဗာန်၌မွေ့လျော်မှုဟူသော ငါ၏အရဟတ္တဖိုလ်သည် ပြုလုပ်ဖွယ်အားလုံးတို့မှ လွတ်မြောက်လေတော့၏"ဟု မိန့်တော်မူသည်။

မြတ်ဗုဒ္ဓထပ်မံမိန့်ကြားသည်မှာ "ပုဏ္ဏား ငါ၏ဝီရိယသည် ဝန်ကိုဆောင်သောနွားမည်၏။ အကြင်နိဗ္ဗာန်သို့ရောက်သည်ရှိသော် မစိုးရိမ်ရတော့ပေ။ ထိုနိဗ္ဗာန်သို့ရှေးရှုလျက် မဆုတ်မနစ်သွား၏။ ဤသို့သော အခြင်းအရာအားဖြင့် ငါသည်လယ်ထွန်ခြင်းပေတည်း။ ထိုလယ်ထွန်ခြင်းသည် နိဗ္ဗာန်ဟူသောအသီးအနှံရှိသည်တည်း။ ထိုသို့သော အခြင်းအရာအားဖြင့် လယ်ထွန်အပ်ပြီးဖြစ်၍ ငါသည်ဆင်းရဲမှုအားလုံးမှ လွတ်မြောက်ခဲ့ပြီတည်း"ဟူသောဥပမာစကားဖြင့် တရားပြခဲ့ကြောင်း သုတ္တနိပါတ်ပါဠိတော်၊ ကသိကဘာရဒွါဇသုတ်၌ ဖော်ပြထားသည်။ မြတ်ဘုရားဟောကြားခိုင်းနှိုင်းခဲ့သော လယ်ထွန်ခြင်းဥပမာ တရားနှစ်မျိုးကိုဆင်ခြင်၍ လူသားတိုင်း ကိုယ်နှုတ်နှလုံးသုံးပါးစလုံး စောင့်စည်းခြင်းမှရနိုင်သောတန်ဖိုးကို ကောင်းစွာသိအပ်သည်။

ကောင်းမှုပြုသူပင်ဖြစ်သော်လည်း မိမိပြုသောကောင်းမှုက အကျိုးမပေးသေးသမျှ မကောင်းကျိုးနှင့်တွေ့ရမည်။ ထိုကောင်းမှုက အကျိုးပေးသောအခါ ကောင်းကျိုးချမ်းသာနှင့်တွေ့ရမည်။ ထို့အတူ မကောင်းမှုပြုသောသူပင်ဖြစ်သော်လည်း မိမိပြုသော မကောင်းမှုက အကျိုးမပေးသေးသမျှ ကောင်းကျိုးနှင့်တွေ့ရမည်။ မကောင်းမှုက အကျိုးပေးသောအခါ မကောင်းကျိုးဆင်းရဲဒုက္ခနှင့်တွေ့ရမည်ဖြစ်ကြောင်း ဓမ္မပဒ၌ဆိုထားပေရာ နိုင်ငံရေး၊ စီးပွားရေးနှင့် လောကလူမှုရေးရာအဖြာဖြာတို့၌ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးစောင့်ထိန်းလျက် ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်၌တည်စေကြောင်း မြဝတီက တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ သြဝါဒခံယူ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သြဝါဒခံယူစဉ်။

နေပြည်တော် မေ ၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ သြဝါဒခံယူသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သြဝါဒကထာမိန့်ကြားရာတွင် "ဒကာတော်အပါအဝင် အုပ်ချုပ်မင်းလုပ်ကြသည့် ဒကာကြီးများ၊ ဒကာမကြီးများ စိတ်ချမ်းသာကိုယ်ကျန်းမာစွာ သာသနာပြုနိုင်ကြပါစေ။ မင်းကောင်းမင်းမြတ်များဖြစ်ကြ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူနိုင်ငံသားများလည်း စိတ်ချမ်းသာကိုယ်ကျန်းမာစွာ သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပေးအပ်ပါကြောင်း" မိန့်ကြားသည်။

နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး သြဝါဒခံယူခဲ့သည်။ အလားတူ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သင်္ဃန်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလထံမှလည်း သြဝါဒခံယူခဲ့သည်။

အဆိုပါ သြဝါဒခံယူပွဲများသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းညွန့်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပါဠိပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် ၄၁၁၄၉ ပါး ဖြေဆို

နေပြည်တော် မေ ၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၇၉ ဌာနတို့၌ဖြေဆိုကြရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၅၃၁၄၆ ပါး အနက် ၄၁၁၄၉ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၄၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြဝ)

# ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မှာကြား



နေပြည်တော် မေ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှဝန်ထမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများအားတွေ့ဆုံသည်။

ထို့နောက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ဧရာဝတီမြစ်ရေမြင့်တက်နိုင်

နေပြည်တော် မေ ၄

ဧရာဝတီမြစ်အထက်ပိုင်းတွင် မတ်လကုန်ခန့်ကမြင့်တက်ခဲ့သောမြစ်ရေများသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် နှစ်ရက်အတွင်း ၂ ပေမှ ၂ ပေခွဲခန့်နှင့် မြင်းမူမြို့တွင် တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁ ပေခန့်၊ နောက်တစ်ရက်မှနှစ်ရက်အတွင်း မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၂ ပေမှ ၂ ပေခွဲခန့်၊ နောက်နှစ်ရက်မှရှစ်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မြဝ)

# ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်းသို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်နိုင်သည့်နေ့ရက်နှင့်အချိန်များကိုကန့်သတ်သွားမည်



ရန်ကုန် မေ ၄

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း၌ နေ့စဉ်ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်နေသဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန်နှင့် အများပြည်သူသွားလာရေးလွယ်ကူအဆင်ပြေစေရန် ဝင်းအတွင်းသို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်နိုင်သည့်နေ့ ရက်နှင့် အချိန်ကို ကန့်သတ်လိုက်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းအကျိုးဆောင်အဖွဲ့မှ ဝင်းအတွင်း ဝင်ထွက်သွားလာလျက်ရှိသည့် ယာဉ်များကိုမှတ်တမ်းတင်ဆောင်ရွက်ခဲ့ရာတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းနိုင်သည့်အကြံပြုချက်များကို တင်ပြလာသဖြင့် အပတ်စဉ်တနင်္လာနေ့၊ တခြားပြန်တမ်းဝင်ရုံးပိတ်ရက်များနှင့် ရက်ရှည်ရုံးပိတ်ရက်များ ပြန်လည်ဖွင့်လှစ်သည့်ရက်များတွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ရှစ်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်နှင့် ကုန်မပါယာဉ်ကြီးများ ဝင်ရောက်ခြင်းကို ကန့်သတ်ခဲ့သည့်အပြင် ပေ ၂၀ နှင့် ပေ ၄၀ နောက်တွဲယာဉ်ကြီးများကို နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀အတွင်း ဝင်ရောက်ခြင်းမပြုရန်ကန့်သတ်ခဲ့ကြောင်း သိရသည်။

ကုန်တင်ယာဉ်ကြီးများ၊ နောက်တွဲယာဉ်များကို အချိန်ကန့်သတ်ကာ ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်းသို့ဝင်ရောက်သည့်စနစ်ကို စမ်းသပ်ကာလအဖြစ် မေ ၃၀ ရက်အထိ ကျင့်သုံးသွားမည်ဖြစ်ပြီး အများပြည်သူသွားလာရေးလွယ်ကူအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁ )ရပ်ကွက်ရှိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်တွင် မြေ ၇၅ ဒသမ ၁၉၄ ဧက ကျယ်ဝန်းသည့်မြေနေရာပေါ်၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကုန်စည်ဖလှယ်နေသည့်ပွဲရုံနှင့် ကုန်တင်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်နေသည့် လုပ်ငန်းပေါင်း ၁၁၇၇ ခုဖြင့် လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းသို့ဝင်ထွက်နိုင်သည့်ဂိတ်များဖြစ်သော ကံ့ကော်လမ်းဂိတ်၊ ရိုးကြီးချောင်းဂိတ်၊ အင်ကြင်းလမ်းဂိတ်၊ ယုဇနလမ်းဂိတ်၊ ယင်းမာဂိတ်၊ တံတားအောက်ဂိတ်နှင့် မြဝတီဘဏ်ဂိတ်ဟူ၍ ဂိတ်ခုနစ်ခုရှိပြီး နေ့စဉ် ကုန်တင်ယာဉ်နှင့် မော်တော်ယာဉ်အစီးရေ ၂၀၀၀ ကျော် ဖြတ်သန်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(၄၄၇)

## ရန်ကုန်စတော့အိတ်ချိန်း ဝယ်ရောင်းဈေးကွက် ရင်းနှီးမြှုပ်နှံသူများအကြိုက်တွေ့

ရန်ကုန် မေ ၄

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် သက်ဆိုင်ရာ Security ကုမ္ပဏီများ၌ ရှယ်ယာဝယ်ရောင်းလုပ်ကိုင်သူများပြားကာ အကြိုက်တွေ့နေကြောင်း ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်အသိုင်းအဝိုင်းမှ သိရသည်။

"ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှာ အဆောက်အအုံဖွင့်လှစ်ပြီး မတ် ၂၅ ရက်မှာ တရားဝင်လိုင်စင်ရကုမ္ပဏီ FMI ရဲ့ရှယ်ယာတွေကို စတင်ရောင်းချခဲ့ပါတယ်။ စဖွင့်တဲ့နေ့မှာပဲ ရှယ်ယာပေါင်း ၁၁၀၀၀၀ ကျော် ငွေကျပ် ၃ ဒသမ ၅ ဘီလီယံဖိုးရောင်းချနိုင်ခဲ့တယ်။ နောက်ပိုင်းရက်တွေမှာလည်း ရှယ်ယာတွေအပေါ်မှာ ရှယ်ယာဝယ်ရောင်း ရင်းနှီးမြှုပ်နှံသူများပြားခဲ့တာကိုတွေ့ရတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထပ်မံ၍ ရန်ကုန်စတော့အိတ်ချိန်းမှ မေလကုန်ပိုင်းတွင် Listed ကုမ္ပဏီတစ်ခုဖြစ်သော သီလဝါအထူးစီးပွားရေးဇုန်မှ ရှယ်ယာများ ရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း(MAPCO) မှ အစုရှယ်ယာများနှင့် တခြားစိတ်ဝင်စားဖွယ်စီးပွားရေးလုပ်ငန်းများမှ အစုရှယ်ယာများအပါအဝင် Listed ကုမ္ပဏီငါးခုကို ထပ်မံထုတ်ရောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှယ်ယာဝယ်ရောင်းလုပ်တဲ့သူတွေအတွက် ရောင်းချတဲ့ကုမ္ပဏီရဲ့ ရှယ်ယာဈေးအတက်အကျပေါ်မှာ အကျိုးအမြတ်ခံစားနိုင်မယ်။ ဒါ့အပြင် ရှယ်ယာတွေဝယ်ယူစုဆောင်းထားမယ်ဆိုရင်လည်း နှစ်စဉ်အပိုဆုကြေးတွေ၊ အကျိုးအမြတ်တွေရရှိမှာဖြစ်သလို ဈေးအတက်အကျပေါ် မူတည်ပြီးတော့လည်း အကျိုးခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံလိုသူတွေအတွက်တော့ ဈေးကွက်အသစ်တစ်ခုပေါ်ပေါက်လာတာပါ။ ရှယ်ယာစတင်ရောင်းချတဲ့အချိန်ကနေ ဒီနေ့အထိ ဝယ်သူတွေကအများဆုံးဖြစ်နေတယ်။ ဝယ်လိုအားကများနေပြီး ရောင်းလိုအားကနည်းနေတော့ ရှယ်ယာဈေးက စတော့အိတ်ချိန်းမှာ အမြင့်ဆုံးဈေးပဲရရှိနေတာတွေ့ရတယ်။ ရှေ့ဆက်ပြီးတော့လည်း ဝယ်လိုအားများနေဦးမှာပါပဲ" ဟု Security ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာတစ်ဦးက သုံးသပ်သည်။

**မောင်မျိုး(ရေဝတီ)**

## ရန်ကုန်မြို့၌ လူနေထိုင်မှုများပြားလာခြင်းကြောင့် အိမ်ခန်းငှားရမ်းမှုသွက်နေသည့်အပြင် တန်ဖိုးနည်းအိမ်ရာလိုအပ်မှု ပိုများ

ရန်ကုန် မေ ၄

ရန်ကုန်မြို့သို့ နယ်အသီးသီးမှ နှစ်စဉ်ပြောင်းရွှေ့ဝင်ရောက်လာသူဦးရေမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာသဖြင့် အခန်းငှားရမ်းမှုနှင့် အိမ်ခြံမြေအရောင်းအဝယ်သွက်ကာဈေးနှုန်းမြင့်မားလျက်ရှိသည်။ ထို့ပြင် ပြောင်းရွှေ့ဝင်ရောက်လာသူအများစုသည် အိမ်ရာဝယ်ယူရန်နှင့်အခန်းငှားရမ်းနိုင်ရန် မတတ်နိုင်သူများပြားနေသောကြောင့် တန်ဖိုးနည်းအိမ်ရာ ပိုမိုလိုအပ်လာနိုင်ကြောင်း အွန်လိုင်းအခြေပြုအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ သုံးသပ်သည်။

"လက်ရှိ ရန်ကုန်မြို့တွင်းမှာ အခန်းဈေးတွေက အဆမတန်မြင့်တက်နေတယ်။ တိုက်ခန်းမဝယ်နိုင်တဲ့သူတွေက ဒါဘာအခန်းတွေကိုလှည့်ပြီး ဝယ်ယူကြတယ်။ ယခင်ကဒါဘာအခန်းတွေမှာ လူနေထိုင်ခြင်းမရှိခဲ့ဘူး။ လက်ရှိမှာတော့ ရန်ကုန်မြို့တွင်းခြောက်မြို့နယ်မှာရှိတဲ့ ဒါဘာအခန်းတွေက ပိုအရောင်းသွက်နေပါတယ်"ဟု ကျော်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ကိုကျော်ဝင်းက ပြောသည်။

ရန်ကုန်မြို့တွင်းရှိ ဒါဘာအခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၁၅၀ မှ ၂၀၀ ကြားပေါက်ဈေးရှိပြီး အကျယ်အဝန်းပေါ်မူတည်၍ ဈေးနှုန်းလည်း ကွာခြားလျက်ရှိသည်။ အဆိုပါအခန်းများကို မိသားစုလိုက်နေထိုင်ရန်ဝယ်ယူမှုများထက် လူဦးရေ အနည်းငယ်နေထိုင်လိုကြသူများသာ အဓိကထားဝယ်ယူကြသည့်အပြင် နိုင်ငံခြားသားတချို့လည်း ဝယ်ယူနေထိုင်လာကြသဖြင့် ဈေးနှုန်းများထပ်မံမြင့်တက်လာနိုင်ပြီး ယင်းအခန်းများကို တစ်လငွေကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ ဖြင့်လည်း ငှားရမ်းနေထိုင်နိုင်သည်။

ထို့ပြင် တန်ဖိုးမျှတအိမ်ရာများမှာ တိုက်ခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၃၀၀ ခန့်ရှိ၍ ဝင်ငွေနည်းသူများဝယ်ယူရန် အဆင်မပြေနိုင်သည့်အပြင် တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရန် မြေကွက်ဈေးမြင့်မားနေခြင်းမှာလည်း အခက်အခဲတစ်ခုဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမြေကွက်များပေါ်၌ ဆောက်လုပ်မည်ဆိုပါကလည်း ကာလပေါက်ဈေးနှင့် မြေကွက်တန်ဖိုး ပြန်လည်ပေးချေရသည့်အတွက် ကုန်ကျစရိတ်မြင့်တက်သကဲ့သို့ အိမ်ခန်းတန်ဖိုးပါ တစ်ဆက်တည်းမြင့်တက်လာရာဝယ်ယူရန်ခက်ခဲကြောင်း သိရသည်။

**သီရိ**

## သကြင်္န်ကာလ ရုံးပိတ်ရက်များအတွင်း သွင်းကုန် ပို့ကုန်လုပ်ငန်းများ ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည်

ရန်ကုန် မေ ၄

သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရုံးဖွင့်လှစ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို ရုံးချုပ်၊ ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံနှင့် စက်လှေဆိပ်ကမ်းများ၌ ဧပြီ ၁၁ ရက်မှ ၂၀ ရက် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေကြောင်းလိုင်းမှတစ်ဆင့် ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း သင်္ကြန်ကာလအတွင်း ကုန်သွယ်မှုများအတွက် လိုအပ်သောငွေပေးသွင်းမှုများဆောင်ရွက်ရာတွင် Payment Order ကိုသာ လက်ခံမည်ဖြစ်ပြီး Deposit ငွေပမာဏကို လုံလောက်စွာပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ရောက်ရှိလာမည့်ကုန်စည်များကို အရေးတကြီးတင်သွင်းခြင်းနှင့် ပြည်ပသို့အရေးတကြီးတင်ပို့မှုများ ဆောင်ရွက်လိုပါက အကောက်ခွန်ဦးစီးဌာနသို့ ဧပြီ ၈ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့လျှောက်ထားရာတွင် ကုမ္ပဏီ၏ Letter Head နှင့်အတူ တင်ပြလျှောက်ထားရန်လိုအပ်ကြောင်း သိရသည်။

**ကိုဆောင်း(ဥက္ကလာ)**



# လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့်လမ်းညွှန်ချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၄

**လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။ အဆိုပါလမ်းညွှန်ချက်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**

## လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့်လမ်းညွှန်ချက်

**ရည်ရွယ်ချက်**

၁။ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှု (Corruption) များ ထင်ရှားစွာရှိနေပါသဖြင့် အချိန်တိုကာလအတွင်း လုံးဝပပျောက်ရေးဆောင်ရွက်ရန်မှာ ကြီးမားသောစိန်ခေါ်မှုဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လာဘ်စားမှု၊ အကျင့်စာရိတ္တပျက်ပြားမှုသည် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေနိုင်သောကြောင့် အဘက်ဘက်မှထိရောက်စွာကိုင်တွယ်ရန် လိုအပ်ပါသည်။

၂။ လာဘ်ပေးလာဘ်ယူမှုသည် ကနဦးအဆင့်တွင် လက်ဆောင်ပစ္စည်းပေးရာမှစတင်နိုင်ပြီး လူမှုရေးအရ ပေးသည့်လက်ဆောင်ပစ္စည်း သို့မဟုတ် တံစိုးလက်ဆောင်အဖြစ်ပေးအပ်သည့်ပစ္စည်းခွဲခြားသတ်မှတ်ရန် လမ်းညွှန်ချက်ထုတ်ပြန်ခြင်းဖြစ်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ လက်ဆောင်ပစ္စည်းတွင် ငွေကြေးနှင့်တန်ဖိုးရှိသည့်ပစ္စည်းအပါအဝင် ရွှေငွေ၊ လေယာဉ်လက်မှတ်၊ အခမဲ့တည်းခိုခ၊ အခမဲ့စားသောက်ခ၊ ဧည့်ခံကျွေးမွေးခြင်း၊ ဂေါက်သီးအသင်းဝင်ကြေးစသည်တို့သည် လက်ဆောင်ပစ္စည်းတွင် အကျုံးဝင်သည်။

**အခြေခံမူ**

၄။ အစိုးရအဖွဲ့ဝင်၊ အစိုးရမှဖွဲ့စည်းထားသော ကော်မရှင်/အဖွဲ့အစည်းအဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်းတို့သည် မိမိ၏ရာထူးကြောင့် ပေးအပ်သည်ဟုယူဆသည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်ထံမှပေးအပ်သောလက်ဆောင်ပစ္စည်းများကို လက်ခံခြင်းမပြုရန် ပိတ်ပင်တားမြစ်သည်။

**ပိတ်ပင်တားမြစ်သည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်**

၅။ အောက်ဖော်ပြပါလက်ဆောင်ပစ္စည်းများ လက်ခံခြင်းမပြုရ-

(က) မိမိရာထူးလုပ်ပိုင်ခွင့်၏အကျိုးခံစားနိုင်သည့်လုပ်ရပ်တစ်ရပ်ကို လိုလားတောင်းခံသောအဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ခ) မိမိတာဝန်ယူရသောအဖွဲ့အစည်း၊ ကြီးကြပ်ကွပ်ကဲရသောအဖွဲ့အစည်းနှင့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော၊ လုပ်ကိုင်ရန်ကြိုးပမ်းနေသောအဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဂ) မိမိရာထူးတာဝန်အရ လုပ်ဆောင်ရမည့်ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းကြောင့် အကျိုးခံစားမှုရှိသွားမည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

(ဃ) မိမိရာထူးတာဝန်အရ လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ခြင်းမပြုသဖြင့်အကျိုးခံစားခွင့်ရှိသွားမည့်အဖွဲ့အစည်း/လူပုဂ္ဂိုလ်။

**ခြွင်းချက်**

၆။ အောက်ပါတို့ကို ခြွင်းချက်ဖြင့်လက်ခံခွင့်ပြုသည်-

(က) လက်ဆောင်ပစ္စည်းတန်ဖိုး ကျပ်ငွေ ၂၅၀၀၀/- မပိုသော လက်ဆောင်ပစ္စည်း။ (အဖွဲ့အစည်းတစ်ခု/လူပုဂ္ဂိုလ်တစ်ဦးထံမှ လက်ခံရယူသည့် လက်ဆောင်ပစ္စည်းသည် တစ်နှစ်လျှင် ကျပ် ၁၀၀၀၀၀/- တန်ဖိုးထက် မပိုစေရ။)

(ခ) မိမိ၏တရားဝင်ရာထူးကြောင့်မဟုတ်ဘဲ မိသားစုဆက်ဆံရေး (family relationship)၊ ပုဂ္ဂိုလ်ရေးခင်မင်မှု(personal relationship)အရ ပေးအပ်သောလက်ဆောင်ပစ္စည်း။ (ပေးအပ်သောလက်ဆောင်ပစ္စည်းများသည် အပိုဒ်(၅)ပါ တားမြစ်ချက်များနှင့် အကျုံးဝင်သောလက်ဆောင်ပစ္စည်းများမဖြစ်စေရ။)

(ဂ) အခါကြီးရက်ကြီးများတွင် တစ်နှစ်တစ်ခါ ဂါရဝပြုပေးအပ်သည့် ကျပ်ငွေ ၁၀၀၀၀၀/- ထက်မပိုသော လက်ဆောင်ပစ္စည်း။ (ဥပမာ၊ သီတင်းကျွတ်ကန်တော့သောပစ္စည်း၊ ခရစ္စမတ်လက်ဆောင်)

**လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများ**

၇။ လက်ခံခွင့်မရှိသော လက်ဆောင်ပစ္စည်းများပေးအပ်လာပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပေးအပ်သောလက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

(ခ) ပေးအပ်သောလက်ဆောင်ပစ္စည်းကိုလက်ခံလိုပါက ထိုလက်ဆောင်ပစ္စည်း၏ကာလပေါက်ဈေးကို ပေးအပ်သူထံပြန်လည်ပေးအပ်ရမည်။

(ဂ) ကြာရှည်အထားမခံသောပစ္စည်း (သစ်သီး၊ ပန်း) စသည်တို့ဖြစ်ပါက ဌာနတွင်းဝန်ထမ်းများအား ဖြန့်ဝေပေးရမည်။

**နိုင်ငံခြားအစိုးရမှပေးအပ်သောလက်ဆောင်ပစ္စည်း**

၈။ နိုင်ငံခြားအစိုးရမှပေးအပ်သော အောက်ပါလက်ဆောင်ပစ္စည်းတို့ကို ခြွင်းချက်အနေဖြင့် လက်ခံခွင့်ပြုသည်-

(က) ငွေတန်ဖိုးကျပ် ၄၀၀၀၀၀/-မပိုသောလက်ဆောင်ပစ္စည်း။

(ခ) တရားဝင်ကိစ္စအတွက် ခရီးသွားလာစရိတ်(လေယာဉ်ခ၊ နေထိုင်စားသောက်ခ)။

(ဂ) ပညာသင်ဆု။

(ဃ) ဆေးဝါးကုသစရိတ်။

(င) နိုင်ငံခြားအစိုးရမှပေးအပ်သော လက်ဆောင်ပစ္စည်းသည် အထက်ပါအချက်နှင့် မကိုက်ညီသော်လည်း ပေးအပ်သည့်လက်ဆောင်ကို ငြင်းဆန်ခြင်းဖြင့် နှစ်ဖက်မျက်နှာပျက်ရမည့်ကိစ္စများတွင် အဆိုပါလက်ဆောင်ပစ္စည်းကိုလက်ခံနိုင်ပြီး ယင်းပစ္စည်းအား ဝန်ကြီးဌာန/ဌာနသို့ ပေးအပ်ရမည်။

**အထွေထွေ**

၉။ လက်ဆောင်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာကျင့်သုံးရမည်-

(က) လက်ဆောင်ပစ္စည်းကို သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တောင်းခံခြင်းမပြုရ။

(ခ) မိမိရာထူးတာဝန်လုပ်ဆောင်မှုအပေါ် ဩဇာလွှမ်းမိုးစေမည်ဟု ယူဆရသောကိစ္စရပ်များအတွက် မည်သည့်လက်ဆောင်ပစ္စည်းမှ လက်ခံခြင်းမပြုရ။

(ဂ) လက်ခံခွင့်ရှိသော လက်ဆောင်ပစ္စည်းကိုပင် အကြိမ်ကြိမ်လက်ခံခြင်းမပြုရ။

(ဃ) လက်ဆောင်ပစ္စည်းပေးအပ်လာပါက လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ အထက်အကြီးအကဲထံ အမြန်ဆုံးတင်ပြရမည်။

(င) အထက်ပိုဒ် (ဃ) နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ပေးအပ်သည့် လက်ဆောင်ပစ္စည်းများကိစ္စကို ဦးစီးရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံတော်သမ္မတရုံးဝန်ကြီးထံ အမြန်ဆုံးတင်ပြရမည်။

# မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ သုံးလအတွင်း ၂၁ ဦးရှိ

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီတွင် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပညာပေးနှင့် ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့(UNICEF)၏ မိုင်းဆိုင်ရာအကူအညီပေးရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။



(၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမိုင်းအန္တရာယ်အသိပညာပေးနှင့် မိုင်းဆိုင်ရာအကူအညီပေးရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပစဉ်။

အခမ်းအနားတွင် UNICEFမှ မြန်မာနိုင်ငံဒုတိယဌာနေကိုယ်စားလှယ် ရှာလီနီဘဟူဂူနာက ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ မတ်အထိ မြေမြှုပ်မိုင်းများ ထိခိုက်ဒဏ်ရာရသူ ၂၁ ဦးရှိကြောင်း ပြောသည်။

၂၀၁၅ ခုနှစ်တွင် မြေမြှုပ်မိုင်းများနှင့် အခြားပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်းများကြောင့် ကလေးသူငယ် ၃၄ ဦးအပါအဝင် ၁၇ ဦးသေဆုံးပြီး ၄၂ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

အဆိုပါထိခိုက်မှုများမှကာကွယ်ရန် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမိုင်းအန္တရာယ်ကာကွယ်တိုက်ဖျက်ရေးအတွက် လုပ်ငန်းစီမံကိန်းများ ချမှတ်လုပ်ဆောင်မှုနှင့်ပတ်သက်၍ UNICEFမှ တာဝန်ရှိသူတစ်ဦးက "ဒီလုပ်ငန်းနဲ့ပတ်သက်လို့ကျွန်တော်တို့ငွေ အလုံအလောက်မရှိသေးပါဘူး။ ဒီလုပ်ငန်းတစ်ခုလုံးလုပ်ဖို့ဆိုရင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းခန့်မှန်းပေမယ့်လည်း အဲဒီငွေရဲ့ ၂၆ ရာခိုင်နှုန်းလောက်ပဲရှိပါသေးတယ်"ဟု ပြောသည်။

အဆိုပါလုပ်ငန်းစီမံကိန်းတွင် မိုင်းကြောင့်ထိခိုက်နစ်နာသူများအား ကူညီထောက်ပံ့ခြင်း၊ ပြုပြင်ပြောင်းလဲရေးအတွက် ထောက်ခံတိုက်တွန်းပြောဆိုခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းများနှင့် သတင်းအချက်အလက်စီမံမှုများအပြင် လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

မိုင်းအန္တရာယ် အသိပညာပေးရေးနှင့် မိုင်းကြောင့်ထိခိုက်နစ်နာသူများအား ကူညီထောက်ပံ့ပေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် ၂၀၁၂ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**စာနည်းမောင်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သဘင်၊ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ မြန်မာ့ရိုးရာမဟာသင်္ကြန် အစီအစဉ်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဧပြီ ၄

မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်သဘင်၊ဂီတ၊ရုပ်ရှင်အနုပညာရှင်များတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ ၂၀၁၆ ရန်ကုန်မဟာသင်္ကြန်တွင် မဏ္ဍပ်အရေးအတွက် ကန့်သတ်ခွင့်ပြုထားခြင်းကို အနုပညာရှင်များအနေဖြင့် နားလည်မှုရှိရှိ ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် ရိုးရာသင်္ကြန်ပွဲတော်ကို စည်စည်ကားကား ကျင်းပလိုသဖြင့် နေရာတစ်နေရာထဲတွင် မဏ္ဍပ်များစုပြုံဆောက်လုပ်ခြင်းကို ခွင့်မပြုခြင်းဖြစ်ကြောင်း၊ သင်္ကြန်ကာလအတွင်း အင်းလျားကန်ပတ်လမ်း၊ ကန်တော်ကြီးနှင့် ကမ္ဘာအေးဘုရားလမ်းများတွင်သာ လူစည်ကားခြင်းမျိုးမဖြစ်စေလိုခြင်းကြောင့် ကမ္ဘာအေးဘုရားလမ်းတွင် ဆောက်လုပ်ခွင့်လျှောက်ထားသောမဏ္ဍပ် ၃၀၀ ကျော်ကို ခွင့်ပြုချက်မပေးခြင်းဖြစ်ကြောင်းသိရသည်။

သင်္ကြန်မှာ မဏ္ဍပ်အရေအတွက်လျော့နည်းသွားသဖြင့် ပရိသတ်ကိုဖျော်ဖြေကြမည့် အနုပညာရှင်များ အခက်အခဲရှိမည်ကိုနားလည်ကြောင်း၊ စီးပွားဖြစ်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပေးသည့်အတွက် လူစည်ကားရာလမ်းမကြီးပေါ်တွင်ရှိသည့် တချို့နေအိမ်များရှေ့တွင် မြေနေရာငှားရမ်းခ များစွာပေးရန်ဈေးခေါ်နေသူများရှိကြောင်း၊ စီးပွားဖြစ်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပေးခြင်းသည် သင်္ကြန်ကို ခုတုံးလုပ်ပြီး အဆိုပါမဏ္ဍပ်များအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုများကို တားဆီးနိုင်ရေးအပါအဝင် ပြီးခဲ့သောလပိုင်းများအတွင်း ရန်ကုန်မြို့တွင်ဖမ်းဆီးရမိခဲ့သော လက်နက်ခဲယမ်းများကြောင့်ပြည်သူလူထု၏ အသက်အန္တရာယ်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်ကြောင်း အစိုးရအဖွဲ့မှပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသော ဂီတနှင့်အနုပညာရှင်များက ကဏ္ဍလိုက်ဖျော်ဖြေမည့်အစီအစဉ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၄၄၇)**

5-4-2016 (P-4)popo1.indd 1 4/5/2016 12:35:41 AM

# နည်းပညာအားနည်းမှုနှင့် ဈေးကွက်အခက်အခဲများကြောင့် မန္တလေး စက်မှုဇုန် (၁) နှင့် (၂) တို့မှ စက်မှုလုပ်ငန်း ၂၀ ရာခိုင်နှုန်း ပိတ်သိမ်း

မန္တလေး ဧပြီ ၄

နည်းပညာအားနည်းမှု၊ ဈေးကွက်အခက်အခဲရင်ဆိုင်ရမှုနှင့် အိမ်နီးချင်းနိုင်ငံတို့၏စက်မှုဇုန်ထုတ်ပစ္စည်းများ ဈေးနှုန်းသက်သာမှုကြောင့် မန္တလေးစက်မှုဇုန် (၁) နှင့် (၂) တို့မှ စက်မှုလုပ်ငန်းများအနက် ၂၀ ရာခိုင်နှုန်း ပိတ်သိမ်းသွားကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

ပိတ်သိမ်းခဲ့သည့် စက်မှုလုပ်ငန်းများမှာ အသေးစားနှင့်အလတ်စားသံရည်ကျိုလုပ်ငန်းများဖြစ်ပြီး ဆက်လက်ရပ်တည်လျက်ရှိသည့် လုပ်ငန်းများမှာလည်း ကြိုးစားရပ်တည်နေရကာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းပိတ်သိမ်းမှု တဖြည်းဖြည်းများပြားလာနိုင်ကြောင်း သိရသည်။

ကျန်ရှိနေသည့် စက်မှုလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေးနှင့် စက်မှုဇုန်စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ကာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် လစဉ်သင်တန်းများပေးခြင်း၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် Japan Myanmar Association (JMA)က တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းများကို ပြုလုပ်နေကြောင်း ကော်မတီထံမှ သိရသည်။



၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးအချိန်အထိ မန္တလေးစက်မှုဇုန် (၁) နှင့် (၂) တို့ရှိလုပ်ငန်းများကို မန္တလေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီက ကောက်ယူထားသည့်စာရင်းအရ အကြီးစားစက်မှုလုပ်ငန်းရှင် ၃၉၂ ဦး၊ အလတ်စားစက်မှုလုပ်ငန်းရှင် ၃၁၂ ဦးနှင့် အသေးစားစက်မှုလုပ်ငန်းရှင် ၅၇၆ ဦးတို့ရှိကြောင်း သိရသည်။ (၄၄၇)

# မန္တလေးကျုံးပတ်လည်ရှိ ရေကစားမဏ္ဍပ်များ ယခုနှစ်တွင် ရေပက်ကစားခွင့်လက်မှတ်ဈေးနှုန်းများ မြင့်မားလာ



မန္တလေး ဧပြီ ၄

မန္တလေးမြို့ ကျုံးပတ်လည် သင်္ကြန်ရေကစားမဏ္ဍပ်များ၌ ရေပက်ကစားရန် သင်္ကြန်ရေကစားခွင့်လက်မှတ်များ ရောင်းချရာတွင် ယခင်နှစ်ထက်ဈေးနှုန်းများမြင့်မားသွားကြောင်း သိရသည်။ ယခုနှစ်တွင် ရန်ကုန်မြို့ရှိ စီးပွားဖြစ် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်မရှိခြင်းကြောင့် မန္တလေးမြို့သို့ လာရောက်သူ များပြားလာသည့်အပြင် မဏ္ဍပ်တည်ဆောက်ရာ၌ ငှားရမ်းမှုဈေးနှုန်းများမြင့်တက်ခြင်းကြောင့် ယခုကဲ့သို့ ဈေးမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ အရင်နှစ်တွေကထက် ဆောက်လုပ်တဲ့အလုပ်သမားခ၊ သစ်၊ တခြားအထွေထွေပစ္စည်းတွေ ဝယ်ယူငှားရမ်းတဲ့ဈေးနှုန်းမြင့်တာကြောင့် ရေပက်ကစားခွင့်လက်မှတ်တွေကိုရောင်းချရာမှာ ဈေးနှုန်းတွေက မြင့်သွားရတာပါ။ ဒီနှစ်မှာလည်း အရင်နှစ်တွေကထက် ရာသီဥတုပူပြင်းတာကြောင့်ရယ်၊ မဏ္ဍပ်ကျိုးကျတာမဖြစ်အောင်ရယ် ကြိုတင်ပြင်ဆင်ပြီး ဆောက်လုပ်ထားပါတယ်" ဟု Rave မဏ္ဍပ်တည်ဆောက်နေသည့်ကိုရွှေသွေးကပြောသည်။

မန္တလေးကျုံးပတ်လည်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်အများစုသည် သင်္ကြန်မဏ္ဍပ်ရေကစားခွင့်လက်မှတ်များရောင်းချရာတွင် သင်္ကြန်တွင်း ရက်အပြည့်ကစားခွင့်ကို တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ သတ်မှတ်ရောင်းချပြီး ယခင်က သင်္ကြန်ရက်အပြည့်ကစားခွင့်လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၅၀၀၀ သာရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ်တွင် သင်္ကြန်ရေကစားမဏ္ဍပ်များ၌ ရေကစားခွင့်လက်မှတ်ဈေးနှုန်း မြင့်မားသွားသော်လည်း မဏ္ဍပ်တွင်း အစားအသောက်ကျွေးမွေးမှုများ၊ နေအပူဒဏ်ကို ကာကွယ်မှုများ၊ ဖျော်ဖြေမှုများကို ပိုမိုပြုလုပ်ပေးထားကာ ဝန်ဆောင်မှုများ တိုးမြှင့်ပေးထားကြောင်း သိရသည်။

သီရိ

# ပဲပြားထုတ်လုပ်ရန် ပဲပိစပ်အသုံးပြုမှု တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀ နီးပါးရှိ

ရန်ကုန် ဧပြီ ၄

ပြည်တွင်း၌ ပဲပြားထုတ်လုပ်ရန် ပဲပိစပ်အသုံးပြုမှုမှာ တစ်နှစ်လျှင် တန်ချိန် ၃၅၀၀၀ မှ ၄၀၀၀၀ နီးပါးရှိကြောင်း Winrock International မှ Senior Private Sector Liaison Advisor ကိုငြိမ်းချမ်းက ပြောသည်။

အဆိုပါပမာဏမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ၌ စိုက်ပျိုးမှု၏ ၆၀ ရာခိုင်နှုန်းခန့်အထိရှိနေပြီး မျိုးကောင်းမျိုးသန့်ရရှိရန်နှင့် ပဲအရည်အသွေးမြှင့်တင်ရန် လိုအပ်မှုရှိနေသေးသဖြင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် တောင်သူများ ကိုယ်တိုင်မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်ရန် နည်းပညာများပေးလျက်ရှိကြောင်း သိရသည်။

"မနှစ်ကစပြီး မျိုးကောင်းမျိုးသန့်တွေထုတ်နေတော့ အချင်းချင်းကြားမှာပဲ ပြန်ဖြန့်ဝေနိုင်ပြီး မျိုးဈေးအနေနဲ့ နှစ်ဆခွဲလောက်ပိုတိုးရခဲ့ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ပြည်တွင်း၌ ပဲပိစပ်ကို ပြည်တွင်းစားသုံးမှုနှင့် လတ်ဆတ်သော တိုဟူး(ပဲပြား)အဖြစ် ထုတ်လုပ်နိုင်ရန် စိုက်ပျိုးကြသည့်အပြင် ဆီ၊ တိရစ္ဆာန်အစာ၊ ပြည်တွင်းသရေစာနှင့် စားသောက်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲအသုံးပြုကြကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှထုတ်လုပ်သည့် ရိုးရာတိုဟူး(ပဲပြား)များသည် ပစ္စည်းထုပ်ပိုးမှု၊ ရာသီဥတုပူပြင်းသည့်အချိန်တွင် ပို့ဆောင်မှုအခက်အခဲများကြောင့် အရည်အသွေးပြည့်မီခြင်းမရှိသဖြင့် ဂျပန်တိုဟူးကို ပိုမိုစားသုံးလာကြရာ ပစ္စည်းထုပ်ပိုးမှုနှင့် ဈေးကွက်ခိုင်မာလာစေရန် USAID မှ တောင်သူများအား နည်းပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပိစပ်သည် အရှေ့တောင်အာရှနိုင်ငံများ၌ မူလပေါက်ရောက်သော ပဲမျိုးနွယ်ဖြစ်ပြီး အသားဓာတ်ပေါ်များကြွယ်ဝသည့် အစားအစာဖြစ်သည်သာမက တန်ဖိုးမြင့်ကုန်ချောအမြောက်အမြားထွက်ရှိနိုင်သည့် အလားအလာကောင်းများရှိကြောင်း သိရသည်။

နေနေ

# ဆိုလာစနစ် မီးလင်းရေးစီမံကိန်း ကျေးလက်ဒေသ၌စတင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတွင် အိမ်ထောင်စုပေါင်း ၁၄၀၀၀၀ ကျော်ကို စစ်တမ်းကောက်ယူ

ရန်ကုန် ဧပြီ ၄

ဆိုလာစနစ်အသုံးပြုမည့် ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်နိုင်ရန်ပြင်ဆင်နေပြီး အဆိုပါစီမံကိန်းဆောင်ရွက်နိုင်ရန် လက်ရှိတွင် အိမ်ထောင်စုပေါင်း ၁၄၀၀၀၀ ကျော်ကို စစ်တမ်းကောက်ယူထားကြောင်း ယင်းစီမံကိန်းကို ဦးစီးဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ အိမ်သုံးဆိုလာစနစ်သုံးပစ္စည်းများ အသုံးပြုမှုစာရင်းကောက်ယူမှုကို ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့၌ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့စစ်တမ်းကောက်ယူထားပြီး ယင်းစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်အထိ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်ပြီး စီမံကိန်းကုန်ကျစရိတ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၉၀ ကျော် လျာထားပြီး ၉၀ ရာခိုင်နှုန်းကို အစိုးရက ကျခံမည်ဖြစ်ကာ ကျန် ၁၀ ရာခိုင်နှုန်းကို ကျေးလက်နေပြည်သူများက ပူးပေါင်းထည့်ဝင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ မဟာဓာတ်အားလိုင်းစနစ်တွင် ပါဝင်ခြင်းမရှိဘဲ ပြင်ပစီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ရာ စီမံကိန်းဆောင်ရွက်နိုင်ရန် စစ်တမ်းကောက်ယူမှုမှာ ဧပြီလအတွင်း ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အား ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၈၁၂၁ မဂ္ဂါဝပ်၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ်အထိ လိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသမီးလင်းရေးစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျေးလက်ဒေသမီးလင်းရေး ရရှိရန် ၃၆ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးကြောင်း သိရသည်။

(၄၄၃)

# ကော်ဖီမစ်တွင်ပါဝင်သောပစ္စည်းများကို နိုင်ငံတကာ ဓာတ်ခွဲခန်းများသို့ ပို့ဆောင်စစ်ဆေးမည်

ရန်ကုန် မေ ၄

သံသယဖြစ်ဖွယ်ရှိနေသော ကော်ဖီမစ်စက်ရုံများမှ ကုန်ကြမ်းပစ္စည်းများနှင့် ၎င်းတို့၏ထုတ်ကုန်များကို နိုင်ငံတကာဓာတ်ခွဲခန်းများသို့ ပို့ဆောင်စစ်ဆေးတော့မည်ဖြစ်သဖြင့် အရောအနှောပါဝင်သည့်ကော်ဖီမစ်များစစ်ဆေးမှုရလဒ်ထုတ်ပြန်မည့်အချိန်ကို နှစ်လခန့် ရွှေ့ဆိုင်းလိုက်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ သိရသည်။

ကော်ဖီစက်ရုံများမှ အုန်းမှုတ်ခွံနှင့် မန်ကျည်းစေ့များကို အမှုန့်ကြိတ်ထည့်သွင်း၍ ဈေးကွက်တွင်ရောင်းချနေသည်ဟူသော သတင်းများထွက်ပေါ်ခြင်းကြောင့် ဖေဖော်ဝါရီလကုန်ခန့်က သံသယရှိစက်ရုံများကို စစ်ဆေးခဲ့ကြောင်း၊ ယင်းတို့ကို မူလက မတ်လတွင် ထုတ်ပြန်မည်ဟု ကြေညာထားသော်လည်း FDA ၏ ဓာတ်ခွဲခန်းများသည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်မရရှိသေး၍ နိုင်ငံတကာရှိ ဓာတ်ခွဲခန်းများသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးမည်ဖြစ်၍ ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ FDA ဓာတ်ခွဲခန်းများသည် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းမဟုတ်၍ အရောအနှောပါဝင်သည့်ကော်ဖီမစ်များကို ကြေညာသည့်အခါ လုပ်ငန်းရှင်များအား အထောက်အထားအခိုင်အမာပြနိုင်ရန် ပြည်ပနိုင်ငံရှိဓာတ်ခွဲခန်း၌ အဆိုပါကုန်ကြမ်းများကို စစ်ဆေးမည်ဖြစ်ကြောင်း FDA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကော်ဖီမစ်များ ထုတ်လုပ်ရာတွင် အရောအနှောပါဝင်သည်ဟု မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းက ထုတ်ဖော်ပြောကြားခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကော်ဖီမစ်ထုတ်လုပ်သည့် ကုမ္ပဏီများအား လိုက်လံစစ်ဆေးခဲ့သည်။ နိုင်ငံတကာဓာတ်ခွဲခန်းများသို့ ပို့ဆောင်စစ်ဆေးမှုမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး မေလကုန်တွင် ထုတ်ပြန်နိုင်မည်ဟု ခန့်မှန်းထားပြီး ကော်ဖီမှုန့်အစစ်အစား တခြားပစ္စည်းများအရောအနှောအသုံးပြုသည့်စက်ရုံများ တွေ့ရှိပါက ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

(၄၄၇)

# ကချင်ပြည်နယ် ပူတာအို၌ ငှက်မျိုးစိတ်တစ်မျိုး တွေ့ရှိခဲ့ပြီး မျိုးစိတ်သစ်ဖြစ်နိုင်ခြေ ရှိ မရှိ ယူနက်စကိုသို့ ပေးပို့စစ်ဆေးသွားမည်



ပူတာအို မေ ၄

မြန်မာနိုင်ငံမြောက်ဖျား တောင်ပေါ်ဆက်စပ်သစ်တောဒေသကို လေ့လာမှုများပြုလုပ်ရာတွင် ကချင်ပြည်နယ် ပူတာအို၌ ငှက်မျိုးစိတ်တစ်မျိုးတွေ့ရှိခဲ့ပြီး မျိုးစိတ်သစ်ဖြစ်နိုင်ခြေ ရှိ၊ မရှိကို ယူနက်စကိုသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမြောက်ဖျား တောင်ပေါ်ဆက်စပ်သစ်တောဒေသကို ကမ္ဘာ့အမွေအနှစ်ဥယျာဉ်အဖြစ် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ဂေဟစနစ်တန်ဖိုးများ၊ ဇီဝမျိုးစုံမျိုးကွဲများ လေ့လာဖော်ထုတ်ရန် ခါကာဘိုရာဇီ (တောင်ပိုင်းတိုးချဲ့) နှင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများသို့ ကွင်းဆင်းကြည့်ရှုခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မျိုးစိတ်အတိအကျခွဲခြားနိုင်ခြင်းမရှိသော မျိုးစိတ်အသစ်ဖြစ်နိုင်၍ ယူနက်စကိုသို့ ပေးပို့ကာ မျိုးခွဲဆန်းစစ်မှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသစ်တောဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လေ့လာတွေ့ရှိခဲ့သည့် ငှက်မျိုးစိတ် ၈၆ မျိုး၊ လင်းနို့မျိုးစိတ် ၃၂ မျိုး၊ ကြွက်မျိုးစိတ် ၂၀ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါမျိုးစိတ်ခုနစ်မျိုးတို့၏ နမူနာများကိုလည်း ယူနက်စကိုအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်သည်။

ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ်အသစ်တွေ့ရှိမှု များပြားလာပြီး ၂၀၁၅ ခုနှစ်ကလည်း ငှက်မျိုးစိတ်အသစ် ၂၆ မျိုးတွေ့ရှိခဲ့ကာ ယင်း ၂၆ မျိုးအနက် ခုနစ်မျိုးသည် မြန်မာနိုင်ငံ၌သာမက အရှေ့တောင်အာရှ၌ပါ လုံးဝမှတ်တမ်းမတင်ရသေးသည့် ငှက်မျိုးစိတ်ဖြစ်ပြီး ကျန် ၁၉ မျိုးသည် မြန်မာနိုင်ငံ၌ လုံးဝမှတ်တမ်းမတင်ရသေးသည့် ငှက်မျိုးစိတ်များဖြစ်ကြောင်း သိရသည်။

(၄၄၇)

# ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေထွက်ကုန်ပစ္စည်း ၅၀ ရာခိုင်နှုန်း ဝယ်ယူ၍ ပြည်တွင်းရှိ အအေးခန်းစက်ရုံများလည်ပတ်မည်

ရန်ကုန် မေ ၄

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေထွက်ကုန်ပစ္စည်း ၅၀ ရာခိုင်နှုန်းဝယ်ယူကာ ပြည်တွင်းရှိ အအေးခန်းစက်ရုံများကိုလည်ပတ်ကာထွက်ရှိလာသည့် ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းက ပြောသည်။

ယခင်က ပြည်တွင်းရှိ အအေးခန်းစက်ရုံလုပ်ငန်းများတွင် ပြည်ပမှ ရေထွက်ပစ္စည်းကုန်ကြမ်းများကို လက်ခစားစနစ်ဖြင့် ကုန်ချောပြုပြင်ထုတ်လုပ်ပေးခဲ့သော်လည်း ယခုအခါ ပြည်ပမှသီးသန့်ဝယ်ယူ၍ ကုန်ချောအဖြစ်ထုတ်လုပ်ကာ ပြည်ပသို့ပြန်လည်တင်ပို့ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

"ရေထွက်ကုန်ပစ္စည်းတွေကို ပြည်ပကနေ ၅၀ ရာခိုင်နှုန်းဝယ်ယူတယ်ဆိုတာက ပြည်တွင်းအအေးခန်းစက်ရုံတွေနဲ့ ထုတ်လုပ်မှုပမာဏ ၅၀ ရာခိုင်နှုန်းကို ဝယ်ယူတာပါ။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ ပြည်တွင်းထုတ်ကုန်တွေကိုပဲ အသုံးပြုသွားမှာပါ။ အဲဒီကထွက်ရှိလာတဲ့ ကုန်ပစ္စည်းတွေကို ဥရောပဈေးကွက်ကို တင်ပို့ရောင်းချသွားမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

အအေးခန်းစက်ရုံလုပ်ငန်းများအနေဖြင့် လက်ခစားစနစ်ဖြင့် လုပ်ကိုင်ခြင်းထက် ယခုကဲ့သို့ ကုန်ကြမ်းများကို ဝယ်ယူလုပ်ကိုင်ခြင်းကြောင့် ပုံမှန်အမြတ်အစွန်းရရှိမှုထက် ၄၀ ရာခိုင်နှုန်းခန့် ပိုမိုရရှိကြောင်း အအေးခန်းစက်ရုံလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"လက်ခစားစနစ်က အမြတ်အစွန်းသိပ်ပြီးတော့မကျန်ဘူး။ ဒီလိုဝယ်ပြီး ကုန်ချောလုပ်တာက ပိုပြီးတွက်ခြေကိုက်တယ်။ အခုမှစပြီးလုပ်တာဆိုတော့ စာချုပ်နဲ့ဝယ်လို့မရဘူး။ နောက်နှစ်လလောက်ဆိုရင်တော့ စာချုပ်နဲ့ကုန်ကြမ်းဝယ်လို့ရပြီ" ဟု ၎င်းကသုံးသပ်ပြောသည်။ **ထက်နေ**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ အကြီးစားနှင့်အလတ်စား ပြင်ဆင်ခြင်းများ ဆောင်ရွက်သွားမည်

ရန်ကုန် မေ ၄

လမ်းတည်ဆောက်မှုတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ အားနည်းချက်များရှိနေပြီး ခရီးသွားပြည်သူများအား အန္တရာယ်ကင်းစင်နိုင်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ အကြီးစားနှင့်အလတ်စား ပြင်ဆင်ခြင်းများ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အမြန်လမ်းမကြီး၏ ၆ ရာခိုင်နှုန်းခန့်ကို အကြီးစားပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ၁၆ ရာခိုင်နှုန်းခန့်ကို အလတ်စားပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်သွားရန်စီစဉ်ထားကြောင်း၊ ထိုအမြန်လမ်း၏ ကျန် ၇၅ ရာခိုင်နှုန်းကျော် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်းလေ့လာစစ်ဆေးတွေ့ရှိချက်အရ လက်ခံနိုင်သောအနေအထားတွင်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းနှင်သူများအတွက် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် လမ်းအနေအထားတိုးတက်ကောင်းမွန်စေရန် ယာဉ်မတော်တဆမှုအဖြစ်များသော လမ်းနေရာ ၄၈ နေရာခန့်ကို ဖော်ထုတ်ထားပြီး လမ်းပိုင်းပြုပြင်မှုနှင့် လမ်းချဲ့ထွင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို ၄၈ နေရာကို ပြုပြင်မွမ်းမံခြင်းဖြင့် ယာဉ်မတော်တဆမှုများ အဖြစ်နည်းသွားမည်ဟု မျှော်မှန်းထားပြီး ပြုပြင်မှုများအတွက် ကုန်ကျစရိတ်မှာလည်း သက်ဆိုင်ရာဌာနတွင်းအသုံးစရိတ်မှ အကုန်အကျခံနိုင်မည့်အနေအထားတွင်ရှိကြောင်း သိရသည်။

ထို့ပြင် အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု အဖြစ်များတတ်သော ရက်၊ လများကိုလည်း ပြန်လည်စိစစ်သုံးသပ်ပြီး လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။**ဆောင်းဦး**

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၂˚C |
| အောင်လံ | ၄၂˚C |
| ဘော်လခဲ | ၄၂˚C |
| ရမည်းသင်း | ၄၁˚C |
| မကွေး | ၄၁˚C |
| သာယာဝတီ | ၄၁˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၃၁ |
| ရှမ်း(မြောက်) | ၁၆ | ၃၂ |
| ရှမ်း(အရှေ့) | ၁၆ | ၃၁ |
| ရှမ်း(တောင်) | ၁၆ | ၃၄ |
| ချင်း | ၁၅ | ၂၈ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၇ |
| နေပြည်တော် | ၂၂ | ၃၈ |
| မန္တလေး | ၂၆ | ၃၉ |
| မကွေး | ၂၃ | ၄၀ |
| ရခိုင် | ၂၂ | ၃၄ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၃ | ၃၉ |
| ဧရာဝတီ | ၂၂ | ၃၉ |
| ကယား | ၂၂ | ၃၉ |
| ကရင် | ၂၃ | ၃၉ |
| မွန် | ၂၄ | ၃၉ |
| တနင်္သာရီ | ၂၃ | ၃၈ |

# ဓမ္မစကူးသင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲ ကျင်းပ

ဆိပ်ဖြူ ဧပြီ ၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မစကူးသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ၄က်ပြာကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးစန္ဒက ငါးပါးသီလ ချီးမြှင့်ပေးတော်မူသည်။ ထို့နောက် မကျီးစုဆရာတော် ဦးပဏ္ဍိတနှင့် ပြည်ပသာသနာပြုဆရာတော် ဦးသောဘိတ(သီရိလင်္ကာ)တို့က အနုမောဒနာတရားမြွက်ကြားပေးတော်မူပြီး ဓမ္မစကူးနည်းပြဆရာ ဦးညိုဝင်းက သင်တန်းပို့ချသင်ကြားမှုအကြောင်း အရာများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် အလှူရှင်များနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများကို ကျေးရွာတာဝန်ရှိသူများနှင့်ဓမ္မစကူးကော်မတီမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မစကူးသင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ **စိုးလင်းနိုင်**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများအား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း



ကျောက်ပန်းတောင်း ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက်ခြမ်းရှိ ဒီးဒုတ်ကုန်းကျေးရွာအုပ်စုတွင် ကျေးရွာနေပြည်သူများသောက်သုံးရေ ခက်ခဲပြတ်လပ်မှုဖြစ်ပေါ်နေသဖြင့် အယ်လ်နီညိုရာသီအကျိုးသက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များနှင့် ပရဟိတကွန်ရက်မှ လူငယ်များပူးပေါင်း၍ ရေသယ်ယာဉ် သုံးစီးဖြင့် ယမန်နေ့ မွန်းလွဲ ၁ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် အယ်လ်နီညိုရာသီအကျိုးသက်ရောက်မှုများ တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် ကျောက်ပန်းတောင်းမြို့နယ် ပရဟိတကွန်ရက်အဖွဲ့မှ ဦးဌေးအောင်နှင့်အဖွဲ့ဝင်တို့က ဂါလန် ၄၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် ဂါလန် ၇၀၀ ဆံ့ရေသယ်ယာဉ်တစ်စီး စုစုပေါင်းရေသယ်ယာဉ်သုံးစီးဖြင့် ကျောက်ပန်းတောင်းမြို့မှ ၃၃ မိုင်ကွာဝေးသော ဒီးဒုတ်ကုန်းကျေးရွာအုပ်စု သီးကုန်း(အရှေ့)ကျေးရွာ၊ သုံးအိမ်ကုန်းကျေးရွာနှင့် ချောင်းခြားစုကျေးရွာတို့သို့ သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သီးကုန်း(အရှေ့)ကျေးရွာ၌ အိမ်ခြေ ၂၁၂ အိမ်၊ လူဦးရေ ၁၃၂၅ ဦး၊ သုံးအိမ်ကုန်းကျေးရွာ၌ အိမ်ခြေ ၂၃၇ အိမ်၊ လူဦးရေ ၁၁၈၈ ဦး၊ ချောင်းခြားစုကျေးရွာ၌ အိမ်ခြေ ၁၃၂ အိမ်နှင့် လူဦးရေ ၆၅၉ ဦးနေထိုင်ကြပြီး ကျေးရွာတိုင်းတွင် အဝီစိစက်ရေတွင်းများ တူးဖော်ထားရှိပြီးဖြစ်သော်လည်း သုံးရေအတွက်သာ လုံလောက်အောင်ရရှိနိုင်ပြီး သောက်ရေအတွက်မှာမူ အငန်ဓာတ်များနေသည့်အတွက် သောက်ရေလိုအပ်မှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသဖြင့် အယ်လ်နီညိုရာသီအကျိုးသက်ရောက်မှုများ တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီနှင့် လူမှုကွန်ရက်အဖွဲ့ဝင်လူငယ်များက သွားရောက် ဖြန့်ဝေလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## သဇင်(FM)အသံလွှင့် အစီအစဉ်

၅-၄-၂၀၁၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review |
| ၂။ | ၀၈း၀၀ | ပျော်ရွှင်ရင်ခုန် စားဖွယ်စုံ |
| ၃။ | ၁၁း၀၀ | Album Choice |
| ၄။ | ၁၂း၁၅ | Listener's Choice |
| ၅။ | ၁၃း၀၀ | သဇင် FMမင်္ဂလာပါ |
| ၆။ | ၁၄း၃၀ | သင့်ရွေးချယ်မှုပြောတဲ့ သင့်အကြောင်း |

# ချမ်းအေးသာစံမြို့နယ်၌ ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

မန္တလေး ဧပြီ ၄

ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြား ရန်မျိုးလုံရပ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ပိတောက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ(မန္တလေး)နှင့် အမှုဆောင်များ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကျောက်ကပ်ရောဂါအထူးကုဌာနမှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ၊ ပုဂ္ဂလိကဆေးရုံများမှ ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့ဆေးခန်းများမှ ဆရာဝန်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကျောက်ကပ်ရောဂါအထူးကုဌာနပါမောက္ခဌာနမှူးက ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်က သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများကြောင့် နောက်ဆက်တွဲကျောက်ကပ်ပျက်စီးမှုများ၊ ကာကွယ်ကုသနည်းများကိုလည်းကောင်း၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်တင်ထားဆွေက လူ့ခန္ဓာကိုယ်တွင် အရေးကြီးအင်္ဂါအစိတ်အပိုင်းဖြစ်သော ကျောက်ကပ်၏ဆောင်ရွက်ချက်များနှင့်ကျောက်ကပ်ရောဂါဖြစ်ပွားမှုကာကွယ်ရန်တို့ကိုလည်းကောင်း ရှင်းလင်းဟောပြောပြီးတက်ရောက်လာကြသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ကမ္ဘာ့ကျောက်ကပ်နေ့အထိမ်းအမှတ်အဖြစ် တက်ရောက်လာသူများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါများရှိ၊ မရှိ သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများ အခမဲ့ဆောင်ရွက်ပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။**သီဟကိုကို(မန္တလေး)**

# ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြော

နေပြည်တော် ဧပြီ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ အိုဘီမင်ကိုယ်ဝန်ဆောင်အားဆေး၏စီစဉ်မှုဖြင့် ယမန်နေ့ နံနက် ၉ နာရီက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုယုနိုင်က "ကျန်းမာလှပမိခင်နှင့်ရင်သွေးတို့ဘဝ"ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များက သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက အသေးစိတ်ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် အိုဘီမင်ကိုယ်ဝန်ဆောင်အားဆေးကုမ္ပဏီမှ ဒေါက်တာကျော်မျိုးထက်က အိုဘီမင်ကိုယ်ဝန်ဆောင်အားဆေးအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များအားလက်ဆောင်ပစ္စည်းများကို မဲဖောက်ပေးသည်။

အဆိုပါဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင် ၆၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

# တတိယမြောက် ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းကျော်ပြီးစီး



ကလေးဝ ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရေဦး-ကလေးဝလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၀၅/၄)တွင် တည်ဆောက်လျက်ရှိသော တတိယမြောက် ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)မှာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အလျား ၈၅၄ ဒသမ ၈၈ မီတာ၊ အကျယ် ၁၀ ဒသမ ၂ မီတာရှိပြီး သံမဏိသံပေါင်တပ် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ၇၅ တန်ခံနိုင်ဝန်အား ရှိမည်ဖြစ်သည်။ တံတားကို စစ်ကိုင်းတိုင်းဒေသကြီး တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

"မုံရွာ-ယာကြီး-ကလေးဝလမ်းက မိုးရာသီဆို လမ်းကြောင်းမကောင်းတာတွေရှိတဲ့အတွက် နွေနဲ့ဆောင်းရာသီမှာပဲ သွားလာလို့ကောင်းတယ်။ ဒီတံတားကြီးပြီးစီးရင် တမူးမြို့က ကလေးဝ-သက္ကယ်ကျင်းလမ်းကနေ မဟာမြိုင်ကိုဖြတ်ပြီး တန့်ဆည်-ရေဦး-ခင်ဦး-ရွှေဘိုမြို့ကနေ မန္တလေးမြို့အထိ တိုက်ရိုက်သွားလို့ရတယ်။ ရာသီမရွေးလည်း သွားလို့ရမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းကနေ အထက်ပိုင်းဒေသတွေပါ ဒီတံတားကြီးကို အသုံးပြုပြီး ကုန်စည်တွေ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွေမှာ အများကြီးအသုံးဝင်မှာပါ။ အိန္ဒိယနိုင်ငံက ကုန်ပစ္စည်းတွေကို တမူးမြို့ကနေ မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့အထိ တိုက်ရိုက်စီးဆင်းနိုင်မှာပါ"ဟု ချင်းတွင်းတံတား(ကလေးဝ)စီမံကိန်း တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားကြီးကို နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၉၂၅ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တံတားကြီးတည်ဆောက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **(၆၁၁)**



# သက်ကြီးရှေ့နေများပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

**တောင်ကြီး ဧပြီ ၄**

ရှမ်းပြည်နယ် ရှေ့နေများအသင်း၏ တတိယအကြိမ်မြောက် သက်ကြီးရှေ့နေများ ပူဇော်ကန်တော့ပွဲနှင့် ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ နဝရတ်ခန်းမ၌ကျင်းပကြောင်း သိရသည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ်ရှေ့နေများအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သက်ကြီးရှေ့နေများအား ပူဇော်ကန်တော့ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ရှေ့နေများ အသင်း၏သဘာပတိဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးသိန်းရွှေက ရှမ်းပြည်နယ်ရှေ့နေများ အသင်းအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုပေးရန် အစည်းအဝေးတက်ရောက်လာသူများထဲမှ တာဝန်ရှိသူတို့က အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းများ ဆောင်ရွက်၍ ဘဏ္ဍာရေးနှစ်ပတ်လည် အစီရင်ခံစာကို စာရင်းစစ် ဦးရဲမြင့်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးအစီရင်ခံစာအတည်ပြုပေးရန် အစည်းအဝေးတက်ရောက်လာသူများထဲမှ တာဝန်ရှိသူတို့က အဆိုတင်သွင်းခြင်းနှင့် ထောက်ခံအတည်ပြုခြင်းများ ဆောင်ရွက်ကြရာ သဘာပတိက ကန့်ကွက်ရန် ရှိ၊ မရှိမေးမြန်းအတည်ပြုကြေညာသည်။

ယင်းနောက် ရှမ်းပြည်နယ်ရှေ့နေများ အသင်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက်ထားခြင်းများကို တွဲဖက်အတွင်းရေးမှူးများက ဖတ်ကြားတင်ပြပြီး တက်ရောက်လာသူထဲမှ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(၄၀၅)**

# ပိတောက်ဝါ မြန်မာ့ပန်း

➢ ရွက်ဝါကြွေ နွေအဦး
နှစ်သစ်ကူးတဲ့ လတန်ခူးမို့
ပုရစ်ဖူးတို့ ကိုက်ညွန့်စီ။
နွေပလီ သည်ကာလမှာ
ချစ်ရသူ မောင့်သက်မျှနဲ့
နှစ်ဦးတေးသီ။

➢ ချိုမြသည် ချစ်ကြည်နူးစရာမို့
ပိတောက်ဝါ ရွှေရည်ဖူးတို့က
လူးလွန့်လွန့် စီရရီ။
ချစ်သူဆီ ဆွတ်ချူသချင်ရဲ့
မယ်နဲ့မောင် သင်္ကြန်ပွဲမှာ
နွဲစို့တူညီ။

➢ ပျော်ကြမည် သည်ရေပွဲ
တူယှဉ်နွဲ တူးပို့သီ
ဖော်စုံညီ ပျော်ရွှင်ရေး။
ရွှေဝါရောင် ထိန်ထိန်တောက်ပါတဲ့
"ပိတောက်ဝါ မြန်မာ့ပန်း"တွေနဲ့
မြန်းဆင်စို့လေး။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

# ကလေးမြို့ တိုင်းရင်းဆေးရုံပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး



**ကလေး ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ တောင်ဖီလာရပ်ကွက်၌ အလျား ၁၂၄ ပေ၊အနံ ၆၄ ပေရှိ အာရ်စီတစ်ထပ် ပင်မဆောင်၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ လေးခန်းတွဲ လေးထပ်အာရ်စီ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်မှုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပင်မအဆောက်အအုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ သန်းဖြင့် မန်းမျိုးဆက်သစ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံကို ဘုန်းမြတ်ဖြိုးကုမ္ပဏီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၇၇ ဒသမ ၆၄ သန်းဖြင့် ဆောက်လုပ်ခြင်း ဖြစ်သည်။

ကလေးမြို့တွင် ယခင်ကခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန နှစ်ခုသာရှိသည်။ ယခုဆောက်လုပ်သည့်၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့်ဝန်ထမ်းအိမ်ရာကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောက်လုပ်ပြီးစီးပြီဖြစ်သောကြောင့် ကလေးခရိုင်နှင့် တမူးခရိုင်သာမက မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ် ဖလမ်းခရိုင်တို့တွင်ရှိကြသည့် ပြည်သူများ၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ကုသနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# သင်္ကြန်ကာလအတွင်း လားရှိုးမြို့ရှိ ရုပ်ရှင်ရုံများ ပြသမှုခေတ္တရပ်နားမည်



**လားရှိုး ဧပြီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရုပ်ရှင်ရုံများ သင်္ကြန်ကာလတွင် ရုပ်ရှင်ပြသမှု ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သီတာအေးအဆင့်မြင့်ရုပ်ရှင်ရုံ မန်နေဂျာထံမှ သိရသည်။

"ကျွန်တော်တို့ ရုပ်ရှင်ရုံတွေ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ခေတ္တပိတ်ထားမှာပါ။ နှစ်ဆန်းတစ်ရက်နေ့ကျရင်တော့ ပုံမှန်အတိုင်းပြန်လည်ပြသသွားမှာပါ။ နောက်ပြီးရုံကိုလည်း သန့်ရှင်းရေးလုပ်တာတို့၊ ပြုပြင်တာတို့လည်း လုပ်ရမှာဖြစ်လို့ သင်္ကြန်ကာလမှာ ပြသမှုခေတ္တရပ်နားတာပါ"ဟု သီတာအေးအဆင့်မြင့်ရုပ်ရှင်ရုံ မန်နေဂျာက ပြောသည်။

လားရှိုးမြို့၌ပြသလျက်ရှိသော သီတာအေး၊ သိန်းထိုက်အောင်နှင့် အောင်သီရိရုပ်ရှင်ရုံတို့သည် သင်္ကြန်အကြိုနေ့ (ဧပြီ ၁၂ ရက်)မှ သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်)အထိ ရုပ်ရှင်ပြသမှုကို ခေတ္တရပ်နားထားကာ ရုံများတွင် သန့်ရှင်းရေးနှင့် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)မှစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလမတိုင်မီရက်များတွင် နေ့စဉ်မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ည ၇ နာရီတွင် တစ်ကြိမ် ပြသလျက်ရှိကြောင်း သိရသည်။

**(၄၀၄)**

# မင်းပြားမြို့ရှိ ဆန်စပါးကုန်စည်ဒိုင်အား တောင်သူများစိတ်ဝင်စားမှု နည်းပါး

**မင်းပြား ဧပြီ ၄**

ရခိုင်ပြည်နယ် မင်းပြားမြို့၌ ဒေသခံတောင်သူများအတွက် အဆင်ပြေစွာဆန်စပါးရောင်းချနိုင်ရန် ဆန်စပါးကုန်စည်ဒိုင်ကို မတ်လဆန်းပိုင်းတွင် စတင်ဖွင့်လှစ်ထားသော်လည်း တောင်သူများက စိတ်ဝင်စားမှုနည်းပါးနေကြောင်းသိရသည်။

"တစ်ရက်နေလို့ တောင်သူတစ်ယောက်မရောက်လာပါဘူး။ မူလရောင်းဝယ်တဲ့ပုံစံအတိုင်းပဲ ဆန်စက်တွေမှာ သွားရောင်းကြတာတွေ့ရတယ်။ ဒီမှာတော့ အသစ်အဆန်းမို့ တောင်သူတွေအနေနဲ့ ဆန်စပါးကုန်စည်ဒိုင်ရဲ့သဘောသဘာဝကို မသိနားမလည်တာကြောင့်ဖြစ်ပါတယ်"ဟု မင်းပြားမြို့မ ဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

အဆိုပါဆန်စပါးကုန်စည်ဒိုင်ကို မင်းပြားမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းက ကုန်စည်ဒိုင်သို့ လာရောက်ရောင်းချသောတောင်သူများ မြို့နယ်အတွင်း ရသင့်ရထိုက်သောဈေးနှုန်းကို ရရှိစေခြင်း၊ လေလံစနစ်ဖြင့် ဈေးခေါ်ရောင်းချနိုင်ခြင်း၊ ဆန်စပါးနမူနာကိုတင်ပြ၍ ရောင်းချနိုင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တော့ တစ်ခါမှ ကုန်စည်ဒိုင်မှာ သွားမရောင်းဖူးဘူး။ ဆန်စပါးနမူနာပြပြီးလာရောင်းလို့အဆင်ပြေတယ်။ နောက်ပြီးငွေလည်း ချက်ချင်းရမယ်လို့သိရတယ်။ ကျွန်တော်တို့အနေနဲ့ ရွာကိုလာဝယ်ကြတဲ့ကုန်သည်တွေကို ရောင်းကြတာများတယ်။ ဒါပေမဲ့ ငွေမမှန်တာနဲ့ အလေးချိန်မမှန်တာတွေကြောင့် စကားပြောရတယ်"ဟု မင်းပြားမြို့နယ် ခေါင်းလောင်းချောင်းကျေးရွာမှ တောင်သူ ဦးမောင်ထွန်းချေကပြောသည်။

ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးနှင့်မင်းပြားမြို့နယ်တို့သည် ဆန်စပါး အဓိကထွက်ရာနေရာများဖြစ်ပြီး ဒေသခံတောင်သူများအနေဖြင့် ဆန်စပါးများရောင်းချကြရာတွင် ကျေးရွာများသို့ လာရောက်ဝယ်ယူကြသည့် တစ်ဆင့်ခံဆန်စပါးကုန်သည်ပွဲစားများကို ရောင်းချလျက်ရှိရာ ဈေးနှုန်းမှန်မရရှိခြင်း၊ အလေးချိန်မမှန်ခြင်းနှင့် ငွေကြေးလိမ်လည်မှုများ ကြုံတွေ့ကြရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**အမ်အမ်ကေ**

# ဆီထွက်သီးနှံ တိုးချဲ့ရန်

**မြန်မာနိုင်ငံတွင် ရေမြေရာသီဥတုအခြေအနေအရ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်း၊ ဆူးပန်းစသော ဆီထွက်သီးနှံများကို စိုက်ပျိုးနေသည်။ ထို့ပြင် ဆန်ဖွဲနု၊ ပြောင်းဖူးစေ့၊ ဝါစေ့၊ ပဲပုပ်စေ့ စသည့်သီးနှံများမှလည်း ဆီထုတ်ယူနိုင်သည်။ သို့ရာတွင် နှစ်စဉ်နီးပါး ပြည်ပမှစားသုံးဆီကို ။။။။။**

သတ္တဝါများ လှုပ်ရှားနိုင်ရန် ခွန်အား (ENERGY)လိုအပ်သည်။ ထိုခွန်အားကို အဆီနှင့် ဆီ (FAT & OIL)တို့မှရရှိသည်။ ထိုအဆီနှင့်ဆီတို့ကို အစားအစာမှရရှိသည်။ အဆီနှင့်ဆီတို့သည် သတ္တဝါများအတွက် မရှိမဖြစ်လိုအပ်သည်။ သို့ရာတွင် လိုသည်ထက် ပို၍နေလျှင်လည်း ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လူတို့သည် အသား၊ ငါး၊ နို့၊ ဥ၊ အသီးအရွက်တို့ကို ဆီနှင့် ကြော်လှော် ချက်ပြုတ်၍ စားသုံးကြသည်။ အသား၊ ငါး၊ နို့၊ ဥ၊ အသီးအရွက်တို့တွင်လည်း အဆီဖြစ်စေတတ်သောဓာတ်များ ပါဝင်ပြီးဖြစ်သည်။

မြန်မာလူမျိုးတို့၏ ဆီစားသုံးမှုကို ကြည့်လျှင် ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှ လူတစ်ဦး၏ ဆီစားသုံးမှုမှာ ၂ ပိဿာနှင့် ၁၅ ကျပ်သားရှိရာမှ ၁၉၇၄-၁၉၇၅ ခုနှစ်မှ ၁၉၇၈-၁၉၇၉ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှ ၃ ပိဿာနှင့် ၇ ကျပ်သား ဖြစ်လာသည်။ ကျန်းမာရေးအရ လူတစ်ဦး တစ်နှစ်ပျမ်းမျှ စားသုံးနိုင်သောဆီမှာ ၅ ပိဿာနှင့် ၄၈ ကျပ်သားဟု သိရသည်။ တစ်နည်းအားဖြင့် တစ်ရက်လျှင် လူတစ်ဦး ဆီ ၁ ဒသမ ၅ကျပ်သား(ထမင်းစားဇွန်း သုံးဇွန်းခန့်)ရှိသည်။ (၁-၃ နှစ်သားကလေး ၁ ဒသမ ၂၅ ကျပ်သား၊ ၄-၆ နှစ်ကလေးနှင့် အမျိုးသမီးများ ၁ ဒသမ ၅ ကျပ်သား၊ ခုနစ်နှစ်နှင့်အထက်ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်အမျိုးသမီး ၂ ကျပ်သားရှိသည်။)

မြန်မာနိုင်ငံတွင် ရေမြေရာသီဥတုအခြေအနေအရ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်း၊ ဆူးပန်းစသော ဆီထွက်သီးနှံများကို စိုက်ပျိုးနေသည်။ ထို့ပြင် ဆန်ဖွဲနု၊ ပြောင်းဖူးစေ့၊ ဝါစေ့၊ ပဲပုပ်စေ့ စသည့်သီးနှံများမှလည်း ဆီထုတ်ယူနိုင်သည်။ သို့ရာတွင် နှစ်စဉ်နီးပါး ပြည်ပမှစားသုံးဆီကို ယနေ့တိုင် တင်သွင်းနေရဆဲဖြစ်သည်။ ဆီတင်သွင်းမှုကိုကြည့်ပါက ၁၉၄၆-၁၉၄၇ ခုနှစ်မှ ၁၉၆၀-၁၉၆၁ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှ တန်ချိန် ၁၇၈၄၉ ဒသမ ၆၇(ပိဿာချိန် ၁၀၉ သိန်းကျော်)၊ ၁၉၆၁-၁၉၆၂ ခုနှစ်မှ ၁၉၇၈-၁၉၇၉ ခုနှစ်အထိ တစ်နှစ်ပျမ်းမျှ တန်ချိန် ၉၃၄၁၅ ဒသမ ၆ (ပိဿာချိန် သိန်း ၅၇၀ ကျော်)ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ၃၂ နှစ်အတွင်း နှစ်စဉ် ဆီပိဿာချိန် သိန်းပေါင်း ၃၃၉ ဒသမ ၅ ခန့်ကို တင်သွင်းခဲ့ရသည်။ ထိုဆီပမာဏသည် မြေပဲကို တိုးချဲ့စိုက်ပျိုးလျှင် ဧရိယာ ဧက ၄၈၅၀၀၀ ခန့်၊ နှမ်းကို တိုးချဲ့စိုက်ပျိုးလျှင် ဧရိယာ ၁၃၀၅၇၆၉ ဧကခန့်ရှိမည်ဖြစ်သည်။

မိမိတို့၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ ဆီထွက်သီးနှံစိုက်ပျိုးရန် ရွေးချယ်သည့်အခါ တစ်ရာသီအတွင်း ဆီထွက်အများဆုံးရရှိမည့် သီးနှံမျိုး၊ တစ်နှစ်တည်းတွင် နှစ်သီးသုံးသီး စားရမည့် သီးနှံမျိုး၊ မိမိလုပ်အားဖြင့် နိုင်နင်းနိုင်မည့် သီးနှံမျိုးတို့ကို အထူးသတိထားသင့်သည်။ တစ်နိုင်ငံလုံး တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ မိုးမြေပဲ တင်း ၃၀၊ ဆောင်းမြေပဲ တင်း ၅၀၊ နှမ်း လေးတင်း၊ နေကြာ ၁၇ တင်း၊ ပန်းနှမ်း ခြောက်တင်း၊ မုန်ညင်း ခုနစ်တင်း၊ ဆူးပန်း ရှစ်တင်းတို့ဖြစ်သည်။ အထက်ပါ အထွက်နှုန်းများအရ တစ်ဧကမှ ရရှိနိုင်သော ဆီပိဿာချိန်မှာ မျိုးချန်ပြီး မိုးမြေပဲမှ ၄၁ ၊ ဆောင်းမြေပဲမှ ၆၉ ၊ နှမ်း ၂၆၊ နေကြာ ၄၂၊ ပန်းနှမ်း ၁၈၊ မုန်ညင်း ၁၇ နှင့် ဆူးပန်း ၁၂ တို့ဖြစ်သည်။ ထို့ကြောင့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေပေးပါက မြေပဲကိုသာ စိုက်ပျိုးသင့်သည်။ မြေပဲတွင်လည်း ဆောင်းမြေပဲ သို့မဟုတ် စကမြေပဲကို ဦးစားပေးသင့်သည်။ ဆီအုန်းစိုက်ပျိုးလျှင် တစ်ဧကမှ တစ်နှစ်လျှင် ဆီကြမ်း ၆၁၁ ပိဿာ သို့မဟုတ် ဆီကြည် ၂၉၄ ပိဿာခန့်ရရှိနိုင်သည်။

ဆီထွက်သီးနှံများကို စိုက်ပျိုးရာတွင် မိမိ၏ လုပ်အားအခြေအနေကိုလည်း ကြည့်ရှုသင့်သည်။ မိုးမြေပဲအတွက် လူလုပ်အား(Man-day)၂၃ ဒသမ ၄ ဦး၊ ကျွဲ၊ နွားလုပ်အား (Bullock-day) ၇ ဒသမ ၂ ရှဉ်း၊ ဆောင်းမြေပဲအတွက် လူလုပ်အား ၃၄ ဒသမ ၃ ဦး၊ ကျွဲ၊ နွားလုပ်အား ကိုးရှဉ်း၊ မိုးနှမ်းအတွက် လူလုပ်အား ၂၀ ဒသမ ၈ ဦး၊ ကျွဲ၊ နွားလုပ်အား ခုနစ်ရှဉ်း၊ ဆောင်းနှမ်းအတွက် လူလုပ်အား ၂၁ ဒသမ ၅ ဦး၊ ကျွဲ၊ နွားလုပ်အား ခုနစ်ရှဉ်း၊ နေကြာအတွက် လူလုပ်အား ၂၄ ဒသမ ၆ ဦး၊ ကျွဲ၊ နွားလုပ်အား ၈ ဒသမ ၄ ရှဉ်း၊ မုန်ညင်း၊ ဆူးပန်း၊ ပန်းနှမ်းတို့အတွက် လူလုပ်အား ၁၀ ဦး၊ ကျွဲ၊ နွားလုပ်အား လေးရှဉ်းခန့်စီကို အသုံးပြုကြပါမည်။ ထို့ကြောင့် လုပ်အားမနိုင်လျှင် မုန်ညင်း၊ ဆူးပန်း၊ ပန်းနှမ်းတို့ကို ပင် စိုက်ပျိုးသင့်သည်။

**မြေပဲ**

မြေပဲကို ဘီစီ ၂၀၀၀ နှင့် ၃၀၀၀ ကြားကာလကပင် ပီရူးနိုင်ငံ၌ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တခြားနိုင်ငံများသို့ ပျံ့နှံ့ကြောင်း၊ မြန်မာနိုင်ငံသို့ ဘင်္ဂလားပြည်နယ်မှရောက်ရှိလာကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးနေသော “ဘော” ဟုခေါ်သည့် ပင်ပြန့်အတောင့်ကြီးမျိုးကို ၁၆ ရာစုနှစ်များကပင် အမေရိကမှ ရောက်ရှိလာသည်ဟု ယုံကြည်ကြသည်။ ၁၉၂၉ ခုနှစ်တွင် မော်ရစ်ရှပ်၊ ဂျပန်၊ အမေရိက နှင့် စပိန်နိုင်ငံများမှ ပင်ထောင်အတောင့်သေး၊ စပိန်ကြီး၊ စပိန်လေး၊ ဂျပန်ကြီး၊ ဂျပန်လေး၊ ဗာဂျီးနီးယားမျိုးများကို တင်သွင်း၍ စိုက်ပျိုးခဲ့သည်။ နောက်ပိုင်းတွင် S.P (Small Spanish) ၁၂၁-၀၇၀ ကို တင်သွင်းခဲ့ရာ မိုးခေါင်ဒဏ်ခံနိုင်ခြင်း၊ သီးနှံအထွက်နှုန်းကောင်းခြင်း၊ ဆီထွက်နှုန်းကောင်းခြင်းတို့ကြောင့် ပင်ထောင်မြေပဲ စိုက်ပျိုးရာဒေသအများစု၌ တိုးချဲ့စိုက်ပျိုးခဲ့သည်။ ယခုအခါ S.P ၁၂၁-၀၇၀ တစ်မျိုးတည်းကိုသာ မိုးရော၊ ဆောင်းရာသီပါ စိုက်ပျိုးကြသည်။ မိုးနည်းပြီး မြေညံ့များတွင် ကျောင်းကုန်းပင်ပြန့်မျိုးများကို စိုက်ပျိုးကြသည်။

မြေပဲသည် နေရောင်ခြည်များများနှင့် အပူချိန် ၈၅-၉၅ ဒီဂရီဖာရင်ဟိုက် (၂၉ ဒီဂရီ- ၃၅ ဒီဂရီစင်တီဂရိတ်)တို့ကို ကြိုက်သည်။ တောင်လတ္တီတွဒ် ၃၅ ဒီဂရီမှ မြောက်လတ္တီတွဒ် ၄၀ ဒီဂရီအတွင်း ကောင်းစွာဖြစ်ထွန်းသည်။ မိုးရေချိန်လက်မ ၂၅ မှ ၃၅(၆၃၅- ၈၈၉ မမ)အတွင်းရရှိလျှင် အထွက်နှုန်းကောင်းသည်။ မိုးရေချိန်လက်မ ၄၀ (၁၀၁၆ မမ)ရွာသွန်းလျှင် အထွက်နှုန်းလျော့နည်းမည်။ စွယ်ချချိန်တွင် မိုးမရွာသဖြင့် မြေဆီလွှာခြောက်နေလျှင် အထွက်နှုန်းလျော့နည်းမည်ဖြစ်သည်။ ပန်းပွင့်ပြီး ၇ ရက်မှ ၁၀ ရက်အကြာတွင် အပွင့်ဝတ်ရည်တိုင်သည် ကြီးထွားလာပြီး စွယ်(ဖွယ်)ဖြစ်ကာ မြေကြီးထဲသို့တိုးဝင်သည်။ ထွန်ရေးမကောင်းဘဲ မာနေခြင်း၊ မြေဆီလွှာအစိုဓာတ်နည်းခြင်းတို့ကြောင့် စွယ်အဖျားခြောက်(စွယ်ကန်း)လျှင် မြေပဲတောင့်ဖြစ်မလာတော့ချေ။ ထို့ကြောင့် နုန်းမြေ၊ သဲနုန်းမြေတို့တွင် ပိုမိုဖြစ်ထွန်းပြီး ရွှံ့စေးမြေ၊ မြေနီမြေစေး၊ ကျောက်စရစ်မြေတို့တွင် မဖြစ်ထွန်းနိုင်ချေ။

ပင်ပြန့်မျိုးသည် အတောင့်ကြီးသည် (၂-၃-၄ ဆစ်ရှိသည်။) ဘေးကိုင်းများသည် မြေတွင်ကပ်၍ ကြီးထွားသည်။ အပင် မမြင့်လှချေ။ ရှစ်လက်မခန့်သာရှိသည်။ ဆီထွက်နှုန်းနည်းသည်။ သီးနှံသက်တမ်း ရက်ပေါင်း ၁၃၀-၁၅၀ ခန့်ရှိသည်။ ပင်ထောင်မျိုးသည် အတောင့်တိုသည် (နှစ်ဆစ်)။ ဘေးကိုင်းများပါထောင်၍နေသည်။ အပင်အမြင့် ၁၂ လက်မခန့်ရှိသည်။ ဆီထွက်နှုန်းများသည်။ သီးနှံသက်တမ်းရက်ပေါင်း ၁၁၀-၁၃၀ ခန့်ရှိသည်။

ပင်ပြန့်မျိုးကို မိုးဦးကျ မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးပြီးပါက အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ရိတ်သိမ်းရသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ တင်း ၃၀ ခန့် (တစ်တင်း ၂၅ ပေါင်)ရှိသည်။ ပင်ထောင်မြေပဲကို တချို့ဒေသ၌ မိုးဦးတွင် နွားစာပြောင်း သို့မဟုတ် နှမ်းစိုက်ပျိုးရိတ်သိမ်းပြီး ဩဂုတ်လတွင် စိုက်ပျိုးသဖြင့် နိုဝင်ဘာလတွင် ရိတ်သိမ်းရသည်။ စက(ဇက)မြေပဲဟုခေါ်ကြသည်။ မိုးမြေပဲထက် အထွက်ပိုမိုလာသည်။ ဆောင်းမြေပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရသည်။ တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၅၀ ခန့်ဖြစ်သည်။ စိုက်တန်း၊ စိုက်ကျင်း အကွာအဝေးမှာ ပေါင်းမြက်ရှင်းလင်းနိုင်ရန် မြေပဲမျိုးနှင့် မြေရေထက်သန်မှုအပေါ်မူတည်ပြီး ၂ ပေ၊ ၂ ပေခွဲ တန်းဆွဲ၍ စိုက်တန်းအတွင်း ကျင်းအကွာအဝေးကို ၁၅ လက်မမှ ၁၈ လက်မထားသင့်သည်။ မြေပဲရင့်၊ မရင့် မြေပဲတောင့်ကိုဆွတ်ပြီး အခွံခွာ၍ အတွင်းသားအရောင်ကို ကြည့်ရသည်။ အညိုကွက်ကလေးများကို တွေ့မြင်ပါက ရင့်မှည့်ပြီဖြစ်သည်။ ရင့်မှည့်လျှင် အမြန်ဆုံးဆွတ်ခူးရသည်။ အထူးသဖြင့် ပင်ထောင်မျိုးသည် အခွံပါးခြင်း၊ အစေ့အနားယူရန် မလိုခြင်းတို့ကြောင့် ရိတ်သိမ်းချိန်နောက်ကျပါက အညှောက်ထွက်တတ်သည်။ နုတ်သိမ်းပြီး မြေတွင် မြေပဲတောင့် ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကျန်ရှိနိုင်သဖြင့် ထွန်ဖြင့်မြေဆွပြီး ထပ်မံကောက်ယူရသည်။ မြေပဲတွင် ဆွတ်ခူးပြီးစအချိန်၌ အစိုဓာတ် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိရှိနိုင်သည်။ အစိုဓာတ် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသာ ကျန်အောင်နေလှန်းပြီး အရိပ်တွင်အအေးခံ၍ ဆီကြိတ်ရန်ဖြစ်ပါက ဂုန်နီအိတ် သို့မဟုတ် မြွေရေခွံအိတ်တို့တွင် ထည့်သွင်းနိုင်သည်။ သို့ရာတွင် မျိုးအဖြစ်သုံးစွဲလိုပါက အစေ့များ (အတောင့်မဟုတ်)ကို သံပုံး၌ထည့်ပြီး လေလုံအောင်ပိတ်၍ သိုလှောင်ရသည်။

ယခုနှစ် မိုးဦးမြေပဲကို နောက်နှစ်မိုးဦးတွင် ပြန်လည်စိုက်ပျိုးပါက အပင်ပေါက်နှုန်းကောင်းမွန်သေးသည်။ တချို့ဒေသတွင် မိုးဦးမြေပဲကို မိုးနှောင်းတွင် ပြန်စိုက်ပြီး မိုးနှောင်းမြေပဲကို နောက်နှစ်မိုးဦးတွင် ပြန်စိုက်ရသည်။ မြေပဲကို ၁၈၈၅ ခုနှစ်တွင် ဧရိယာဧက ၂၇၀၀ စိုက်ပျိုးခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ဧရိယာဧက တစ်သန်း နှစ်သိန်းခန့် စိုက်ပျိုးခဲ့သည်။ ဧရိယာဧက နှစ်သန်းခန့်အထိ စိုက်ပျိုးရန် ရည်မှန်းသင့်သည်။ တစ်ဧကလျှင် မြေပဲဆန်(အစေ့) ၁ ဒသမ ၅ တင်း (အတောင့် ခြောက်တင်း)ခန့်ကို မျိုးအဖြစ်သုံးစွဲရသဖြင့် မျိုးရရှိရေးအတွက် အခက်အခဲရှိသည်။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်မျိုးကိုယ်ထားစနစ်ကို ကျင့်သုံးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၃၀ မှ တင်း ၅၀ ခန့်သာရှိသေးသည်။ စနစ်တကျစိုက်ပျိုးနိုင်ပါက တင်း ၅၀ မှ တင်း ၈၀ အထိ ထွက်နိုင်သည်။ ။

**ဒေါက်တာချစ်**
**(ထပ်ဆင့်အမျိုးသားစာပေဆုရ)**

## နွေရာသီအားကစားသင်တန်းဆင်းပွဲ ဗန်းမော်မြို့၌ ကျင်းပ

ဗန်းမော် ဧပြီ ၄

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဗန်းမော်ခရိုင်/မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက ဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် ဗန်းမော်ခရိုင် အားကစား နှင့် ကာယပညာဦးစီးဌာန ဘောလုံးကွင်း၌ ကျင်းပသည်။

ဖြေဦးစွာ ခရိုင်အားကစားနှင့်ကာယပညာကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားပြီး သင်တန်းအမျိုးအစားလိုက် အားကစားသမားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ခရိုင်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အားကစားအမျိုးအစားများအလိုက် ဘောလုံး ၁၁၀ ဦး၊ တင်းနစ် ၂၀ ဦး၊ ဝူရှူး ၃၀ ဦး၊ စားပွဲတင်တင်းနစ် ၃၅ ဦး၊ ကာယဗလ ၃၀ ဦး၊ အေရိုးဗစ် (အမျိုးသမီး) ၅၀ ဦးနှင့် လက်ဝှေ့ ၁၅ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## လှိုင်သာယာမြို့နယ်၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တည်ဆောက်လျက်ရှိ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ၁၃၇၇ /၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်ဗဟိုဆုပေးမဏ္ဍပ်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။



လှိုင်သာယာမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေအများဆုံးမြို့နယ်တစ်ခုဖြစ်သည့်အတွက် သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားရောင်းချခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ခြင်းတို့ကို ယခင်နှစ်များနည်းတူ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက် လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးဆပ်ကော်မတီအပါအဝင် စီမံချက် ၁၆ ချက်ချမှတ်ထားပြီး စီမံချက်ကာလကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကာ မြို့နယ်တွင် ဗဟိုမဏ္ဍပ်နှင့် ရခိုင်မဏ္ဍပ် နှစ်ခုသာရှိမည်ဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာကို အင်အားအပြည့်ဖြင့် သင်္ကြန်ကာလအတွင်း ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲမှူးသန်းမြင့်ဦးက ပြောသည်။

(၂၇၅)

ယမန်နေ့မှအဆက် ➢

အခန်းဆက်ဝတ္ထု

# ကျွန်တော်ကျင်လည်ခဲ့ရသော မြန်မာနှင့်ကမ္ဘာ

သူရထွန်းတင်

**ကျွန်တော်တို့ စခန်းချနေတဲ့နေရာနောက်ဘက်ကို သတင်းထောက်အဖွဲ့တွေ လာကြတယ်။ ဓာတ်ပုံရိုက်ကြ၊ သတင်းမေးကြပေါ့။ နောက် ဖျော်ဖြေရေးအဖွဲ့ တွေလည်း လာကြသေးတယ်။ သီချင်းဆိုကြ၊ ကကြတော့ ပျော်စရာလေးတွေပါ။ ရဲဘော်တချို့က အဆိုတော်တွေကို.....**

## နာမည်ကျော် အင်းစိန်တိုက်ပွဲနှင့် တပ်ရင်း(၅)

သူတို့ကိုတွေ့ရင် မင်းတို့ပြောဖို့က "ရဲဘော်တို့ မင်းတို့ ဗိုလ်ကြီးနဲ့ တို့တပ်ခွဲက လူအစိတ်လောက်ဟာ တပ်ခွဲ တစ်ခွဲလုံးနေရာကို ယူထားရတယ်။ ငါတို့ကို သနားရင် တာဝန်သိရင် မင်းတို့ပြန်လာကြကွာလို့ပြော၊ ဒါပဲပြော" ဆိုပြီး ဆရာနှစ်ယောက်၊ သုံးယောက်လောက်ကို မြို့ထဲ လွှတ်လိုက်ရပါတယ်။

ရက်ပိုင်းအတွင်းမှာ ကျွန်တော့်တပ်ခွဲက ရဲဘော်တွေ အကုန်လုံးနီးပါးပြန်ရောက်လာကြတာပဲ။ ဒီအချိန် မတိုင်မီက ကျွန်တော့်ကို Field Promotion ပေးလို့ Captain ရာထူးအမှတ်အသား တပ်ထားရပါပြီ။

သူတို့ပြန်ရောက်လာတော့ တချို့က ကျွန်တော့်ကို "ဗိုလ်ကြီး ကျွန်တော်တို့ကိုစိတ်ဆိုးလား"လို့ မေးကြတယ်။ ကျွန်တော်က "ပြီးခဲ့တဲ့ တိုက်ပွဲတွေမှာ တို့ဘက်က ဗိုလ်၊ အကြပ်၊ တပ်သားတွေ ဘယ်လောက်ကျသွားသလဲဆိုတာ မင်းတို့သိတဲ့အတိုင်းပဲ၊ သူတို့တာဝန်ကျေကြတယ်။ တို့ကျန်တဲ့သူတွေ တာဝန်သိဖို့လိုတယ်။ မင်းတို့ အခုယူထားတဲ့နေရာက တစ်လက်မမှ မဆုတ်ကြနဲ့" လို့ ပြန်ပြောလိုက်ပါတယ်။ ကျွန်တော်တို့ စခန်းချနေတဲ့နေရာနောက်ဘက်ကို သတင်းထောက်အဖွဲ့တွေ လာကြတယ်။ ဓာတ်ပုံရိုက်ကြ၊ သတင်းမေးကြပေါ့။ နောက် ဖျော်ဖြေရေးအဖွဲ့တွေလည်း လာကြသေးတယ်။ သီချင်းဆိုကြ၊ ကကြတော့ ပျော်စရာလေးတွေပါ၊ ရဲဘော်တချို့က အဆိုတော်တွေကို "ကျွန်တော်တို့ မသေခင် နောက်တစ်ပုဒ်လောက်ဆိုပါဦး" ပြောတော့ ဆိုတဲ့သူ၊ ကတဲ့သူတွေ မျက်ရည်လေးစမ်းစမ်းနဲ့ ဆိုပြ၊ ကပြကြရှာပါတယ်။

ကျွန်တော်တို့နဲ့ ရန်သူ တစ်ဖက်နဲ့တစ်ဖက် ဆိုင်ထားပြီး အကဲစမ်းနေကြတာတစ်ရက်ပြီးတစ်ရက်ပဲ။ ရှေ့ဆုံးတန်းမှာ နေရာယူထားတဲ့တပ်က ရဲဘော်တချို့ နည်းနည်းချောက်ချားလာပုံရတယ်။ ကိုယ်က ဦးအောင် တက်တိုက်လိုက်ရင်ကောင်းမယ်ထင်တယ်လို့ ပြောမိသေးတယ်။

**တတိယအကြိမ် ပြင်းထန်တဲ့တိုက်ပွဲနဲ့ မြို့တော်ရန်ကုန်ကို ကယ်လိုက်ရပုံ**

တစ်ညတော့ တပ်ခွဲ HQ ရှိတဲ့ တိုက်မှာ ပြန်အိပ်လိုက်တယ်။ နံနက်သုံးနာရီလောက်မှာ ခပ်လှမ်းလှမ်း အဝေးတစ်နေရာက သေနတ်သံတွေ ဆူညံလာလို့ နိုးလာတယ်။ အိပ်ရာကနိုးပြီး ရေတွင်းဘေးမှာ သွားတိုက်၊ မျက်နှာသစ်ပြီး ယူနီဖောင်းကောက်ဝတ်လိုက်တယ်။ ရဲဘော်တွေကိုလည်း "ဟေ့ သတိထားကြ၊ နေရာယူထားကြ၊ သေနတ်သံတွေကြားရတာ သိပ်များတယ်"လို့ ပြောလိုက်တယ်။ နံနက် လေးနာရီလောက်ရောက်တော့ အသစ်ဖွဲ့လိုက်တဲ့ Company က တပ်ကြပ်နဲ့ ရဲဘော်တချို့ သူတို့စခန်းချထားတဲ့နေရာကနေ ဆုတ်ပြီး တိုက်ဝင်းထဲကို ပြေးဝင်လာကြတယ်။

"ဘာလဲဟေ့ ဘာဖြစ်ကြတာလဲ"လို့ မေးလိုက်တော့ "ရန်သူ အုပ်နဲ့သင်းနဲ့ သိပ်များတယ်၊ ကျမ်းစာသင်ကျောင်းဘက်ကရော၊ Work Shop ဘက်ကရော တက်လာတယ်။ Armored Car တွေလည်း ဘီအိုစီ ဓာတ်ဆီဆိုင်ကိုကျော်ပြီး တက်လာနေပြီ" လို့ပြောတယ်။ သူတို့ကို "မင်းတို့ မပြေးနဲ့၊ ဒီကနေ ခံချမယ်"လို့ အမိန့်ပေးထားလိုက်တယ်။

နံနက် လေးနာရီခွဲကျော်ကျော်လောက်မှာ ရန်သူ့ Armored Car တစ်စီး လမ်းထိပ်ကနေ ကျွန်တော်တို့ တိုက်ဘက် ဦးတည်ပြီးလာနေတာ တွေ့နေရတယ်။ ရဲဘော်တွေလည်း တိုက်ပတ်ပတ်လည်မှာရှိတဲ့ ရေမြောင်းတစ်လျှောက် နေရာယူခိုင်းထားတာ စိတ်မချလို့ "ဟေ့ ငါ့ကို ကြည့်၊ လူဆိုတာ သေနေ့စေ့မှ သေတာပါကွ"လို့ ပြောပြီး လမ်းလျှောက်ပြနေရတယ်။ (မှတ်ချက်။ ဒီအကြောင်းကို ကျွန်တော့်တပ်ရင်း(၅)က အရာရှိတွေနဲ့ ရဲဘော်တွေပဲ သိပါတယ်။ ဘယ်သူမှ မပြောပါဘူး။ ဒါပေမဲ့ တစ်ယောက်စကား တစ်ယောက်နားကနေ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းဆီ ရောက်သွားတယ်။ ဒေါက်တာမောင်မောင်ရေးတဲ့ "မြန်မာ့နိုင်ငံရေး ခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း"ဆိုတဲ့စာအုပ် စာမျက်နှာ ၃၂၂၊ ဒုတိယစာပိုဒ်မှာ ခုလိုရေးထားပါတယ်။ ဗိုလ်ကြီး စိန်မြဒဏ်ရာရသည်။ အကျအဆုံးများလွန်းသော နေ့များတွင် ရဲဘော်တွေတက်ရန် အမိန့်ပေးလည်း မတက်ချင်။ ခိုစရာရှိလျှင် မထချင်၊ ခို၍ဝပ်နေချင်ကြသည်။ တစ်ခါအမိန့်ပေးပေမယ့် မထကြ၊ မတက်ကြတော့ဘူး။ ဒါနဲ့ ထွန်းတင်(ယခု ဗိုလ်မှူးကြီး၊ လေ့ကျင့်ရေးမှူး)က ထပြီး လမ်းလျှောက်ပြရတယ်။ ကျည်ဆန်တွေက သွူနားတဝီဝီနဲ့။ တစ်ချက်မှ မမှန်ဘူး။ သူက "ကြည့်ပါကွ၊ လူဆိုတာ သေနေ့စေ့မှသေတာပါ"ဆိုပြီး ရဲဘော်တွေကို ရဲဆေးတင်တယ်။ ပြီးတော့ တက်ဖို့ အမိန့်ပေးမှ တက်ကြတော့တယ်"ဟု ဗိုလ်ချုပ်နေဝင်းက သတိတရပြောတတ်သည်။)

ကျွန်တော် လမ်းလျှောက်ပြနေတုန်း ဘယ်က ပစ်လိုက်တဲ့ ကျည်ဆန်တွေမှန်းမသိဘူး။ တဝီဝီနေတာပဲ။ ကျွန်တော့်ကိုတော့ တစ်ချက်မှ မမှန်ဘူး။ ဒီလိုမှ ရဲဆေးမတင်ရင် ကျွန်တော့်ဆီက ရဲဘော်တွေဟာ စောစောက အူယားဖားယားပြေးလာတဲ့ ရဲဘော်တွေကိုကြည့်ပြီး သူတို့ပေါင်းပြီး ဆုတ်ပြေးသွားနိုင်တယ်။ ရှေ့ဆုံးကနေ ခုလိုခေါင်းဆောင်မှုပေးပြီး ရဲဆေးတင်လိုက်တော့ ကျွန်တော့်ရဲဘော်တွေ အားတက်လာပြီး ချမယ် လုပ်မယ် တကဲကဲဖြစ်နေပြီ။

ကျွန်တော့်အနားမှာ စားဖိုမှူး ဗလကြီးနဲ့ အုန်းမောင် ရှိတယ်။ ရန်သူ့ Armored Car က Orelikon စက်အမြောက်နဲ့ ပစ်နေပြီ။ ကျွန်တော်က အုန်းမောင်ဆီက ဘရင်းဂန်းယူပြီး ရန်သူ့ Armored Car ရဲ့ ဘီးကို သေချာချိန်ပြီး ကျည်ဆန်တစ်ကတ်လုံးကုန်အောင် ဆွဲချလိုက်တယ်။ ဗလကြီးနဲ့ အုန်းမောင်တို့က နှစ်လက်မ စိန်ပြောင်းနဲ့ ထပ်ပစ်တယ်။ ကျွန်တော်တို့ဘက်က သစ္စာရှိ ပြည်ထောင်စုဘက်သား ကရင်အမျိုးသား ကိုထွန်းရွှေကလည်း ဘရင်းဂန်းတစ်လက်နဲ့ တရစပ်ကူပစ်နေပြီ။

မိုးလင်းစ ပြုလာနေပြီ။ တစ်ယောက်နဲ့ တစ်ယောက် မြင်နေရပြီး ခြေကျင်တက်လာတဲ့ KNDO တပ်သားတွေ စောဘင်ဆင်ခြံဘက်ကို ဝင်စီးနေပြီ။ ကျွန်တော်တို့ဘက်ကို ဦးတည်ပြီးလာနေတဲ့ သံချပ်ကားတော့ ရပ်သွားတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲနှင့်ဆုပေးအပ်ပွဲ ကျင်းပ

ပခုက္ကူ ဧပြီ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၉ နာရီက ခရိုင်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အမျိုးသားအားကစားတိုးတက်မြင့်မားစေရန် နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားလာစေရန် စည်းရုံးဆောင်ရွက်ရေး၊ မြန်မာ့အားကစားတိုးတက်မြင့်မားစေရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးရေး၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးဟူသော မူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် တာဝန်ရှိသူများက သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းနည်းပြများနှင့်နွေရာသီအခြေခံအားကစားနည်းများတွင် ကူညီပံ့ပိုးပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အားကစားနည်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်များ အသီးသီးပေးအပ်သည်။

ထို့နောက် ဝူရှူးနှင့်တိုက်ကွမ်ဒိုသင်တန်းသား၊ သင်တန်းသူများက အားကစားနည်းများကိုသရုပ်ပြသကြသည်။ အဆိုပါသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်ရိုက်အားကစားနည်းများ ပါဝင်ကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

# ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းသစ်ဖွင့်လှစ်

လှိုင်းဘွဲ့ ဧပြီ ၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာပေါင်ကျေးရွာအုပ်စု တာပေါင်ကုန်းကျေးရွာ၌ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပကြောင်း သိရသည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲတွင် ဆရာတော် ဦးပညာဒီပနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်တို့က အဖွင့်အမှာစကားပြောကြားပြီး လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးဆန်းလွင်က ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို ဆရာတော် ဦးပညာဒီပ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိ



လားရှိုး ဧပြီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြန်မာသက္ကရာဇ် ၁၃၇၇-၁၃၇၈ ခုနှစ်အတွက် မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိပြီး သင်္ကြန်ကာလတွင် ရေအခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ထားကြောင်း လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လားရှိုးမြို့ မြို့တော်ခန်းမအနီး၌ ဗဟိုဆုပေးမဏ္ဍပ်တည်ဆောက်လျက်ရှိရာ အဆိုပါမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကများဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသော ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များကို ဆုများပေးအပ်သွားမည်ဖြစ်သည်။

"ဒီမဏ္ဍပ်ကြီးက ဗဟိုဆုပေးမဏ္ဍပ်ပါ။ ဆောက်လုပ်တာကတော့ ပြည်သူ့ဆောက်လုပ်ရေးနဲ့ မြို့နယ်စည်ပင်သာယာရေးဌာနက ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်ရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ ဆောက်လုပ်နေတာပါ။ မဏ္ဍပ်ဆောက်လုပ်ပြီးတာနဲ့ ရေကစားဖို့ ရေပိုက်လိုင်းတွေ၊ ပိုက်အပျော့တွေ တပ်ဆင်သွားမှာပါ။ သင်္ကြန်အတွင်း ရေအခက်အခဲမရှိအောင် ကျွန်တော်တို့အနေနဲ့ ကြိုတင်စီစဉ်ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက ပြောသည်။

လားရှိုးမြို့၌ ဗဟိုဆုပေးမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်ငါးခုရှိပြီး ရေကစားနိုင်ရန် ရေအခက်အခဲမရှိစေရေးအတွက် စည်ပင်သာယာရေးဌာနက ကောက်ကွေ့ဆည်၊ နမ့်ကျန်ဆည်နှင့် ဟူးမွန်ဆည်တို့မှ တိုက်ရိုက်ဆက်သွယ်နည်းစနစ်ဖြင့် မဏ္ဍပ်အနီး ဂါလန် ၁၀၀၀၀ ဆံ့ ရေတိုင်ကီထားရှိမည့်အပြင် ရေသယ်ယာဉ်နှစ်စီးကိုလည်း အဆင်သင့်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၄)**




## ဇန်မာလစ်ခ်၏တစ်ကိုယ်တော်တေးအယ်လ်ဘမ် ဗြိတိန်တွင် နံပါတ် (၁) နေရာ၌ရပ်တည်

လန်ဒန် ဧပြီ ၄

One Direction အဖွဲ့မှခွဲထွက်သွားသည့် အဆိုတော်ဇန်မာလစ်ခ်၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သည် ဗြိတိန်၏အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်းတွင် နံပါတ် (၁) နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

၎င်း၏ Mind of Mine တေးအယ်လ်ဘမ်သည် အဒဲလ်၏ 25 တေးအယ်လ်ဘမ်ထက် အချပ်ရေလေးထောင်ကျော် ပိုမိုရောင်းချခဲ့ရသည့်အတွက် ယခုကဲ့သို့ အဆင့် (၁) နေရာကို ရရှိခဲ့ခြင်းဖြစ်သည်။

"အခုလို တစ်ကိုယ်တော်သီဆိုထားတဲ့ အယ်လ်ဘမ်က ဗြိတိန်ရဲ့နံပါတ် (၁) နေရာကိုရရှိလိမ့်မယ်လို့ ကျွန်တော်မယုံကြည်နိုင်ပါဘူး။ ဒါပေမဲ့ အခုလိုရရှိလာတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်" ဟု မာလစ်ခ်ကပြောသည်။

အဆိုပါတေးအယ်လ်ဘမ်မှ ခေါင်းစီးတေးဖြစ်သည့် Pillowtalk တေးသီချင်းသည် ဖေဖော်ဝါရီလက ဗြိတိန်၏အကောင်းဆုံးတေးသီချင်းစာရင်းတွင် အဆင့် (၁) နေရာအထိ ရောက်ရှိခဲ့ကြောင်းသိရသည်။

***Ref: BBC***

## စရန်ငွေမရရှိသည့် အဆိုတော်များအနေဖြင့် နစ်နာလျက်ရှိကြောင်း ချမ်းချမ်းပြော



ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းနှင့် ကမ္ဘာ့အေးဘုရားလမ်းတို့၌ မဏ္ဍပ်ဆောက်လုပ်ခွင့် ပိတ်ပင်ထားမြစ်ထားခြင်းကြောင့် စရန်ငွေရရှိထားခြင်းမရှိသည့် အနုပညာရှင်များအနေဖြင့် ထိခိုက်နစ်နာမှုရှိကြောင်း အဆိုတော်ချမ်းချမ်းကပြောသည်။

"အစိုးရဘက်ကတော့ အပြောင်းအလဲ ကာလလည်းဖြစ်တယ်။ ရာသီဥတုအခြေအနေလည်း ဆိုးရွားတာကြောင့် အခုလိုပိတ်လိုက်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ အနုပညာရှင်တွေဘက်ကကြည့်မယ်ဆိုရင်တော့ ထိခိုက်နစ်နာမှုရှိပါတယ်။ အဆိုတော်တစ်ယောက်သီချင်းဆိုဖို့ဆိုရင် တစ်လ၊ နှစ်လလောက် ကြိုပြောရတယ်။ အဲဒါမှ ပြင်ဆင်ချိန်ရမယ်။ ဆိုဖို့သေချာပြီဆိုရင် စရန်တစ်ဝက်ပေးချေရတယ်။ အခုလို ရုတ်တရက်တားမြစ်လိုက်တဲ့အခါကျတော့ စရန်မရတဲ့အဆိုတော်တွေအနေနဲ့ ထိခိုက်နစ်နာရတယ်။ သူတို့အနေနဲ့ တခြားတစ်ဖက်ကိုပြောင်းဆိုဖို့ကလည်း အချိန်မရှိတော့ဘူးလေ" ဟု သူမကပြောသည်။

ရန်ကုန်မြို့ရှိ ကန်တော်ကြီးပတ်လမ်းနှင့် ကမ္ဘာ့အေးဘုရားလမ်းတို့၌ မဏ္ဍပ်ဆောက်လုပ်ခွင့်တားမြစ်ထားပြီး ပြည်လမ်းရှိ ကိုယ်ပိုင်ခြံများရှေ့၌သာ မဏ္ဍပ်ဆောက်လုပ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**

## ချမ်း(Charm) ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၁၀ ရက်တွင် စတင်ပြသမည်

ရန်ကုန် ဧပြီ ၄

Myanmar Media 7 က စီစဉ်ရိုက်ကူးထားသည့် ချမ်း(Charm) ရုပ်သံဇာတ်လမ်းတွဲ အပိုင်း (၁)ကို ဧပြီ ၁၀ ရက် ည ၇ နာရီတွင် mntv ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် အဆိုတော်ဘန်နီဖြိုးက ခေါင်းဆောင်မင်းသားနေရာက ပါဝင်ထားပြီး တခြားနာမည်ကြီးအနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကာ တစ်ပတ်လျှင် အပိုင်းတစ်ပိုင်းစီ ပြသသွားမည်ဖြစ်ကြောင်း Myanmar Media 7 က ဥက္ကဋ္ဌ ကိုဝေမင်းမောင်ကပြောသည်။

"ကျွန်တော်တို့ ဒီဇာတ်လမ်းတွဲကို ရိုက်ကူးဖြစ်တာက အခုဆိုရင် ဗီဒီယိုဈေးကွက်က အနည်းငယ်အေးနေတယ်။ ဒါကြောင့် မြန်မာဗီဒီယိုဈေးကွက်ကို ဒီဇာတ်လမ်းတွဲနဲ့ထိုးဖောက်လိုက်တာပါ။ ဒီဇာတ်လမ်းတွဲလေးက တခြားဇာတ်လမ်းတွဲတွေနဲ့မတူပါဘူး။ လူငယ်တစ်ယောက်က ဖြစ်ပေါ်လာမယ့်အနာဂတ်ကို ကြိုတင်မြင်နိုင်တဲ့အကြောင်းလေး ရိုက်ကူးပေးထားတာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ယင်းဇာတ်လမ်းတွဲကို ဧပြီ ၁၀ ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် mntv ၌ ပြသမည်ဖြစ်ပြီး Channel 9 ၌ အပတ်စဉ် သောကြာနေ့တိုင်း ည ၇ နာရီတွင် ပြန်လည်ပြသသွားမည်ဖြစ်သည်။ ချမ်း(Charm) ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၁၅) ပိုင်းပါဝင်မည်ဖြစ်ပြီး တစ်ပိုင်းလျှင် ၄၅ မိနစ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်မိုး**

## Sicario 2 တွင် အမ်မလီဘလန့်တ်နှင့် ဂျော့ရှ်ဘရိုလင်တို့ ပြန်လည်ပါဝင်မည်

လော့စ်အိန်ဂျလိစ် ဧပြီ ၄

၂၀၁၅ ခုနှစ်ကထွက်ရှိခဲ့သည့် Sicario မှုခင်း-လျှို့ဝှက်သည်းဖိုဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားတွင် ယင်းဇာတ်ကား၌ ပါဝင်ခဲ့သည့် မင်းသမီး အမ်မလီဘလန့်တ်နှင့် မင်းသား ဂျော့ရှ်ဘရိုလင်တို့က ၎င်းတို့၏ ယခင်ဇာတ်ကောင်စရိုက်အတိုင်း ပါဝင်မည်ဖြစ်ကြောင်း ဇာတ်ကားထုတ်လုပ်သူများက အတည်ပြုပြောကြားသည်။

Sicario 2 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ယခင်ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးသားခဲ့သည့် သရုပ်ဆောင် တေလာရှာရီဒန်ကပင် ရေးသားသွားမည်ဖြစ်ပြီး ယခုဇာတ်ကားအတွက် ပြင်ဆင်မှုအားလုံးပြီးစီးနေပြီဖြစ်ကြောင်း ဇာတ်ကားထုတ်လုပ်သူများဖြစ်ကြသော မော်လီစမစ်သ်၊ ထရန့်တ်လက်ခ်အင်ဘေလ်နှင့် သတ်လက်ခ်အင်ဘေလ်တို့က အတည်ပြုပြောကြားထားသည်။ သို့သော် ယခင်ဇာတ်ကားကိုရိုက်ကူးသည့် ဒါရိုက်တာ ဒန်းနစ်ဗဲလိုက ယခုဇာတ်ကားကို ရိုက်ကူးနိုင်မည်မဟုတ်ကြောင်း လက်ခ်အင်ဘေလ်ကပြောသည်။ ***Ref: IANS***





## ဖခင်ဖြစ်သူကို အမီလိုက်နိုင်ဖို့ ကြိုးစားနေသလို တေးရေးဘက်မှာကိုယ်တိုင်ရေးဖို့ သတ္တိမရှိသေးဘူးလို့ ဖွင့်ဟလာသူ ပိုပိုဟေသာ

**ချစ်တဲ့စိတ်ဆိုတာ တေးသီချင်းနှင့် ပရိသတ်အသိအမှတ်ပြုလက်ခံလာသူ ပိုပိုဟေသာသည် ရှေ့ဆက်ပြီး ပရိသတ်များအတွက်ကြိုးစားရင်း ဖခင်ဖြစ်သူတေးရေးဆရာဇဝါ၏ခြေရာကို အမီလိုက်နိုင်ရန်နှင့် တေးရေးလောကတွင် ကိုယ်တိုင်ရေးသားထားသောတေးသီချင်းဖြင့် ပရိသတ်ကိုချပြနိုင်ရန် သတ္တိမရှိသေးကြောင်း ယခုလိုပြောသည်။**

**ပိုပိုဟေသာ ဒီနှစ်သင်္ကြန် ဘယ်မဏ္ဍပ်မှာရှိမလဲ။**

ဟေသာဒီနှစ်သင်္ကြန်ကတော့ MRTV-4 မဏ္ဍပ်မှာရှိမယ်။ ဘယ်နေရာမှာလဲဆိုတာတော့ ဟေသာလည်းမသိသေးဘူး။ မနှစ်ကနေရာမှာပဲဖြစ်မယ်လို့ထင်ပါတယ်။

**အခုလက်ရှိ အနုပညာလှုပ်ရှားမှုကို ပြောပြပေးပါဦး။**

အခုလက်ရှိကတော့ အနုပညာလှုပ်ရှားမှုအနေနဲ့ ဘာမှမလုပ်ဖြစ်သေးပါဘူး။ အင်တာဗျူးတွေဖြေနေပါတယ်။ နောက်ပြီးတော့ ညီမက UFL မှာ ကိုရီးယားဘာသာစကားလည်းတက်နေတဲ့အတွက်ကြောင့် အနုပညာအလုပ် သိပ်မလုပ်ဖြစ်သေးပါဘူး။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၃ ရက်ကတော့ ဟေသာရဲ့ တစ်ကိုယ်တော်အခွေဖြစ်တဲ့ ကမ္ဘာဦးရည်းစားအခွေထွက်ရှိခဲ့ပါတယ်။

**ရှေ့ဆက်ပြီးတော့ ဂီတလှုပ်ရှားမှုနဲ့ပတ်သက်ပြီး ဘာတွေဆက်လုပ်သွားဖို့ရှိလဲ။**

ဟေသာအနုပညာနဲ့ပတ်သက်ပြီး အဓိကရည်ရွယ်ချက်က အဆိုတော်ပါ။ ဟေသာအနုပညာလောကထဲကို ဝင်လာပြီဆိုကတည်းက ဂီတအလုပ်ကို အကောင်းဆုံးကြိုးစားထားပါတယ်။ ဟေသာရဲ့ကြိုးစားမှုကို ပရိသတ်တွေလက်ခံဖို့၊ လက်မခံဖို့ ဆိုတာကတော့ ကံတရားပါပဲ။

**တခြားဝါသနာပါတဲ့အရာတွေကိုလည်း ပြောပြပေးပါဦး။**

တခြားဝါသနာပါတာဆိုရင် ဟေသာက UFLကျောင်းမှာ ကိုရီးယားဘာသာစကားတက်နေတာဆိုတော့ ဘာသာစကားနဲ့ပတ်သက်တဲ့အလုပ်တစ်ခုခုကိုစိတ်ဝင်စားတယ်။ အဲဒီအတွက် ဂီတအလုပ်ကိုမလုပ်ဖြစ်ဘူးဆိုရင် အဲဒီဘာသာစကားနဲ့ပတ်သက်တဲ့ အလုပ်ကိုပဲလုပ်ဖြစ်သွားမှာပါ။

**ဟေသာရဲ့ လက်ဦးဆရာက ဘယ်သူဖြစ်မလဲ။**

ဟေသာရဲ့လက်ဦးဆရာက အဖေပါ။ အဖေ့ကိုအမီလိုက်နိုင်ဖို့ ဟေသာအများကြီးကြိုးစားရပါဦးမယ်။

**အဖေကတေးရေးဆရာဆိုတော့ ဟေသာကိုယ်တိုင်ရော သီချင်းရေးဖို့ရှိလား။**

တေးရေးကတော့ ဟေသာကြိုးစားတုန်းပါ။ သီချင်းရေးတဲ့အပိုင်းမှာ ငယ်ငယ်လေးကတည်းက သိပ်အကျွမ်းတဝင်မရှိဘူး။ အဖေ့ဆီကသင်လို့တော့ ရတာပေါ့နော်။ ဒါပေမဲ့ သီချင်းတွေကို ကိုယ်တိုင်ရေးပြီး ပရိသတ်ကိုချပြဖို့ဆိုတာကတော့ သတ္တိမရှိသေးပါဘူး။

**ဟေသာရဲ့ ပရိသတ်တွေက ပိုပိုဟေသာဆိုပြီး စသိခဲ့တဲ့သီချင်းနဲ့ပတ်သက်လို့ ပြန်ပြီးမိတ်ဆက်ပေးပါဦး။**

ဟေသာပထမဆုံးသီဆိုခဲ့တဲ့ သီချင်းလေးပါ။ ဟေသာကို ပရိသတ်တွေက ချစ်တဲ့စိတ်ဆိုတာ တေးသီချင်းနဲ့ စသိခဲ့တာလို့ပြောလို့ရပါတယ်။ ဒီသီချင်းကို ဟေသာအသက် ၁၄ နှစ် နဝမတန်းတက်နေတဲ့အချိန်မှာဆိုခဲ့တာပါ။ အဲဒီတုန်းကစပြီး အသံသွင်းပါတယ်။ ဒီသီချင်းကိုစသွင်းခဲ့တာနဲ့ အခုဆိုတော်တော်ကြာနေပါပြီ။

**ပရိသတ်အတွက် အမှတ်တရစကားလေးပြောပြပေးပါဦး။**

ဟေသာကို အခုလိုအားပေးကြတဲ့အတွက် ပရိသတ်ကို ကျေးဇူးအများကြီးတင်ပါတယ်။ ပရိသတ်တွေ အားပေးရကျိုးနပ်အောင် ဟေသာအများကြီး ကြိုးစားပါဦးမယ်လို့ ပြောချင်ပါတယ်။

**အေးမြတ်မိုး**

5.4.2016(P-11)STZ.indd 1 4/4/2016 7:07:00 PM

ကျန်းမာသုတ

# ဆီးချိုနှင့်အစားအစာ

ဆီးချိုရောဂါရဲ့အစက အဝလွန်ခြင်းပဲဖြစ်တယ်။ ဆီးချိုရောဂါဟာ မျိုးရိုးလိုက်ဖြစ်တတ်ပါတယ်။ ပုံမှန်စားနေကျအစာထဲမှာ ဆီးချိုတက်စေတဲ့အစာကိုရှောင်ရမယ်။

**၁။ လုံးဝရှောင်သင့်တဲ့အစာ**

ချိုတဲ့အရသာရှိတဲ့ သကြား၊ ဂလူးကို့စ်၊ ကြံသကာ၊ ထန်းလျက်၊ ပျားရည်၊ ယိုတို့နဲ့ ပြုလုပ်ထားတဲ့စားစရာတွေ၊ သကြားလုံး၊ ချောကလက်၊ ရေခဲမုန့်၊ ဂျယ်လီ၊ ဝိုင်၊ အရက်ချို၊ ဘီလပ်ရည်၊ သကြားနဲ့လုပ်တဲ့ အဖျော်ယမကာအမျိုးမျိုး၊ သကြား၊ ပါဝါ သကြားသုံးထားတဲ့စည်သွတ်အသီး၊ ဖျော်ရည်နဲ့ သံဘူးအမျိုးမျိုးတို့ကို စားသုံးခြင်းမှ ရှောင်ရပါမယ်။

**၂။ ကြိုက်သလောက်စားနိုင်တဲ့ အစားအစာ**

သကြားနဲ့ ကစီဓာတ်နည်းတဲ့ ငရုတ်ကောင်း၊ ချင်း၊ မဆလာ၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရှလကာရည်၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ ဘူးသီး၊ ဒန့်သလွန်သီး၊ ဂေါ်ရခါးသီး၊ ခရမ်းချဉ်သီး၊ ရုံးပတီသီး၊ သခွားသီး၊ မရန်းသီး၊ ဘူးညွန့်၊ မန်ကျည်းရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ဆလတ်ရွက်၊ ရှောက်ရွက်၊ ကန်စွန်းရွက်၊ မြင်းခွာရွက်၊ ဟင်းနုနယ်၊ ဂေါ်ဖီပွင့်၊ ပဲပင်ပေါက်၊ မှျစ်၊ မှို၊ မုန်လာဖြူ၊ မုန်လာဝါနဲ့ ငှက်ပျောအူတို့အပြင် အခါး၊ အချဉ်ဓာတ်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေ သင့်လျော်တယ်။ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီးနဲ့ ရှောက်သီးတို့လည်းပါဝင်ပါတယ်။

**၃။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း စားသင့်တဲ့အစားအစာ**

ကာဗိုဟိုက်ဒြိတ်ပါဝင်တဲ့ အစာတွေ၊ ပြောင်း၊ ဆန်၊ ဂျုံ၊ ကစီဓာတ်ပါဝင်တဲ့ သစ်ဥ၊ ပိန်းဥ၊ မြောက်ဥ၊ ကန်စွန်းဥ၊ အသားအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့နဲ့ နို့ထွက်ပစ္စည်းတွေ၊ အသီးအနံ့ကရရှိတဲ့ မပြည့်ဝဆီ ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ အခွံမာသီး တစ်ပတ်ကို ၁၀ ကျပ်သားနဲ့ ကြက်ဥ တစ်နေ့တစ်လုံး စားနိုင်ပါတယ်။

**၄။ ရှောင်သင့်တဲ့အစားအစာ**

အရက်အမျိုးမျိုး၊ ဝိုင်၊ ဘီယာ စတဲ့ ယမကာတွေ၊ ဆေးလိပ်၊ ကွမ်းယာတွေရှောင်သင့်တယ်။ ဝက်၊ ဘဲစတဲ့တိရစ္ဆာန်ကရတဲ့ အဆီနဲ့ စားအုန်းဆီ၊ အုန်းဆီ၊ ပြည့်ဝဆီတွေကိုရှောင်ရမယ်။ ချိုတဲ့မုန့်၊ အသီးအရွက်တို့ကိုရှောင်သင့်တယ်။ သရက်သီး စိမ်းစားသင့်တယ်။ အမှည့်မစားရပါ။

**၅။ အစာတွေရဲ့ ကာဗိုဟိုက်ဒြိတ်စံနှုန်း**

ဆရာဝန်တွေဟာ ဆီးချိုဝေဒနာရှင်တွေကို ဆန်၊ ဂျုံစတဲ့ကာဗိုဟိုက်ဒြိတ်ပါတဲ့ အစာတွေစားရာမှာ ဘယ်လောက်သား စသည်ဖြင့် ညွှန်ကြားတတ်တယ်။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း စားသင့်တယ်။ ကာဗိုဟိုက်ဒြိတ် (ကစီ) တစ်မျိုးမှ ကယ်လိုရီ ၅၀ ပါတယ်။ ကာဗိုဟိုက်ဒြိတ် ၁၀ ဂရမ်နဲ့ ထမင်း ၁၀ ဂရမ်မတူပါ။ ထမင်းမှာ ရေဓာတ်၊ အမျှင်ဓာတ်ပါနေလို့ ထမင်း ၅၀ ဂရမ်မှာ ကာဗိုဟိုက်ဒြိတ်ဓာတ် ၁၀ ဂရမ်ပါဝင်တယ်။ ၃ ကျပ်သားကို ၁၆ ဂရမ် သုည ဒသမ ၅ အောင်စ တစ်ဇွန်းပါတယ်။

**ဒေါက်တာလွင်သန့်(ဆေး-၂)**




# အစေ့အဆန်နဲ့ အခွံမာသီးအဆန် လက်တစ်ဆုပ်စားခြင်းက အသက်ပိုရှည်နိုင်

ဟေါက်ဟေါက်

သက်ရှည်ကျန်းမာစေဖို့ ထွေထွေထူးထူး လုပ်စရာမလိုပါဘဲနဲ့ လူ့သက်တမ်းကို နှစ်နှစ်လောက် ပိုရှည်စေနိုင်မယ်ဆိုရင် သင်တို့အံ့ဩသွားကြလေမလား။ လက်တစ်ဆုပ်စာ ၃၀ ဂရမ်ခန့် ပမာဏရှိတဲ့ အစေ့အဆန်(အခွံမာသီးအစေ့)လေးတွေကို ရက်သတ္တပတ်လျှင် ငါးရက် ဒါမှမဟုတ် နေ့တိုင်းစားပေးရုံပါပဲ။ ၎င်းအစေ့အဆန်လေးတွေကို ကျန်းမာရေးသုတေသီတွေရဲ့ အကြီးစားလေ့လာမှုတစ်ရပ်ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ နေ့စဉ် လက်တစ်ဆုပ်ခန့်စားသုံးလေ့ရှိသူတွေဟာ ကင်ဆာရောဂါ၊ နှလုံးရောဂါနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် သေဆုံးမှုလျော့နည်းပြီး အသက်ရှည်ရှည်နေနိုင်တာကိုလေ့လာတွေ့ရှိခဲ့ရပါတယ်။



နောက်ထပ်လေ့လာမှုတစ်ရပ်မှာ မြေပဲ ဒါမှမဟုတ် အခွံမာသီးအစေ့အဆန်ကို ရက်သတ္တပတ်အတွင်း လက်နှစ်ဆုပ်စာလောက် သာစားလေ့ရှိတဲ့ အမျိုးသမီးတွေဟာ ရက်သတ္တပတ်အတွင်း နာရီတော်တော်များများ ခပ်သွက်သွက် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်တဲ့ အမျိုးသမီးတွေလိုပဲ ကျန်းမာရေးအကျိုးကျေးဇူးရရှိနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့က Harvard University သုတေသီတွေရဲ့ လေ့လာဆန်းစစ်ချက်အရ မြေပဲနဲ့ ပြုလုပ်ထားတဲ့ ထောပတ်မြေပဲကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှုန်းနဲ့ တစ်ပတ်မှာ ငါးရက် ဒါမှမဟုတ် နေ့တိုင်းစားသုံးတဲ့ အမျိုးသမီးတွေဟာ လုံးဝမစားတဲ့ ဒါမှမဟုတ် တစ်ကြိမ်တည်းသာစားတဲ့ အမျိုးသမီးတွေထက် နှလုံးရောဂါဖြစ်နိုင်ခြေ အလားအလာကို ထက်ဝက်မျှလျော့ချပေးနိုင်တယ်လို့ဆိုပါတယ်။ ဆယ်ကျော်သက်မိန်းကလေးတွေအနေနဲ့လည်း မြေပဲ ဒါမှမဟုတ် အခွံမာသီးအစေ့အဆန်ကို တစ်ပတ်မှာ အနည်းဆုံးတစ်ကြိမ်နဲ့အထက် စားသုံးသူတွေမှာ ရင်သားကင်ဆာဖြစ်နိုင်ခြေနည်းပါးတယ်လို့ အဖြေထွက်ရှိခဲ့ပါတယ်။

အဲဒီကိစ္စနှင့်ပတ်သက်ပြီး လေ့လာမှုအကြိမ် ၂၀ ခန့်ပြုလုပ်ပြီးတဲ့အခါမှာ လက်တစ်ဆုပ်စာပမာဏရှိတဲ့ အစေ့အဆန်တွေကို နေ့စဉ်တစ်ကြိမ် ဒါမှမဟုတ် နှစ်ကြိမ်တိတိ စားသုံးသူတွေဟာ အဝမလွန်စေတဲ့အပြင် ကိုယ်အလေးချိန်ကိုပါ ကျစေနိုင်ပါတယ်။ လေ့လာမှုတစ်ခုအရ pistachio ခေါ် အစိမ်းရောင် ဆိမ့်ပြီးအဆန်ပါတဲ့ အခွံမာသီး အလုံး ၁၂၀ တိတိ (ကယ်လိုရီ ၃၀၀၀၀ ခန့်) ကို သုံးလတာ နေ့စဉ်စားသုံးပေမယ့်လည်း ကိုယ်အလေးချိန် ၁ အောင်စတောင် တက်မလာတာကို အတည်ပြုနိုင်ခဲ့တယ်။

အစာချေဖျက်စဉ် အစာချေလမ်းကြောင်းတစ်လျှောက်မှာ ကယ်လိုရီ ၁၀ ရာခိုင်နှုန်းဟာ သူ့အလိုအလျောက်ပျောက်ပျက်သွားကြပါတယ်။

တခြားအစားအစာတွေနဲ့ နှိုင်းယှဉ်တဲ့အခါ အစေ့အဆန်တွေဟာ လူကိုအချိန်တိုအတွင်းမှာပဲ ကယ်လိုရီ ၇၀ ရာခိုင်နှုန်းတင်းတိမ်ရောင့်ရဲစေနိုင်တာကြောင့် နောက်ထပ်အစာစားချင်စိတ်ကို ချိုးနှိမ်ထားနိုင်ပါတယ်။

ကယ်လိုရီ ၂၀ ရာခိုင်နှုန်းက ခန္ဓာကိုယ်တွင်း ဇီဝဖြစ်ပျက်မှုကိုတိုးတက်ကောင်းမွန်စေပြီး အဲဒီလိုဇီဝဖြစ်ပျက်နေစဉ်မှာပင် ခန္ဓာကိုယ်ထဲက အဆီပိုတွေကိုလောင်ကျွမ်းသွားစေပါတယ်။ သုတေသီတွေရဲ့ အဆိုအမိန့်အရ အရွယ်ရောက်ပြီး ကျန်းမာရေးကောင်းသူတွေဟာ



အစာစားပြီးနောက် ရှစ်နာရီအတွင်း အဆီ ၂၀ ဂရမ် လောင်မြိုက်နိုင်တယ်။ သို့သော် သစ်ကြားသီးကတော့ အဆီလောင်မြိုက်ချိန် အတန်ငယ်ပိုကြာမှာဖြစ်ပါတယ်။

ဒါကြောင့် အသက်ရှည်ရှည်နေနိုင်ဖို့ မြေပဲလို အခွံမာသီးအစေ့အဆန်လေးတွေကို နေ့စဉ် လက်တစ်ဆုပ်စာလောက်စားပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

# မြန်မာနိုင်ငံ၌ အမျိုးသမီးကျန်းမာရေးဆိုင်ရာ အထူးကုဆေးရုံငါးခုဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ၌ အမျိုးသမီးကျန်းမာရေးဆိုင်ရာ အထူးကုဆေးရုံငါးခုဖွင့်လှစ်ရန် ထိုင်းနိုင်ငံ ဗန်ကောက် Chain Hospital Public Co.,Ltd. နှင့် နေမြန်မာကုမ္ပဏီအုပ်စုတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပုဂ္ဂလိကဆေးရုံလုပ်ငန်းများလုပ်ဆောင်ရန် နေမြန်မာကုမ္ပဏီအုပ်စုနှင့် ထိုင်းနိုင်ငံ ဗန်ကောက် Chain Hospital Public Co.,Ltd. တို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်သည်။ အဆိုပါ အမျိုးသမီးကျန်းမာရေးဆိုင်ရာ အထူးကုဆေးရုံငါးခုကို ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း စီမံကိန်းရေးဆွဲအကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆေးရုံများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးရုံများ စီမံကိန်းဒါရိုက်တာ ဒေါက်တာနီလာဟန်က ပြောသည်။

“ဒီဆေးရုံတွေမှာ အမျိုးသမီးတွေအားလုံးရဲ့ကျန်းမာရေးနဲ့ပတ်သက်သမျှကို အဓိကကုသပေးမှာဖြစ်ပါတယ်။ စီမံကိန်းကိုတော့ ရှစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှာပါ။ အမျိုးသမီးထုရဲ့ ကျန်းမာရေးအတွက် ဒီစီမံကိန်းကိုဆောင်ရွက်တာလည်း ဖြစ်ပါတယ်” ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါဆေးရုံများ၌ နည်းပညာပိုင်းဆိုင်ရာတစ်ခုတည်းကိုသာ ဦးစားပေးရင်းနှီးမြှုပ်နှံမည်မဟုတ်ဘဲ ကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများ စသည့် လူ့စွမ်းအားအရင်းအမြစ်များကိုပါ ဦးစားပေး မွေးထုတ်သွားမည်ဖြစ်ကြောင်းနှင့် ပထမဆုံးစီမံကိန်းအစိတ်အပိုင်းတစ်ခုအနေဖြင့် ဧပြီနှင့်မေလတို့တွင် အမျိုးသမီးကျန်းမာရေးဆိုင်ရာအထူးကုဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)လမ်း၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သဲသဲ**

# ဘေးထွက်ဆိုးကျိုးနည်းပါးသည့် တီဘီဆေးသစ်နှစ်မျိုးဖြင့် ဆေးယဉ်ပါး တီဘီရောဂါဝေဒနာရှင်များအား အောင်ဆန်းတီဘီဆေးရုံ၌ ကုသပေးမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်ဆန်းတီဘီဆေးရုံ၌ ဘေးထွက်ဆိုးကျိုးနည်းပါးသည့် တီဘီဆေးသစ်နှစ်မျိုးဖြင့် အခြေအနေဆိုးသော ဆေးယဉ်ပါးတီဘီရောဂါဝေဒနာရှင်များအား ကုသပေးမည်ဖြစ်ကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့(မြန်မာ) end TB စီမံကိန်းမှ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လတ်တလောထုတ်ပြန်ထားသော စည်းမျဉ်းများအရ အဆိုပါ တီဘီဆေးသစ်နှစ်မျိုးထဲမှ ဘက်ဒါကွီလိုင်း (Bedaquiline) ဆေးအသုံးပြုသည့် လူနာ ၆၀ ရာခိုင်နှုန်းမှာ ရောဂါပျောက်ကင်းကြသကဲ့သို့ ဒါလာမီနိတ် (Delamanid) ဆေးအသုံးပြုသော လူနာများမှာ ၂၄ လတာကုသမှုအပြီးတွင် ၇၅ ရာခိုင်နှုန်းခန့် ရလဒ်ကောင်းများရရှိကြောင်း သိရသည်။

အဆိုပါကုသမှုသည် လ ၂၀ ကြာမြင့်မည်ဖြစ်ပြီး အသုံးပြုနေဆဲဆေးဝါးများလည်း ယင်းကုထုံးတွင် ပါဝင်မည်ဖြစ်ကာ ယခုနှစ်တွင် ယင်းဆေးများပါဝင်သော ကုသမှုအသစ် ၁၀ ခုလုပ်ဆောင်မည်ဖြစ်သည်။ ကုသမှုပြုလုပ်ရာတွင် အခြေအနေဆိုးသည့် ဝေဒနာရှင်များကို ဦးစားပေးကုသပေးမည်ဖြစ်ကြောင်း end TB စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူတစ်ဦးကပြောသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (NTP) ကလည်း Bedaquiline ဆေးဖြင့် ကုသရန်ကိုက်ညီသည့် လူနာ ၁၀ ဦးအား ထပ်မံကုသပေးမည်ဖြစ်ပြီး တီဘီဆေးသစ်နှစ်မျိုးစလုံးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အသိအမှတ်ပြု ၂၀၁၄ ခုနှစ်တွင် စတင်ထုတ်လုပ်ထားသည့် ဆေးဝါးများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းလျှင် တီဘီရောဂါဝေဒနာရှင်အသစ် ၃၇၀ ခန့်ဖြစ်ပွားလျက်ရှိပြီး တီဘီရောဂါဝေဒနာရှင်အသစ်များထဲမှ ၅ ရာခိုင်နှုန်းနှင့် ပြန်လည်ဖြစ်ပွားသော တီဘီရောဂါဝေဒနာရှင်များထဲမှ ၂၇ ရာခိုင်နှုန်းမှာ ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားနေကြောင်း သိရသည်။

**(၄၄၇)**

# အင်းဝခေတ်က နိုင်ငံခြားသားဆင်နွှဲသော မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

ဒေါက်တာမောင်ဖြေ



**အင်းဝခေတ် ပဲခူးမြို့ဝန်၏ သင်္ကြန်ရေကစားကြပုံနှင့် မြန်မာတို့၏ နှစ်ကူးသင်္ကြန်ပွဲတော်ကို နိုင်ငံခြားသားတို့ အေးမြသောရေစင်ဖြင့် ပါဝင်ဆင်နွှဲကြခြင်းသည် မြန်မာသင်္ကြန်ပွဲ၏ အနှစ်သာရ အဓိကယဉ်ကျေးမှုဖြစ်သည်။ ထိုမှတ်တမ်းအရ․․․․․**

မြန်မာလူမျိုးတို့ အစဉ်အလာအရ မှတ်သားကြသော လများမှာ တစ်ဆယ့်နှစ်လရှိ၏။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးရှိရာတွင် တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လ၊ နယုန်လသည် နွေဥတု၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လသည် မိုးဥတု၊ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလသည် ဆောင်းဥတုဟူ၍ လေးလစီပျမ်းမျှပါဝင်နေကြသည်။ လစဉ်သတ်မှတ်ရာတွင်လည်း လဝင်၊လထွက်၊လ၏ရွေ့လျားပြောင်းလဲမှုကို အကြောင်းပြု၍ သတ်မှတ်ကြသောကြောင့် လဆန်း၊ လပြည့်၊ လပြည့်ကျော်၊ လကွယ်ဟူ၍ သတ်မှတ်သုံးစွဲကြသည်။

မြန်မာနိုင်ငံ၌ ရာသီတိုင်း၊လတိုင်းတွင် ရာသီပွဲတော်များရှိသည်။ တန်ခူးလ၏ ရာသီပွဲတော်သည် သင်္ကြန်ပွဲတော်၊ အတာကူးပွဲတော်၊ နှစ်သစ်ကူးပွဲတော်ဟူ၍ ခေါ်ဆိုကျင်းပဆင်နွှဲကြသည်။

သင်္ကြန်ဟူသောဝေါဟာရသည် "သင်္ကန္တ" ဟူသော ပါဠိဝေါဟာရမှဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်။ ပြောင်းလဲခြင်း၊ ရွေ့လျားခြင်းစသော အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် သင်္ကြန်ဆိုသည်မှာ တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ ရာသီခွင်ပြောင်းလဲခြင်းတို့ကို သင်္ကြန်ဟုခေါ်ဆိုကြသည်။ တစ်နည်းအားဖြင့် တနင်္ဂနွေဂြိုဟ်မင်းသည် တောင်ဘက်ဒက္ခိဏာယာဉ်စွန်းတန်းမှ မြောက်ဘက်ဥတ္တရယာဉ်စွန်းတန်းသို့ပြောင်းရွှေ့ခြင်းကြောင့် ရွေ့လျားသောအဓိပ္ပာယ်ကိုလည်း ခေါ်ဆိုနိုင်ပေသည်။

တချို့က သင်္ကြန်ဟူသောဝေါဟာရသည် မြန်မာစကားသတ်သတ်ဖြစ်သည်ဟု ယူဆကြသည်။ "ခေါင်းဆေးသင်္ကြန် ကောင်းညွှန့်လျှံ မကျန်စုံစွာ" ဟူသော ကဝိလက္ခဏာသတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာကြန်အင်လက္ခဏာတို့တိုးပွားလာရန် သုတ်သင်ဆေးကြော၍ ခေါင်းဆေးမင်္ဂလာပြုပြင်ခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ရေးသားကြသည်။

ပတိဋ္ဌာကနိပါတ် ဒသပြဟ္မဇာတ်၌ ဘုရင်မင်းများ ခေါင်းဆေးမင်္ဂလာပြုကြောင်း၊ သင်္ကြန်တော်ခေါ်ကြောင်းဖော်ပြထားသဖြင့် ရှေးမင်းဧကရာဇ်တို့ သင်္ကြန်တော်ခေါ်ထုံးအစဉ်အလာရှိကြောင်း တင်ပြအပ်ပါသည်။

ပုဂံခေတ်၌ တခြားလများတွင် သင်္ကြန်ကျသောနှစ်များ ရှိဖူးသည်ဟုဆိုပါသည်။ အများသိသော တန်ခူးသင်္ကြန်သည် "အာဒိတျနှစ်" ဟူ၍ ခေါ်ဆိုကြောင်း ဇနပပတ္တိကကျမ်းတွင်ပါရှိပေသည်။ ဇောတိသတ္တဗေဒကျမ်း၌ တစ်နှစ်တွင် တစ်ဆယ့်နှစ်သင်္ကြန်ရှိသည်ဟု ဖော်ပြထားသည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတိုင်းတွင် ရိုးရာယုံကြည်မှုဆိုင်ရာ၊ ဗုဒ္ဓသာသနာဆိုင်ရာ ရာဇဝင်နောက်ခံသမိုင်းပုံပြင်ဆန်မှုများ၊ သင်္ကြန်ပွဲတော်နှင့်သက်ဆိုင်သော စိတ်ဝင်စားဖွယ်များရှိသည်။ ထိုအထဲတွင် မြတ်ဘုရားရှင်သာသနာတော်ကို သိကြားမင်းစောင့်ရှောက်သော ခေတ်ဖြစ်သည့်အလျောက် သိကြားမင်းသည် နှစ်စဉ်သင်္ကြန်အချိန်တွင် လူ့ပြည်သို့ဆင်းသက်လာပြီး သုစရိုက်၊ ဒုစရိုက်အကျင့်ကောင်း၊ အကျင့်ဆိုးကျင့်ကြသောလူတို့ကို စစ်ဆေးပြီးလျှင် စာရင်းကောက်ယူသည်ဟု ဆိုသည်။ သုစရိုက်ကျင့်ကြသော သူတော်ကောင်းတို့ကို ရွှေပုရပိုက်တွင်ရေးမှတ်ပြီး ဒုစရိုက်ကျင့်ကြသော သူယုတ်မာတို့ကိုမူ ခွေးရေပုရပိုက်တွင် ရေးမှတ်စာရင်းသွင်းသည်ဟု မှတ်ယူနေကြသည်။

သင်္ကြန်အကျနေ့သည် တာဝတိံသာနတ်ပြည်မှ သိကြားမင်း လူ့ပြည်သို့ဆင်းသက်လာသောနေ့ဖြစ်၍ အကြတ်နေ့တွင် သိကြားမင်းလူ့ပြည်၌ လှည့်လည်ကြီးကြပ်စစ်ဆေးစာရင်းကောက်ယူမှတ်တမ်းတင်သောနေ့ဟုဆိုသည်။ အတက်နေ့ကား ကြီးကြပ်စစ်ဆေးစာရင်းကောက်ပြီး သိကြားမင်းတာဝတိံသာနတ်ပြည်သို့ ပြန်လည်တက်ရောက်သွားသောနေ့ဖြစ်သည်ဟု ဆိုထား၏။

သင်္ကြန်အကြိုနေ့တွင် မြေအိုးငယ်အသစ်၌ သန့်စင်သောရေအေးဖြင့် အမွှေးနံ့သာများထည့်ပြီးလျှင် တနင်္ဂနွေ-အုန်းလက်၊ တနင်္လာ-ကံ့ကော်ညွှန့်၊ အင်္ဂါ-ဆီးညွှန့်၊ စိန်ပန်းညွှန့်၊ ဗုဒ္ဓဟူး-ရွက်လှ၊ ရင်ခတ်ညွှန့်၊ ကြာသပတေး-မြေစာညွှန့်၊ သောကြာ-သီးညွှန့်၊ သပြေညွှန့်၊ စနေ-ထန်းညွှန့်၊ ဒန်းညွှန့်၊ ဒေါနပန်းစသည်တို့ဖြင့်ပြင်ဆင်ပြီး အိမ်ဦးတွင် အတာအိုးဖြင့် သင်္ကြန်ကိုကြိုဆိုသည့်အစဉ်အလာရှိခဲ့သည့်အတွက် အန္တရာယ်ကင်း၍ မင်္ဂလာရှိစေရန် ဆောင်ရွက်ကြရသည်။

မြန်မာနှစ်ကူးသင်္ကြန်ပွဲကို နှစ်ခြိုက်စွာပါဝင်ဆင်နွှဲခဲ့ကြသော နိုင်ငံခြားသားဧည့်သည်များ၏ သင်္ကြန်ကစားပုံမှတ်တမ်းကိုလည်းတွေ့ခဲ့ရသည်။ သာဓကတစ်ခုကို ဖော်ပြရပါလျှင် အေဒီ ၁၇၈၂-၁၈၁၉ တွင် ဘိုးတော်ဗဒုံမင်းလက်ထက် အေဒီ ၁၇၉၅ ခုနှစ်က ဘိုးတော်ဘုရားထံလာရောက်ခစားသော ဗြိတိသျှသံအမတ်ကြီး မေဂျာမိုက်ကယ်ဆိုင်းသည် သူကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ရသော မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပွဲတော်အကြောင်းကို ရေးသားပြီး ၁၈၀၀ ပြည့်နှစ်က လန်ဒန်မြို့၌ ပုံနှိပ်သော "အင်းဝနိုင်ငံတော်ကြီးသို့ ရောက်ရှိခဲ့သော ဗြိတိသျှသံအဖွဲ့အစီရင်ခံစာ စာအုပ်" တွင် မိုက်ကယ်ဆိုင်းသည် ပဲခူးမြို့တော်ဝန်နှင့် သင်္ကြန်ဆင်နွှဲခြင်းကို ဖော်ပြထားခြင်းဖြစ်သည်။

ထိုစာအုပ်ထဲတွင်"ဧပြီ ၁၂ ရက် မြန်မာနှစ်၏ နောက်ဆုံးနေ့တွင် ကျွန်ုပ်တို့အား မြန်မာတစ်ပြည်လုံးတွင်ဆင်နွှဲသော အတာကူးသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲပါရန် မြို့ဝန်မင်းက ဖိတ်ကြားလာပါသည်။

ထိုနေ့သည်ကား ရာသီစက်ခွင်တစ်ပတ်လည်သောနှစ်၏ နောက်ဆုံးနေ့ဖြစ်သည်။ အတိတ်ကအညစ်အကြေးဒုစရိုက်များကို သန့်စင်ဆေးကြောပေးရန်၊ နှစ်သစ်ကိုစတင်ရာတွင် အညစ်အကြေးဒုစရိုက်များနှင့်ကင်းလွတ်စေရန် ဤနေ့တွင် မြန်မာအမျိုးသမီးပျိုတို့သည် သင်္ကြန်ရေဖြင့်ပက်ဖျန်းသွန်းလောင်းလေ့ရှိသည်။ ထိုအခါအမျိုးသားတို့ကလည်း ပြန်လည်၍ ရေလောင်းခွင့်ရှိသည်။

ဤသို့ လွတ်လပ်စွာအပြန်အလှန် ရေပက်ဖျန်းသွန်းလောင်းခွင့်ကိုအကြောင်းပြုပြီး အပြစ်ကင်း၊ အန္တရာယ်ကင်းသော ပျော်ရွှင်မှုတစ်ခုဖြစ်ပေါ်လာသည်။ အထူးသဖြင့် အမျိုးသမီးများသည် ရေအိုး၊ ရေမှုတ်၊ ရေဖလား၊ ရေခွက်တို့ဖြင့် သန့်စင်သောသင်္ကြန်ရေကို ပက်ဖျန်းကြသည်။ အလားတူ အမျိုးသားတို့ကလည်း ပြန်လည်တုံ့ပြန်၍ သင်္ကြန်ရေလောင်းသောအခါ အငြိုအငြင်ကင်းရှင်းစွာ ပျော်ပျော်ပါးပါးရေပက်ခံကြသည်။

ဤသင်္ကြန်ရေအပြန်အလှန်သွန်းလောင်းသောပွဲတွင် မဖွယ်မရာကိစ္စ၊ဟီရိဩတ္တပ္ပနှင့်မကင်းသောအပြုအမူအပြောအဆိုဟူ၍ စိုးစဉ်းမျှမရှိပါ။ မတွေ့ရှိခဲ့ရပါ။

ညစ်ညမ်းသောရေဖြင့် လုံးဝမပက်ဖျန်းကြပါ။ အမျိုးသားများသည် အမျိုးသမီးများအား ဆွဲကိုင်တွေ့ထိမှုလုံးဝမပြုရပါ။ သို့သော် အမျိုးသမီးကစ၍ ရေပက်ပါလျှင် အမျိုးသားကလည်း ပြန်၍ရေပက်ခြင်းကို စိတ်ကျေနပ်သည်အထိ ယဉ်ကျေးစွာပက်နိုင်သည်။ သို့သော် အမျိုးသမီးသည်ရေပက်ကစားခြင်းတွင် မပါဝင်လိုဟုအသိပေးထားပါက မည်သူကမျှရေမပက်ကြပါ။

နေမစောင်းမီ တစ်နာရီအလိုတွင် ကျွန်ုပ်တို့သည် မြို့ဝန်မင်းအိမ်တော်သို့ရောက်သွားသည်။ မြို့ဝန်မင်းကတော်သည် ရေသဘင်ပွဲဆင်နွှဲရန် ရောက်လာသူတို့အား အသင့်စောင့်ကြိုနေသည်။ ခန်းမကြီး၌ ရေအပြည့်ရှိသောကြီးမားသော စဉ့်အိုးကြီးသုံးလုံးထည့်ထားသည်။ ခပ်ပက်စရာရေမှုတ်၊ ရေဖလားကြီးများလည်းရှိသည်။အိမ်တော်အတွင်းသို့ ရောက်လာသော ကျွန်ုပ်တို့အား နှင်းဆီရေမွှေးတစ်ပုလင်းကျစီ လက်ဆောင်ပေးသည်။ထိုရေမွှေးပုလင်းများထဲက အနည်းငယ်စီကို မြို့ဝန်မင်းလက်ဖဝါးအတွင်းသို့ ကျွန်ုပ်တို့က ကိုယ်စီသွန်းဖျန်းပေးကြသည်။

မြို့ဝန်မင်းဝတ်ထားသော ပိုးပုဆိုး၊ သိုရင်းအင်္ကျီရှည်တို့ပေါ်သို့ ရေပက်ဖျန်းလိုက်သည်။ တံခါးအဝင်တွင် မြို့ဝန်မင်းကတော်ရောက်လာပြီး သင်္ကြန်ရေပက်ပွဲတွင် မပါဝင်လိုကြောင်း ကျွန်ုပ်တို့သဘောပေါက်နားလည်အောင် လက်ဟန်နှင့်ပြောပြသည်။ သို့သော် သူမ၏အကြီးဆုံးသမီးချောကလေးသည် ရွှေဖလားတွင် နှင်းဆီရေမွှေးနံ့သာရည်ကိုရောစပ်ထားသော သင်္ကြန်ရေကို ပထမ သူမ၏ဖခင်ပေါ်သို့သွန်းလောင်းလိုက်သည်။ နောက်ဧည့်သည်များအား တစ်ဦးစီပက်ဖျန်းပေးသည်။ သင်္ကြန်ရေပက်ပွဲကြီး စတင်သောလက္ခဏာဖြစ်သည်။

သင်္ကြန်ရေသဘင်အတွက် ချည်ထည်နှင့်ချုပ်ထားသော ဝတ်စုံများဝတ်ဆင်လာကြသည့် ၁၀ ဦးမှ ၁၂ ဦးခန့်ရှိသော အမျိုးသမီးတို့မှာ ခန်းမကြီးထဲသို့ ရုတ်တရက်ဝင်လာကြပြီး ဝိုင်း၍ရေပက်ကြသည်။ ကျွန်ုပ်တို့မှာ အမျိုးသမီးအဖွဲ့၏ရေကို အငိုက်မိသွားသည်။ မြို့ဝန်မင်းသည်ပင် ကျွန်ုပ်တို့နှင့်အတူ နောက်ဆုတ်ပြီး ခံစစ်အနေအထားသို့ ရောက်ရှိနေသည်။ သို့သော် ကျွန်ုပ်တို့သည် ရေအပြည့်ရှိသော စဉ့်အိုးကြီးတစ်လုံးကို အပိုင်စီးမိသည်နှင့် ရေကုန်သည်ထိ နေရာမရွှေ့နောက်မဆုတ်ဘဲ တုံ့ပြန်ပက်လိုက်ကြသည်။

နောက်ဆုံးနှစ်ဦးနှစ်ဖက်စလုံး ပင်ပန်းသွားကြပြီး ကျေနပ်ကြပြီဖြစ်သောကြောင့်လည်းကောင်း၊ ရေများစွတ်စွတ်စိုရွှဲနေပြီဖြစ်သောကြောင့်လည်းကောင်း အဝတ်လဲရန် ကျွန်ုပ်တို့သံတဲသို့ ပြန်လာကြသည်။ အပြန်လမ်းတစ်လျှောက်တွင် မိန်းမပျိုလေးများစွာကို တွေ့ရသည်။ သူတို့သည်ရေပက်ရန် မဝံ့မရဲဖြစ်နေရှာသည်။နိုင်ငံခြားသားသူစိမ်းများဖြစ်၍ မတော်လှုပ်ဟုနောက်တွန့်နေကြသည်။

သို့သော် သူတို့နှင့်သိကျွမ်းပြီးဖြစ်သော မြန်မာများကိုမူချမ်းသာမပေးကြ။ ဆိုင်းမဆင့်ဗုံမဆင့်ဝိုင်းပက်ကြတော့သည်။ သင်္ကြန်ရေစိုရွှဲ၍ ကျန်းမာရေးထိခိုက်မည်ကို မစိုးရိမ်ရပါ။ ရာသီဥတုက ရေစိုရွှဲခြင်းကို အထောက်အကူဖြစ်နေသည်။ အအေးမိဖျားနာမည့်အန္တရာယ်လည်းမရှိပါ။ အဝတ်ခြောက်များလဲဝတ်ပြီးနောက် မြို့ဝန်မင်းအိမ်သို့ ပြန်ရောက်သွားကြရာ မြန်မာ့ရုပ်သေးအကများဖြင့် ဖျော်ဖြေကြသည်မှာ ည ၁၁ နာရီအထိကြာသည်" ဟု ရေးသားထားသည့်သင်္ကြန်နှင့်ပတ်သက်သော မှတ်တမ်းရှိခဲ့သည်။

အင်းဝခေတ် ပဲခူးမြို့ဝန်၏ သင်္ကြန်ရေကစားကြပုံနှင့် မြန်မာတို့၏ နှစ်ကူးသင်္ကြန်ပွဲတော်ကို နိုင်ငံခြားသားတို့ အေးမြသောရေစင်ဖြင့် ပါဝင်ဆင်နွှဲကြခြင်းသည် မြန်မာသင်္ကြန်ပွဲ၏ အနှစ်သာရ အဓိကယဉ်ကျေးမှုဖြစ်သည်။ ထိုမှတ်တမ်းအရ မြန်မာ့ယဉ်ကျေးမှုကို တိုင်းတစ်ပါးသားများကျင့်သုံးခြင်း၊ မြန်မာ့ရုပ်သေးပွဲသဘင်ကို ညလုံးပေါက်မပြဘဲ ည ၁၁ နာရီအထိ ပြသခြင်းတို့သည် အတုယူဖွယ်ဖြစ်ပေသည်။

နှစ်ကူးသင်္ကြန်ရေပက်ဖျန်းကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကိုဆေးကြောခြင်း၊ ရေစင်ကဲ့သို့ အေးမြကြည်လင်စေလိုခြင်း၊ ရေသည်အကြားမထင်ဆက်စပ်နေခြင်း၊ အချင်းချင်းစည်းလုံးချစ်ခင်စွာ နေထိုင်ဆက်ဆံကြခြင်းဟူသော မွန်မြတ်သောရည်ရွယ်ချက်များဖြစ်သည်။ထိန်းသိမ်းစောင့်ရှောက်အပ်သော ယဉ်ကျေးမှုဖြစ်သည်ဟု သုံးသပ်ကြသည်။ ယင်းကဲ့သို့သော ကောင်းမြတ်သည့်ယဉ်ကျေးမှုကို အဓွန့်ရှည်တည်တံ့နေအောင် ထိန်းသိမ်းရမည်ဖြစ်သည်။

ထိန်းသိမ်းရခြင်းကြောင့် လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးတို့တွင် မည်မျှအကျိုးကျေးဇူးရသည်ကို မြန်မာလူမျိုးတိုင်းနားလည်ကြသည်။ တန်ခူးလ သင်္ကြန်ကာလတွင် ရှောင်ကြဉ်ရမည်တို့မှာ"မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊ ကာမအိမ်ရာ၊ မေထုနာက၊ ပါနာသတ်ပုတ်၊ သောက်ထုတ်သေရက်၊မျက်ထွက်မာန၊ ပဋိဃနှင့်ဒေါသမလွတ်၊ ဆီပွတ်လိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်၊ အရောင်းအဝယ်၊ လဲလှယ်ဟူသည်၊ ဤဆယ်မည်ကို၊ လူပြည်၌တွင်၊ လူတွင်စင်ထား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှမပြုရရှာ၊ ရှောင်ကြဉ်ရာဟု၊ ကျမ်းလာသောအား၊ လင်္ကာကြားသည်၊ ဤကားသင်္ကြန်ခါအလိုတည်း"။ ။

# စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်း၏ သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲပြုလုပ်

**နေပြည်တော် ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ဧပြီ ၃ ရက် နေ့လယ်ပိုင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်း၏သင်ကြားပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ခြင်းနှင့် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို ပြုလုပ်ရာ သံသရာအေးကျောင်းတိုက်ဆရာတော် အမျူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေး စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်စဉ်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ပန်းဓမ္မစကူးလ်ကော်မတီဝင်များက ဓမ္မစကူးလ်ကျောင်းဖြစ်ပေါ်လာပုံ၊ သင်ကြားနည်းများနှင့်ကော်မတီ၏လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် အလှူရှင်များအား ဆုများနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီး ပေးအပ်ခဲ့ကြသည်။

စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်းကို သင်တန်းသား၊ သင်တန်းသူ ၄၆၅ ဦးဖြင့် ၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ ၂၀၁၆ ခုနှစ် မတ်လအထိ အပတ်စဉ်တနင်္ဂနွေနေ့တို့တွင်သင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀၆ ဦး သင်ယူပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)



**နွားနို့တိုက်ပါ**

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအမည်စာရင်းကိုလွှတ်တော်ကအတည်ပြု

**မန္တလေး ဧပြီ ၄**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမမြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စတင်၍ အစီအစဉ် ၁၅ ခုဖြင့်ကျင်းပသည်။

ယခုကျင်းပသည့်အစီအစဉ် ၁၅ ခုအနက် နိုင်ငံတော်သမ္မတက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးဌာနအရေအတွက်နှင့်ဝန်ကြီးဦးရေကို လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် အဆိုပြုသော တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်သို့ကြေညာခြင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်အမည်စာရင်းတို့ကို လွှတ်တော်သို့ကြေညာခြင်း၊ အဆိုပြုတင်သွင်းလာသည့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့အား လွှတ်တော်၏သဘောတူညီမှုကိုရယူခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လွှတ်တော်သို့ ဝန်ကြီးဌာနစာရင်းနှင့် ဝန်ကြီးအမည်များ အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းခြင်းကို လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန်တင်ပြခဲ့ရာ တက်ရောက်လာသူ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးက ကန့်ကွက်ရန်မရှိသဖြင့် အတည်ပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဝန်ကြီးဌာနခုနစ်ခုဖြင့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးနဝမမြောက်နေ့တွင် ဆုံးဖြတ်ခဲ့ကြပြီး ဝန်ကြီးဌာန ခုနစ်ခုအတွက် ဝန်ကြီးများခန့်အပ်နိုင်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် အဆိုပြုတင်သွင်းသည့် ဝန်ကြီးအမည်စာရင်းများမှာ ဒေါက်တာစိုးသန်း (ချမ်းအေးသာစံမြို့နယ်မဲဆန္ဒနယ်အမှတ် ၂)၊ ဦးဇာနည်အောင်(မဟာအောင်မြေမြို့နယ်မဲဆန္ဒနယ်အမှတ် ၁)၊ ဦးမျိုးသစ် (မိုးကုတ်မြို့နယ်မဲဆန္ဒနယ်အမှတ် ၁)၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမျိုးမင်းအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် ပြင်ပ ပညာရှင်များဖြစ်သည့် ဦးမြတ်သူ၊ ဒေါက်တာရဲလွင်နှင့် နိုင်ငံတော်သမ္မတမှ တိုက်ရိုက်ခန့်အပ်ထားသည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောတို့ဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်အေးဆွေနှင့် ဥပဒေချုပ်အဖြစ် ဦးအောင်ဝင်းတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဆိုပြုတင်သွင်းခဲ့ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ အတည်ပြုခန့်အပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးနဝမမြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြီးဆုံးကြောင်းကြေညာပြီး ဧပြီ ၅ ရက် နံနက် ၁၀ နာရီတွင် ပထမပုံမှန်အစည်းအဝေးဒသမမြောက်နေ့ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၇၃)

# အင်္ဂလိပ်စာအခြေခံသင်တန်းတက်ရောက်နေသူ ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်း အင်္ဂလိပ်စာအခြေခံသင်တန်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်းစီ၏ ကျန်းမာရေးတိုးတက်မှုအခြေအနေများကိုမေးမြန်း၍ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် တိုင်းအစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော အင်္ဂလိပ်စာအခြေခံသင်တန်းသို့သွားရောက်၍ သင်ကြားပို့ချနေမှုများကိုကြည့်ရှုစစ်ဆေးကာ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ထန်တလန်မြို့နယ်ရှိဆေးရုံများတွင် ဆေးကုသမှုခံယူနေသူများအားတွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၄**

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံ၊ မှောင်တလန်တိုက်နယ်ဆေးရုံနှင့် လုံလဲရ်တိုက်နယ်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် တာဝန်ရှိသူများသည် သွားရောက်ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်မှုများ ကူညီဆောင်ရွက်ရန် ယင်းဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားဆရာဝန်များအားတွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ဧပြီ ၃ ရက် ညနေပိုင်းတွင် ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲပြုလုပ်ရာ တိုင်းမှူးက တက်ရောက်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင် ထန်တလန်မြို့နယ်ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။

# မြန်မာ့စာတိုက်လုပ်ငန်းမှ စာပို့လုလင်နှင့် ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုရန်မေတ္တာရပ်ခံ

**နေပြည်တော် ဧပြီ ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၄ ရက် (ကြာသပတေးနေ့)နှင့် နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သော ဧပြီ ၁၈ ရက်(တနင်္လာနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့်ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဆေးရုံတက်ရောက်ကုသနေသူများအား ကြည့်ရှုအားပေး



နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေအား မေးမြန်းအားပေးကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်း ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။**







# ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီအင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီအင်္ဂလိပ်စာအခြေခံသင်တန်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အနော်ရထာခန်းမ၌ ဖွင့်လှစ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာပေသင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄၁ ဦးဖြင့် မေ ၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်း ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

## မိုးထစ်ချုန်းရွာမည်

**၅-၅-၂၀၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# လူထုစုပေါင်း ဘိန်းစိုက်ခင်းဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဆဒုံး-ကန်ပိုက်တီဒေသ၊ ထန်းမိုခမ်းကျေးရွာနှင့် ကောင်မိုင်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံဘိန်းစိုက်တောင်သူများ ပူးပေါင်းပါဝင်သော လူထုစုပေါင်းဘိန်းစိုက်ခင်းဖျက်ဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မတ် ၂၆ ရက်မှ မေ ၃ ရက်ထိဆောင်ရွက်ကြရာ စုစုပေါင်း ၄၀ ဒသမ ၅ ဧကခန့်ကို ပူးပေါင်းဖျက်ဆီးခဲ့သည်။

ကချင်ပြည်နယ်ဒေသအတွင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၆ ခုနှစ်၊ မေ ၃ ရက်အထိ ဘိန်းစိုက်ခင်းများဖျက်ဆီးမှုအနေဖြင့် ပူတာအို-ဆွမ်ပရာဘွမ်ဒေသတွင် ၉ ဒသမ ၇၅ ဧက၊ ချီဖွေ-ပန်ဝါဒေသတွင် ၅၇၀ ဒသမ ၄ ဧက၊ တနိုင်းဒေသတွင် ၄၇ ဒသမ ၅ ဧကနှင့် ဆဒုံး-ကန်ပိုက်တီဒေသတွင် ၁၅၆၀ ဒသမ ၃ ဧက၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ဒေသတွင် ၃၈ ဒသမ ၂ ဧက၊ စုစုပေါင်း ၂၂၂၆ ဒသမ ၁၅ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်ကာ လူထုစုပေါင်းဘိန်းစိုက်ခင်းဖျက်ဆီးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



**တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံဘိန်းစိုက်တောင်သူများ ဝိုင်းမော်မြို့နယ်အတွင်းရှိ ဘိန်းခင်းများဖျက်ဆီးစဉ်။**

# အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဗန်းမော်-မိုးမောက်-လွယ်ဂျယ်သွားကားလမ်းပေါ်ရှိ စိန်လုံစုပေါင်းစစ်ဆေးရေးဂိတ်၌ တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ဆေးမှုများဆောင်ရွက်စဉ် မေ ၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လွယ်ဂျယ်ဘက်မှ မိုးမောက်ဘက်သို့ ဗန်းမော်မြို့နေ ဦးသူရထွန်းလင်း(ဘ)ဦးညွန့်လွင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် မောင်ကျော်ဆန်း(ဘ)ဦးကျော်ဌေး လိုက်ပါလာသော ယူဒီအမျိုးအစား ၁၂ ဘီးယာဉ်၊ ယာဉ်အမှတ် 5A/ - - -- အား စစ်ဆေးရာ အကောက်ခွန်မဲ့သယ်ဆောင်လာသော HUANG အမျိုးအစား တစ်ဖက်နိုင်ငံလုပ်(ပုလင်း) ဘီယာ ၂၀၀ ဖာ၊ HUANG အမျိုးအစားဘီယာ(သံဘူး) ၂၀၀ ဖာ၊ ခေါက်ဆွဲဘူး ၅၀ ဖာ၊ ခေါက်ဆွဲထုပ် ၁၇၅ ဖာနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းကာလတန်ဖိုး ၃၄ သိန်းကျော်အား သိမ်းဆည်းရမိခဲ့သည်။



**ဖမ်းဆီးရမိ အကောက်ခွန်မဲ့ပစ္စည်းများကို တွေ့ရစဉ်။**

ထိုသို့ ဖမ်းဆီးရမိသူများနှင့် အကောက်ခွန်မဲ့သယ်ဆောင်လာသော ပစ္စည်းများအား လွယ်ဂျယ်မြို့၊ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကေအိုင်အေ(ကချင်)အဖွဲ့ထောင်ထားသော တိုက်မိုင်း တိုက်မိပေါက်ကွဲမှုကြောင့် ပြည်သူတစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် မေ ၄**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာနေ ဦးစိုးမြင့်(ဘ) ဦးဖိုးအောင်နှင့်ဇနီးဖြစ်သူ ဒေါ်ခင်ရွှေ(ဘ) ဦးဘိုနီတို့သည် ဆားမှော်ကျေးရွာ၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာရှိ ပန်ဒေါင်ချောင်းသို့ မေ ၃ ရက်က ငါးရှာရန်သွားရောက်ရာ နံနက် ၈ နာရီခန့်တွင် ဒေါ်ခင်ရွှေသည် လှည်းလမ်းဘေးသို့သွားရောက်စဉ် ကေအိုင်အေ(ကချင်)အဖွဲ့မှထောင်ထားသည့် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် ဝဲနံစောင်နှင့် ဝဲခြေသလုံးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာသည် မိုးကောင်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရာ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ထိုမှတစ်ဆင့် မြစ်ကြီးနားပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk





Myanmar officially opens Yangon Stock Exchange on December 9.

## New listing companies to be picked for YSE

**Yangon April 4**

Myanmar Securities Exchange Supervisory Commission will choose new listing companies for the country's first-ever Yangon Stock Exchange.

Dr. Maung Maung Thein, chair of the commission said, "The commission will select other companies shortly after six listed companies have sold off all their shares. At least 10 companies can make share trading during this year."

Yangon Stock Exchange was opened at the old Myawady Bank (headquarters) on December 9, 2015. Of the listed companies, the First Myanmar Investment Co firstly got the green-light for the public listing on March 25, with the opening price of Ks - 26,000 per share.

Due to high demand, the value of a share had gone up to Ks - 31,000 on the opening day. The share price stood at Ks - 39,000 on March 31 and Ks - 31,000 on April 1 respectively.

Myanmar Thilawa SEZ Holdings public company would be next in line to list at the Yangon Stock Exchange, after the FMI. It may get the green-light in the last week of April.

Six listed companies are the FMI Co, Myanmar Thilawa SEZ Holdings Public Co, Myanmar Citizens Bank, First Private Bank Ltd, Myanmar Agribusiness Public Corporation Co and Great Hor Kham Public Co.

KBZ Stirling Coleman Securities Co, Myanmar Securities Exchange Center, AYA trust Securities Co and KTzRH Securities will sell shares of six listed companies.

The Yangon Stock Exchange is established with a 51 per cent stake owned by Myanmar Economic Bank and a 49 per cent stake by Japan Daiwa Institute of Research and Japan Exchange Group. **MMK**

## *Gold price falls by around Ks-20,000*

**Yangon April 4**

Gold price in Myanmar declines by around Ks-20,000 on April 4 due to the decrease in global gold price, according to the goldsmiths.

Although gold price in the world market is USD-1,232 per ounce on April 1, the price decreases to USD-1,220 per ounce on April 4. Similarly, gold price in Myanmar falls from Ks-790,000 to Ks-768,000 per tickle.

"World gold price is heading downturn and gold price in Myanmar also falls. Also, the value of dollar is falling and the gold price may fall further. Transaction is normal at this time of moment," said U Zaw Aung, an owner of Teik Sein Goldsmith Shop.

Together with the falling gold price in the world market, the exchange rate in Myanmar falls from Ks-1,210 on April 1 to Ks-1,180 on April 4 per dollar according to the market price.

"Compared with the world gold price, gold price in Myanmar is still higher by Ks-10,000. If dollar price falls in the future, Myanmar gold price may also decrease later. Gold price is stable in the world market and it may head downwards," said U Maw Maw, general manager of Aung Tha Mar Di Gold Shop.

Gold price in Myanmar is depending on the world gold price and dollar price. In 2015, dollar price increased and gold price in Myanmar reached up to Ks-803,000 per tickle. Similarly, increased gold price in the world market pushed the gold price up to Ks-809,500 per tickle in 2016. **MMK**

## *Myanmar Idol's final contest to be held on April 8*

**Yangon April 4**

The final contest of Myanmar Idol, a popular singing contest in Myanmar, will be held on April 8 and it includes the entertainment of the singing contest as well as the performance of the famous artists.

Top-5 show of Myanmar Idol was held on April 1 and, M Zaw Rain, Saw Lah Htaw Wah and Nin Zi May won most of the vote of the fans, having a chance to compete in the final contest.

This singing contest is the first in Myanmar. The organizers held contests in Yangon, Mandalay, Taunggyi, Mawlamyine and Pathein, and chose top eleven (top-11) out of over 8,000 to hold the first Myanmar Idol in Myanmar.

Based on the number of the fans' vote, the competitor has a chance to reach the next step. Fans can vote their favourite singer via SMS and Facebook. Although it is based on the number of the fans' vote, there are criticisms in every step of the tournament.

However, the last three who were voted to join the final contest were the same persons most popular among the fans. Moreover, these three contestants gave words of thanks via Facebook to the fans and called for fans to support them in the final day of the Myanmar Idol.

Additionally, these three contestants will be chosen in progress with the number of vote given by the fans and the winner of the Myanmar Idol will be awarded Ks-20 million and signed for a solo album.

**Aung**

# Myanmar Employers Union to be formed

**Yangon April 4**

With the aim of resolving employer-employee disputes, the Union of Myanmar Federation of Chambers of Commerce and Industry will set up Myanmar Employers Union, according to U Aye Lwin, general-secretary of the UMF CCI.

The union will comprise other organizations including the UMF CCI. The formation of the Union will have to take a certain period of time as it will include many organizations. Efforts are being made to form it during this year. It aims to deal with the reports on labour disputes. Currently, the country has the labour unions only.

Thanks to it, we can solve labour disputes easily in cooperation with the labour organizations, an entrepreneur said.

Every country has employer-employee disputes. The formation of the employers union can help in reducing the number of labour disputes, U Aye Lwin added.

With the launch of the ASEAN Economic Community (AEC), there will be more employment opportunities for local people. Such organizations will contribute a lot to the AEC as they can provide legal assistances. But cooperation between employers and employees is of great importance.

**kaykay**

# Only one-thirds of bus lines to be in operation in Yangon




**114 bus lines will be run during the Thingyan Festival.**

**Yangon April 4**

Of 356 bus lines in Yangon, only 114 will run during the Water Festival between April 12 and 16, according to the All Bus Lines Supervisory Committee.

"Not all the bus lines will run during the Water Festival. We have also reported it to the region government. All the bus lines will resume normal operation on the New Year's Day," said U Hla Aung, chairman of All Bus Lines Supervisory Committee.

The Yangon Region Government has axed commercial water-throwing pavilions on Kaba Aye Pagoda Road and around Kandawgyi Park—a move which would probably affect the usual hustle and bustle of Water Festival on one of the main road in Yangon.

Some bus lines may take advantage of the fact that there will be fewer buses during the Water Festival and in which case, passengers can file complaint with the All Bus Lines Central Supervisory Committee, at 01-8500650.

**H.O**

# *Basic commodity prices increase as Thingyan draws near*

**Yangon April 4**

As Thingyan Festival is drawing near, the retail price of basic commodities such as rice, oil, etc and other kitchen utensils have increased, according to the wholesale markets.

"Commodity prices have risen in the run-up to the Thingyan Festival. Commodity Wholesale Teams are governing to prevent commodity prices hikes. Currently, Yangon Region Merchants and Industrialists Association issues the commodity prices index daily. However, the prices of some commodities have increased due to the high demand of customers," said an owner of a shop at Bayintnaung Wholesale Market.

Although the price of palm oil per viss was around Ks-1,550 in the previous month, the price has risen up to around Ks-1,800 in the wholesale market, according to the report of Bayintnaung Wholesale Market. Moreover, they are sold at a price of Ks-2,200 in the retail market.

However, the prices of groundnut oil and sesame oil are equal to the previous prices. Although they have not risen in the wholesale market, the groundnut oil is sold at a price of Ks-5,500 per viss outside the wholesale market. Compared with the price of the Bayintnaung Market, the groundnut oil's price is higher by about Ks-600.

Similarly, there are price differences of commodities such as garlic, onion, potato and rice between the retail market and the wholesale market.

People usually buy basic commodities in advance when the Water Festival is drawing near. As a result, the prices of basic commodities usually increase in the run-up to the New Year Festival.

**Aung**

# Temporary market to be built for shop owners of fire-hit Mandalay's Mingalar Market after Thingyan

**Yangon April 4**

Temporary market including over 400 rooms will be built for the fire victims of Mingalar Market after the Thingyan Festival, according to the Mandalay City Development Committee.

"New Mingalar Market will be built as it is dangerous to use the old building. Moreover, parts not affected by the fire will be used when they build the temporary market," said U Thein Aung, an officer of Market and Butcher Department under the control of the MCDC.

"Some misunderstandings occurred among the shop owners when we salvage the good things in the market. We will build (the temporary market) with the salvage of the old market. If needed, the MCDC will fund the cost. We will build the temporary market as quickly as we can for the convenience of the shopkeepers. We don't know where we will build the temporary market. It is possible to build the market after the Water Festival. If they want to sell their merchandises before the New Year Festival, they can sell them on the 72nd street in front of the market. I think temporary market will be built within the area of the town," said U Thein Aung.

Over 400 rooms measuring 6 feet by 8 feet will be built in free when they build new Mingalar Market, according to the Market and Butcher Department.

"I see they destroy good places instead of flattening the place where the fire occurred. They don't inform the shop owners that they will take salvage to build the temporary market. They should inform to us. We want them build the temporary market before the Thingyan Festival," said U Aung Min, an owner of the grocery store.

Currently, some shopkeepers are selling their commodities on the 27th Street, in the east of Mingalar Market, between 72×70 Street. On April 1, the shop owners sent a letter requesting to build temporary rooms and relocate them before Thingyan Festival to the Mandalay Region Chief Minister Dr Zaw Myint Maung.

The fire broke out in Mandalay's Mingalar Market at about 5 pm on March 22. Several offices and showrooms were destroyed along with 263 textile shops, 28 apartments and 297 of the market's 550 shops. Most of the first floor of the market was burned. Mandalay City Development Committee anticipates the fire caused over Ks-1 billion in damages (US$-878,000).

**AMM**

# MIC-JICA report highlights Mandalay's higher potentials for hotels and tourism business

**Yangon April 4**

Which business sectors are prospective for investment industry in Mandalay, the second busiest city of Myanmar? According to a report of Myanmar Investment Commission-MIC and Japan International Cooperation Agency-JICA, investors will find hotels and tourism sector, trade sector and production sector prospective in the commercial hub of upper Myanmar.

Because of the assumption of Mandalay as the core of Myanmar culture and its higher degree of accessibility, not only the city itself, but also the whole region, in which other important ancient cities such as Inwa and Amarapura are located, has brighter potentials for hotels and tourism industry, said the MIC-JICA issued report.

Additionally, Mandalay holds a large number of ancient cultural heritage coupled with its historical significance as the last royal city of Myanmar.

As the city lying on the bank of Ayeyawady River serves as the intersection of the roads leading to China and India and an industrial zone, it also has high investment prospects for commerce and production industries, the report added.

**Than**

5-4-2016(P_19)SSK.indd 1 4/4/2016 10:35:13 PM

# Is work ruining YOUR sleep habits? Nearly half of Americans stay up at night worrying about their careers, study claims

- **Study found 44 per cent of full-timers are up at night thinking about work**
- **And, 58 per cent of workers said they feel they don't get enough sleep**
- **Only 16 per cent of workers get the recommended eight hours of sleep**
- **Many call in sick to catch up while others have been caught dozing at work**



**A new study has found that roughly half of American full-timers are losing sleep at night because they're thinking about work.**

Does worrying about your job keep you up at night?

If so, you're not alone – a new study has found that roughly half of American full-timers are losing sleep at night because they're thinking about work.

A recent survey from Career Builder reveals that the majority of workers say they feel sleep deprived, and it's caused many to become less productive, and even doze off at work.

The survey was conducted online by Harris Poll, which collected the responses of more than 3,200 workers in the US.

Almost half of the participants reported that they were kept up at night thinking about work, with 44 per cent indicating this, and an even larger group of people say they don't get enough sleep.

More than half of those surveyed – 58 per cent – said they feel sleep deprived, and 61 per cent of the participants say this is having a negative impact on their work.

Less than a quarter of workers reported to getting the recommended eight hours of sleep each night, while most, 63 per cent, said they get between six and seven hours.

More than those who get eight hours of sleep are those who get minimal amounts, with 21 per cent of participants reporting that they sleep five hours or less on average.

'Rest is an undervalued necessity these days,' says Rosemary Haefner,' chief human resources officer at CareerBuilder.

'We see more and more workers check into the office at all hours of the day, give up vacation time and work even when they're sick.

'Yet it's not necessarily making us more productive, and companies are starting to recognize that.'

As sleep is hard to come by at night, people are trying to make up for this in various ways, with one in five workers saying they've called in sick just to catch up on sleep.

Some have dozed off at the office; nearly half of those surveyed said they've caught someone else sleeping at work.

This has a negative impact on both employees and businesses.

Participants in the survey said lack of sleep can make them feel as though the day is going by more slowly, along with reducing motivation and productivity, and affecting memory.

Some said sleep deprivation causes them to make mistakes at work, or makes tasks take longer to complete.

And, others say it just makes them 'crabby.'

As shifts evolve, straying from the traditional 9-5, many employers are beginning to take action to make sure their workers are rested and working at their full potential.

Some employers have begun to offer 'nap rooms' to give their workers a mid-day break to catch up on sleep.

If this were available, 39 per cent of workers said they'd take advan-tage of it, the survey found.

'We're starting to see companies put more emphasis on employee wellness and work/life balance,' Haefner said, 'whether it's providing designated 'nap room' for employees, encouraging them to take advantage of their vacation time or simply giving them more flexibility in their work schedules.'

**Mail Online**

## Virulent fungal Panama Disease threatens to wipe out crops including bananas worldwide

A deadly plant disease is threatening to wipe out bananas.

Scientists are desperately trying to find a remedy for Panama Disease before bananas as we know them become extinct.

And studies of a new virulent strain of the disease - Tropical Race 4 - suggest there may not be a cure.

Panama Disease devastated banana crops in South-East Asia in the 1950s, wiping out the world's most popular banana, the Gros Michel.

Now there are fears that the new strain will destroy Cavendish bananas, which accounts for 47 per cent of bananas across the globe, reported The Daily Express

About five billion bananas are eaten every year in the UK.,

Panama Disease has spread to parts of Asia, Africa, the Middle East, Australia and Central America and there are fears it could strike South America, where the majority of exported bananas are grown.

Dr Gert Kema, expert in global plant production at the Wageningen University in the Netherlands, said: 'Cavendish is now collapsing and there is nothing to replace it. On top of that many local cultivars - or varieties - are equally susceptible.'

One expert's proposed solution to the disease is to create a new variety of banana that would be resistant to it.

Professor Altus Viljoen also said that stopping bananas from being exported from affected countries could be another way of helping to curb the spread of disease. Caven-dish bananas are named for the family of the house they were first grown in - Chatsworth House in Derbyshire.

Alistair Smith, international co-ordinator for Norwich-based Banana Link, a co-operative that works with growers and farmers around the world, said the disease needed to be urgently contained.

'It is more or less possible to contain with very strict measures but there is nothing to say [Panama disease] is not going to arrive somewhere else, for example from contaminated soil on boots or via an infected plant.

**Mail Online**

# S. Korea conducts live fire exercise near North border


South Korean Army K-9 155mm self-propelled Howitzers fire rounds during a live fire exercise in the eastern coastal county of Goseong, which borders North Korea, on April 4, 2016.(AFP)

**Seoul April 4**

South Korea conducted a large-scale live fire exercise Monday on the East Sea, where North Korea has been upping tensions with a series of missile and rocket launches supervised by leader Kim Jong-Un.

The drill involving K-9 self-propelled artillery units and 130mm multiple rocket launchers was held in the coastal county of Goseong, which borders the North.

The aim of the exercise was to role play "the scenario of a possible North Korean maritime provocation", South Korean Defence Ministry spokesman Moon Sang-Gyun told reporters.

It comes during an extended period of elevated military tensions on the Korean peninsula, triggered by Pyongyang's fourth nuclear test on January 6.

Over the past month, Kim Jong-Un has personally monitored numerous rocket and missile launches into the East Sea, including the North's first test of a medium-range ballistic missile for two years.

Late last month, Kim watched what state media called the country's largest-ever long-range artillery drill, involving multiple batteries of heavy-calibre units pounding an offshore island from a beach about 120 kilometres (75 miles) North of Goseong.

The muscle-flexing was largely a response to ongoing, large-scale military war games that South Korea and the United States hold every year -- much to Pyongyang's fury.

Monday's South Korean drill was focused on "mastering more efficient and accurate firing procedures at sea against enemy targets", the defence ministry spokesman said.

The North's fourth nuclear test in January saw the UN Security Council -- backed by Pyongyang's main ally China -- impose its harshest sanctions to date over the North's nuclear weapons programme.

The North responded defiantly, claiming a series of key breakthroughs in its development of a long-range nuclear strike capability, and threatening Seoul and Washington with nuclear attack.

**AFP**

# *Putin, Russia 'main target' of Panama Papers leaks: Kremlin*

**Moscow April 4**

The Kremlin on Monday slammed the leak of the "Panama Papers" tax documents as an attack aimed primarily at Russian President Vladimir Putin, claiming that former CIA officials helped analyse the papers.

"Putin, Russia, our country, our stability and the upcoming elections are the main target, specifically to destabilise the situation," Kremlin spokesman Dmitry Peskov told journalists.

The year-long worldwide media investigation into millions of documents leaked from a Panama-based law firm exposed a tangle of confidential financial dealings by close friends and aides of Putin.

The documents analysed by Russian journalists from Novaya Gazeta opposition newspaper put Putin's close friend at the top of an offshore empire worth more than $-2 billion that has made his circle fabulously wealthy.

The Kremlin spokesman, who himself figures in the leaked documents, said there was "nothing new or concrete" about the Russian leader in the leaks, but blamed them on a mood of rampant "Putinophobia."

"It's evident that the level of Putinophobia has reached such a degree that it's impossible to say anything good about Russia a priori," he said.

He dismissed the reports, saying "there is a lack of details," while "all the rest is based on allegations and speculation."

Peskov also claimed that the investigative journalists who worked on the leaked Panama Papers from the International Consortium of Investigative Journalism include "former officials from the (US) Department of State, the CIA and other special services."

The Kremlin will not respond to the claims themselves, he underlined.

"Based on what I've said, we don't want to respond, and we're not going to." **AFP**

# *Vietnam seizes Chinese oil tanker: state media*

**Hanoi April 4**

Vietnam's coast guard has seized a Chinese oil tanker which it claims intruded into Vietnamese waters, state media said Monday, the latest episode in a festering territorial dispute in the South China Sea.

The Qiong Yangpu was carrying 100,000 litres of oil, the official Vietnam News Agency said, adding that it was captured Thursday and impounded in the northern port of Hai Phong.

The three-man crew was handed over to police, the report said.

"It was spotted and seized by Hai Phong coast guards... 12 nautical miles from the marine delineation line in the Tonkin Gulf to the northwest of Vietnam's Bach Long Vi island," the report said.

Police, military, and coast guard officials in Hai Phong declined comment Monday. According to the state-run Tuoi Tre newspaper, the tanker was selling oil to Chinese fishing boats in the area.

"The captain, however, failed to present relevant documents to prove the origin of the oil, while his two crew members have no operating licence," Tuoi Tre said.

Vietnam and neighbouring China have longstanding territorial disputes over the Spratly and Paracel Islands, and often trade diplomatic barbs over oil exploration and fishing rights in the South China Sea. Vietnam regularly chases Chinese fishing vessels out of waters it claims, but it is rare for authorities to hold a boat and its crew.

In recent years China has begun aggressively patrolling near the contested islands and Vietnamese officials accuse it of imposing fishing bans and using patrol boats to keep foreign trawlers out.

Hanoi says hundreds of its fishing boat crews have been arrested by Chinese authorities over the last few years.

Beijing has occupied the Paracels, known as Xisha in Chinese, since a brief war with South Vietnam in 1974.It also claims the Spratlys, as do -- in whole or in part -- Taiwan, Malaysia, the Philippines and Brunei as well as Vietnam.Beijing claims as its historical territory virtually all of the South China Sea, which is believed to sit atop huge oil and gas reserves.

**AFP**

5-4-2016(P_21)SSK.indd 1 4/4/2016 8:55:50 PM

# ရှီကျင့်ဖျင်၏အဆိုပြုချက်များ နျူကလီးယားလုံခြုံရေးအတွက် ခိုင်မာသောဆုံးဖြတ်ချက်ဖြစ်ဟုဆို



ပေကျင်း ဧပြီ ၄

နျူကလီးယားလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၌ တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဆိုပြုချက်များသည် နျူကလီးယားအကြမ်းဖက်ဝါဒဆန့်ကျင်ရေးအတွက် တရုတ်နိုင်ငံ၏ ခိုင်မာသောဆုံးဖြတ်ချက်အား ပြသလျက်ရှိကြောင်းနှင့် နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုတွင် ကမ္ဘာ့နိုင်ငံများ၏ယုံကြည်မှုကို တိုးမြင့်စေမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ဧပြီ ၃ ရက်တွင်ပြောကြားခဲ့သည်ဟု သိရသည်။

ဧပြီ ၁ ရက်ကပြုလုပ်သည့် ကမ္ဘာ့ခေါင်းဆောင် ၅၀ ကျော်တက်ရောက်သော စတုတ္ထအကြိမ် နျူကလီးယားထိပ်သီးအစည်းအဝေးတွင် သမ္မတ ရှီကျင့်ဖျင်က နျူကလီးယားပစ္စည်းကိရိယာများနှင့် အဆောက်အအုံများ လုံခြုံမှုခိုင်မာစေရေးအပြင် နျူကလီးယားအကြမ်းဖက်ဝါဒအားတားဆီးရေး မည်ကဲ့သို့လုပ်ဆောင်မည်ကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရှီကျင့်ဖျင်က နျူကလီးယားအကြမ်းဖက်ဝါဒအား နိုင်ငံတကာလုံခြုံရေးအတွက် စိုးရိမ်ဖွယ်ခြိမ်းခြောက်မှုအဖြစ် ထုတ်ဖော်ပြောကြားခဲ့ပြီး နျူကလီးယားအကြမ်းဖက်ဝါဒအတွက် တင်းကျပ်သောဥပဒေပြဋ္ဌာန်းရေးနှင့် ၎င်းတို့စတင်ဖြစ်ပေါ်ရာနေရာမှ ဖယ်ရှားရှင်းလင်းရေးတို့ကို တောင်းဆိုခဲ့ကြောင်းသိရသည်။

နျူကလီးယားစွမ်းအင် စက်မှုလုပ်ငန်းအကြီးအကဲများအနေဖြင့် နျူကလီးယားလုံခြုံရေးနှင့် အကြမ်းဖက်သမားများက နျူကလီးယားအဆောက်အအုံများအား တိုက်ခိုက်ရန် အင်တာနက်ကိုအသုံးပြုခြင်းမှ တားဆီးနိုင်ရေးတို့အား ထိပ်တန်းဦးစားပေးအဖြစ်တောင်းဆိုခဲ့ကြောင်း သိရသည်။

*Ref: Xinhua (KT)*



## ဂရိနိုင်ငံမှ ပြည်နှင်ဒဏ်ပေးလိုက်သော ရွှေ့ပြောင်းဒုက္ခသည် ပထမအသုတ် တူရကီနိုင်ငံအနောက်ပိုင်းသို့ရောက်ရှိ

ဒီကီလီ ဧပြီ ၄

ဂရိနိုင်ငံ လက်စ်ဘော့စ်ကျွန်းမှ ပြည်နှင်ဒဏ်ပေးခံရသော ရွှေ့ပြောင်းဒုက္ခသည်များကို တင်ဆောင်လာသည့် ပထမဆုံးကူးတို့ယာဉ်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် တူရကီနိုင်ငံအနောက်ပိုင်း ဒီကီလီမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒုက္ခသည် ပထမအသုတ်တွင် ပါကစ္စတန်နိုင်ငံသားအများစုပါဝင်ပြီး ၎င်းတို့သည် ကျန်းမာရေးစစ်ဆေးမှုခံယူရန်နှင့် မှတ်ပုံတင်ရန်အတွက် ယင်းမြို့ရှိ ဒုက္ခသည်စခန်းများသို့ ပထမဆုံးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လက ဥရောပသမဂ္ဂနှင့်ရရှိခဲ့သည့် သဘောတူညီချက်အရ တူရကီအစိုးရသည် နိုင်ငံအတွင်းမှတစ်ဆင့် ဂရိနိုင်ငံသို့ တရားမဝင်ဖြတ်ကျော်ဝင်ရောက်နေသော ဒုက္ခသည်များကို မတ် ၂၀ ရက်မှစ၍ ပြန်လည်ခေါ်ဆောင်ရမည်ဖြစ်သည်။

ယင်းဒုက္ခသည်များကို ဒီကီလီမြို့၌ မှတ်ပုံတင်ကိစ္စများအားလုံးပြီးစီးပါက နိုင်ငံအတွင်းရှိ ယာယီဒုက္ခသည်ခိုလှုံရေးစခန်းများ၌ နေရာချပေးမည်ဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီး အက်ဖ်ကန်အလာက ဆက်လက်ပြောကြားသည်။

သို့သော် ၎င်းတို့ကို နိုင်ငံအနောက်ပိုင်းကမ်းရိုးတန်းတစ်လျှောက်တွင် နေရာချထားပေးမည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားထားသည်။

*Ref:Xinhua*

## IS အဖွဲ့၏ ဖောက်ခွဲရေးပစ္စည်းစက်ရုံကို ဆီးရီးယားတပ်ဖွဲ့ဖျက်ဆီး

အလက်ပို ဧပြီ ၄

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့အနီးရှိ IS စစ်သွေးကြွအဖွဲ့၏ ဖောက်ခွဲရေးပစ္စည်းစက်ရုံကြီးတစ်ခုကို အစိုးရတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့ဝင်များက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖောက်ခွဲရေးပစ္စည်းစက်ရုံသည် ယခင်က လက်နက်ထုတ်လုပ်သည့် စက်ရုံတစ်ခုအဖြစ်တည်ရှိခဲ့ပြီး IS စစ်သွေးကြွအဖွဲ့ သိမ်းပိုက်ခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါစက်ရုံကို အစိုးရတပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့ကာ စစ်သွေးကြွများနှင့် ရက်ပေါင်းများစွာအကြာ တိုက်ပွဲများဖြစ်ပွားပြီးနောက် ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလက်ပိုမြို့ကို IS စစ်သွေးကြွများနှင့် အယ်လ်နျူဆရာတပ်ဦးအဖွဲ့တို့က ၂၀၁၂ ခုနှစ်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ချိန်မှစ၍ ဆီးရီးယားတပ်ဖွဲ့ဝင်များက ယင်းမြို့ကို ပြန်လည်ရယူနိုင်ရန် တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

*Ref: Sputnik*

## ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်လာသော တရုတ်သင်္ဘောတစ်စင်းကို ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့ဖမ်းဆီး

ပေကျင်း ဧပြီ ၄

တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်အငြင်းပွားမှုများ မြင့်တက်နေစဉ် ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်း၏ရေပိုင်နက်အတွင်း တရားမဝင်ဝင်ရောက်ခဲ့သော တရုတ်သင်္ဘောတစ်စင်းကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ တရုတ်သင်္ဘောပေါ်၌ ရေနံဂါလန် ၂၆၀၀၀ နှင့်အတူ သင်္ဘောအမှုထမ်း သုံးဦးလိုက်ပါလာကြောင်း ဗီယက်နမ်နိုင်ငံပိုင်သတင်းဌာနက ဧပြီ ၄ ရက်တွင် ဖော်ပြထားသည်။

၎င်းသင်္ဘောအား တုန်ကင်းပင်လယ်ကွေ့အတွင်းရှိ နိုင်ငံတကာရေပိုင်နက်မှ ရေမိုင် ၁၂ မိုင်အကွာ၌ Hai Phong ကမ်းခြေစောင့်တပ်ဖွဲ့က မတ် ၃၁ ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သင်္ဘောပေါ်တွင် တင်ဆောင်လာသော ရေနံဆီများမှာ ဗီယက်နမ်ရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းနေသော တရုတ်ငါးဖမ်းသင်္ဘောများအား ရောင်းချရန်အတွက်ဖြစ်ကြောင်း ၎င်းသင်္ဘောမှအရာရှိက ဝန်ခံပြောကြားသည်။

သို့သော် ရေနံဆီများအားမည်သည့်အရပ်မှ တင်ဆောင်လာသည်ကိုမူ သင်္ဘောအရာရှိက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်းနှင့် ကျန်သင်္ဘောအမှုထမ်းနှစ်ဦးသည် သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားသူများမဟုတ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှအကြီးအကဲတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ Thanh Nien သတင်းဌာနက ဖော်ပြထားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရုတ်အစိုးရက တစ်စုံတစ်ရာမှတ်ချက်ပြုပြောကြားထားခြင်းမရှိသေးကြောင်းသိရသည်။ *Re:NBC News*

## ပါကစ္စတန်မြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွား အနည်းဆုံး လူ ၅၅ ဦး သေဆုံး

အစ္စလာမ်မာဘတ် ဧပြီ ၄

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ ဧပြီ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၅ ဦး သေဆုံးခဲ့ကြောင်း ဧပြီ ၄ ရက် ထုတ်ပြန်ချက်များအရသိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံမြောက်ပိုင်းရှိ တောင်ကုန်းဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အသက်ရှင်ကျန်ရစ်သူ ဒေသခံထောင်ပေါင်းများစွာကို ဧပြီ ၄ ရက်တွင် ကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရေကြီးမှုများကြောင့် လူနေအိမ် ၁၅၀ နီးပါးပျက်စီးဆုံးရှုံးပြီး ယာယီရွက်ဖျင်တဲများကို ဝေငှပေးထားကြောင်း၊ မြေပြိုမှုဖြစ်ပွားခဲ့သော ကိုဟီဆာန်တောင်ကြားတွင် လူ ၃၀ ပိတ်မိသည့်အတွက် ၎င်းတို့ကိုကယ်ဆယ်ရန် ရဟတ်ယာဉ်တစ်စင်းစေလွှတ်ထားကြောင်း ခိုင်ဘာဖက်တန်ခွာပြည်နယ်မှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ယူဆက်ဖ်ဇီယာက ပြောကြားသည်။

ထို့ပြင် မြေပြိုမှုများကြောင့် ပါကစ္စတန်ကက်ရှ်မီးယားဒေသ၌ ဆက်သွယ်ရေးအခြေခံအဆောက်အဦများနှင့် လမ်းမများပျက်စီးခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုအများဆုံးဒေသမှာ အစ္စလာမ်မာဘတ်မြို့ အနောက်ဘက်ရှိ ဆွတ်တောင်ကြားဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

*Ref: Reuters*

## တရုတ်နိုင်ငံအနောက်ပိုင်းတွင် ကျောက်မီးသွေးတွင်းပြိုကျ သုံးဦးသေဆုံး ခုနစ်ဦးပိတ်မိ

ပေကျင်း ဧပြီ ၄

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဧပြီ ၃ ရက်နေ့လယ်ပိုင်းက ကျောက်မီးသွေးတွင်းတစ်တွင်းပြိုကျခဲ့ရာ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိပြီး ခုနစ်ဦးပိတ်မိနေကြောင်း ဒေသတွင်းတာဝန်ရှိသူများက ဧပြီ ၄ ရက်တွင် ပြောကြားသည်။

ယင်းကျောက်မီးသွေးတွင်းသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ပြိုကျခဲ့ခြင်းဖြစ်ပြီး ပြိုကျမှုဖြစ်ပွားစဉ် ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၁၉ ဦး အလုပ်လုပ်နေခဲ့ကြောင်း ကျောက်မီးသွေးတွင်းလုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။



ကျောက်မီးသွေးတွင်းပြိုကျမှု၌ ရှစ်ဦးလွတ်မြောက်ခဲ့ပြီး သေဆုံးသူများ၏အလောင်းများကို ပြန်လည်ရယူခဲ့ပြီးဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားထားသည်။

*Ref: Xinhua*

# ဟားခါးမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပလျက်ရှိ



ဟားခါး ဧပြီ ၄

ချင်းပြည်နယ် ဟားခါးမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီက ချင်းပြည်နယ် ဟားခါးစာဖြေဌာန ရဲကုန်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲ ဟားခါးစာဖြေဌာန၌ ပထမငယ်တန်းတွင် သံဃာတစ်ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမလတ်တန်းတွင် သံဃာနှစ်ပါးနှင့် သီလရှင် နှစ်ပါး၊ ပထမကြီးတန်းတွင် သံဃာလေးပါးနှင့် သီလရှင်တစ်ပါး စုစုပေါင်း သံဃာခုနစ်ပါးနှင့် သီလရှင် ငါးပါး ဖြေဆိုလျက်ရှိသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ခုနစ်ရက်ကြာ ဖြေဆိုကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

**ထယ်လ်ဏ**

# မင်းတပ်မြို့၌ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

မင်းတပ် ဧပြီ ၄

ချင်းပြည်နယ် မင်းတပ်မြို့၌ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းမှာ ဌာနဆိုင်ရာများနှင့် ပြည်သူများ အပြန်အလှန်ပေါင်းစပ်လုပ်ကိုင်ရမည့် လုပ်ငန်းများ၊ လိုက်နာကျင့်သုံးရမည့် ဥပဒေများ၊ နည်းဥပဒေများကို သိရှိစေရန်၊ ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အသိပညာများ ပိုမိုသိရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ မူခင်းကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ ဥပဒေဆိုင်ရာအသိပညာ၊ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာတို့ကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက အကျယ်တဝင့်ဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ မင်းတပ်မြို့ရှိ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မင်းတပ်မြို့ပေါ် လေးရပ်ကွက်မှ ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**ထယ်လ်ဏ**



# ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းအားကစားပြိုင်ပွဲများ ဆုပေးအပ်ပွဲကျင်းပ

ဖလမ်း ဧပြီ ၄

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသည့် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းအားကစားပြိုင်ပွဲများ ဆုပေးအပ်ပွဲကို မြို့နယ်အားကစားခန်းမ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းပြိုင်ပွဲများဖြစ်သည့် တင်းနစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများသို့ ဖလမ်းခရိုင်အတွင်းရှိ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်တို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများကို ပြိုင်ပွဲထူးချွန်ဆုတံဆိပ်များနှင့် ငွေသားဆုများ၊ တံခွန်စိုက်ဆုဖလားများကို အသီးသီး ပေးအပ်ကြောင်း သိရသည်။

အဆိုပါဆုပေးအပ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြကြောင်း သိရသည်။

**(၄၀၉)**

Myawady Digital Set Top Box

## ထုတ်နုတ်ရှုမြင် အစီအစဉ်

၅-၄-၂၀၁၆ (အင်္ဂါနေ့)

### MWD Variety

၁။ ၁၇း၁၈ သတိမမူ့ဂူမမြင် (စိတ်ဖိစီးမှုများကို ဖြေလျှော့စေသောနည်းလမ်းများ)
၂။ ၁၇း၅၁ **ကြိုဆိုပါတယ်အားကစားမောင်မယ် (ဘောလုံးအားကစားနည်းအခြေခံ) (အပိုင်း-၈)**
၃။ ၁၈း၃၂ ရွှေသွေးတို့ပျော်စရာပုံပြင်ကမ္ဘာ (အပိုင်း-၈)
၄။ ၁၉း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မခွဲစတမ်း" (ဇာတ်သိမ်းပိုင်း)**
၅။ ၂၁း၀၄ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်ကြီးကွိုင်ဆီမှအပြန်" (ဇာတ်သိမ်းပိုင်း)**

### MWD Documentary

၁။ ၁၈း၀၀ ကြယ်ပွင့်လေးများ
၂။ ၁၈း၃၀ Hello Ladies
၃။ ၁၉း၀၀ အကြင်နာပန်းလေးတစ်ပွင့်
၄။ ၁၉း၄၅ တစ်သက်စာခိုနားခွင့်
၅။ ၂၀း၁၅ တိမ်ပန်းချီ
၆။ ၂၁း၁၅ မည်းညိုနေသောတိမ်တိုက်များ (ကျော်ဟိန်း၊ မိုးပြည့်ပြည့်မောင်)

### MWD Music

၁။ ၁၈း၀၀ Music Mix
၂။ ၁၉း၀၀ သီချင်းသတင်း
၃။ ၁၉း၁၅ Hits Music Selection
၄။ ၂၀း၃၀ Myanmar Have Your Say

### MWD Movies

၁။ ၁၈း၀၀ ဗလာမပါတဲ့ပရောဂျက်
၂။ ၁၉း၅၃ ဝိညာဉ်ကြားတဲ့ရင်ခုန်သံ
၃။ ၂၁း၅၂ သရဲမလင်

### MWD Series

၁။ ၁၈း၀၀ ချစ်ခြင်းတည်ရာ (အပိုင်း-၂၀)
၂။ ၁၉း၀၀ ကရုဏာရှင်သမားတော် (အပိုင်း-၂၂)
၃။ ၂၀း၀၀ ဗြိုဟ်ကမ္ဘာတိုက်ပွဲ (အပိုင်း-၈၁)
၄။ ၂၁း၀၀ ရာဇဝင်ထဲကရှင်းမူး (အပိုင်း-၁၀)
၅။ ၂၂း၀၀ အရိပ်မဲ့မေတ္တာ(အပိုင်း-၄၁)

### MWD Shopping

၁။ ၁၈း၁၀ E-Market
၂။ ၁၈း၂၅ Boy Talk
၃။ ၁၈း၅၅ Shopping မြင်ကွင်းစုံ
၄။ ၂၀း၀၅ ရင်ထဲကအကယ်ဒမီ
၅။ ၂၀း၂၀ Sport Icon
၆။ ၂၀း၃၅ Lucky Door

## ထုတ်နုတ်ရှုမြင် ရုပ်မြင်သံကြားအစီအစဉ်

### မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၁၆ (အင်္ဂါနေ့)

၁။ ၆း၁၅ မေတ္တာပို့
၂။ ၆း၂၀ ဓမ္မပူဇာတေး
၃။ ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၅။ ၇း၂၅ သင့်အတွက်တစ်နေ့တာ
၆။ ၈ နာရီသတင်းအပြီး VOA အင်္ဂလိပ်စာသင်ခန်းစာ
၇။ ဟာသရုပ်စုံ
၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟိုတယ်ဘုရင်" (အပိုင်း-၁၇)**
၁၀။ တရားတော်

### MYANMAR INTERNATIONAL

5-4-2016 (Tuesday)

* Insight Myanmar: Library (Ep-1) Myanmar Library Survey
* Natural Lake: Fish Breeding Business
* Travelogue: Ngwe Saung Beach
* Thingyan Songs & Dances
* Culture Show: Abdication of King Thibaw
* Today Myanmar: Online Shopping- Food Delivery Service
* Art Students: Theatrical Art
* Trend Of Kachin Dress

### MRTV - 4

၅-၄-၂၀၁၆ (အင်္ဂါနေ့)

၁။ ၆း၁၀ Health Fix
၂။ ၈း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား" (အပိုင်း-၇၁)**
၃။ ၉း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၄၉)**
၄။ ၉း၅၀ အနုပညာမိုးကောင်းကင်
၅။ ၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရွှေယင်မျှော်စေတီတော်မြတ်ကြီး)

### မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၁၆ (အင်္ဂါနေ့)

၁။ ၀၆း၀၀ မိုးလေဝသအစီအစဉ်
၂။ ၀၆း၃၀ ပြည်သူ့နီတိ "ပြောလိုက်ပါ့မယ်"
၃။ ၀၆း၄၀ ခါသကြန်အဆိုအကများ
၄။ ၀၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၁၆)
၅။ ၀၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၁၆)
၆။ ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ခုန်သံတွေ ပြန်လျှော်ပေး"

# ကမ္ဘာ့အင်အားအကြီးဆုံးခေါင်းဆောင်နှစ်ဦး အမေရိကန်နှင့်တရုတ်တို့ နျူကလီးယားလုံခြုံရေးညီလာခံမှာ ဘာတွေသဘောတူညီမှုရခဲ့သလဲ



**မတ်** ၃၁ ရက်နှင့် ဧပြီ ၁ ရက်က ဝါရှင်တန်၌ ကျင်းပခဲ့သော နျူကလီးယား ထိပ်သီးအစည်းအဝေးသည် နျူကလီးယားလုံခြုံရေးအတွက် သာမကကမ္ဘာ့ငြိမ်းချမ်းရေးနှင့် စီးပွားရေးအတွက် ဆွေးနွေးပွဲတစ်ခုလည်းဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် လိပ်ခဲတည်းလည်း အခြေအနေများကို အတည်ပြုပေးနိုင်ခဲ့သည်။ အထူးသဖြင့် ပြိုင်ဘက်များအဖြစ် ရပ်တည်နေသည့်အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံကြားက ပြဿနာများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တရုတ်သည်အမေရိကန်၏ စစ်ရေးအင်အားနှင့် စီးပွားရေးအင်အားကိုအမီလိုက်ပြီး ၎င်း၏ဩဇာကိုဖြန့်ကြက်လိုသူဖြစ်သည်။ အမေရိကန်၏ နည်းပညာများကို မရမကအရယူသည်။ မတ်လကုန်ပိုင်းက တရုတ်နိုင်ငံသားတစ်ဦးသည် အမေရိကန်၏ F-22 တိုက်လေယာဉ်နည်းပညာများကို ခိုးယူရန်ကြိုးပမ်းခဲ့သည်။ အမေရိကန်တို့က တရုတ်အစိုးရ၏လျှို့ဝှက်အစီအစဉ်အဖြစ် စွပ်စွဲခဲ့ကြသည်။ ထို့ပြင် တရုတ်၌ အမေရိကန်၏ ဆိုက်ဘာလုံခြုံရေးစနစ်များကို တိုက်ခိုက်ရန် ဟက်ကာအဖွဲ့များသီးသန့်ရှိနေသည်။

ထို့ကြောင့် အမေရိကန်နှင့် တရုတ်နိုင်ငံကြားဆိုက်ဘာလုံခြုံရေးညီလာခံကို နှစ်စဉ်ကျင်းပရသည်။ သို့သော် နှစ်နိုင်ငံကြားဆိုက်ဘာတိုက်ခိုက်မှုသည်ပြေလည်သွားသည်ဟူ၍မရှိဘဲ ဆိုက်ဘာတိုက်ခိုက်မှုများက ပို၍ပင်ဆိုးရွားလာသည်။ နောက်ဆုံးတရုတ်တို့က အမေရိကန်တို့၏ ဂြိုဟ်တုများကိုပင် တိုက်ခိုက်လေ့ရှိသည်။ သို့သော် နျူကလီးယားညီလာခံက အောင်မြင်မှုများစွာကို ဆောင်ကြဉ်းလာနိုင်ခဲ့သည်။ အထူးသဖြင့် အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယား နျူကလီးယားမပိုင်ဆိုင်နိုင်ရေးကို အတူတကွတားဆီးသွားမည်ဟု ကတိပြုခဲ့ကြပြီး အမေရိကန်နှင့် တရုတ်တို့၏ သမိုင်းဝင်ပထမဆုံးပူးပေါင်းမှုဖြစ်သည်။

ထို့ပြင် တရုတ်နှင့် အမေရိကန်တို့သည် ဆီးရီးယားနှင့် အာဖဂန်နစ္စတန်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများနှင့် ကျန်းမာရေး၊ ပညာရေးအကူအညီများကို အတူတကွဆောင်ရွက်ရေးပါ သဘောတူညီမှုရခဲ့သည်။ အမေရိကန်သည် အာဖဂန်ရှိသူ၏တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူနေပြီး တည်ငြိမ်မှုမရှိသည့် အာဖဂန်နစ္စတန်အတွက်လည်း အမေရိကန်ထွက်ချိန်တွင် အကူအညီလိုနေသေးသည်။ ထိုအချိန်တရုတ်ကလည်း အရှေ့အလယ်ပိုင်းတွင် သူ၏စီးပွားရေးဗျူဟာများကို ခင်းချင်နေသည့်အတွက် အာဖဂန်၌ နေရာဝင်ယူချင်နေသည်။ ထို့ကြောင့် အာဖဂန်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းသူများနှင့် သူ၏ဆေးတပ်ဖွဲ့ကို တာဝန်ချထားခဲ့သည်။

သို့သော်လည်း လူအများစိတ်ဝင်စားနေကြသည့် တောင်တရုတ်ပင်လယ်အရေးကို တရုတ်နှင့် အမေရိကန်တို့ လုံးဝမဖြေရှင်းနိုင်ခဲ့ပေ။ သမ္မတရှီကျင့်ဖျင်ကတောင်တရုတ်ပင်လယ်ပြင်သည် သူတို့ပိုင်နက်ဖြစ်သောကြောင့် အမေရိကန်၏ ရေကြောင်းကင်းလှည့်ရေးအစီအစဉ်ကို ကန့်ကွက်ကြောင်း ပြောခဲ့သည်။ သို့သော် အမေရိကန်က တရုတ်တို့ကန့်ကွက်နေသည့်ကြားမှပင် ကင်းလှည့်မည့်အစီအစဉ်ကို ရပ်တန့်မည်မဟုတ်ကြောင်းဆိုခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားတွင်ချထားမည့် အမေရိကန်၏ဒေါ်လာသန်း ၈၀၀ တန် ဒုံးပျံကာကွယ်ရေးအစီအစဉ် THAAD များကိုလည်း တရုတ်ကကန့်ကွက်ကြောင်းဆိုခဲ့သည်။ အမေရိကန်၏ ဒုံးပျံကာကွယ်ရေးစနစ် (THAAD) များသည် ကိုရီးယားကျွန်းဆွယ်လုံခြုံရေးအတွက် လိုအပ်သည်ထက်ပိုမိုအင်အားကြီးမားနေသည်ဟု သမ္မတရှီကျင့်ဖျင်ကဆိုသည်။ အမေရိကန်၏ဒုံးပျံကာကွယ်ရေးစနစ် (THAAD) က လိုအပ်လျှင်တရုတ်နိုင်ငံထဲအထိပင် ရေဒါဖြန့်ကြက်နိုင်သောကြောင့်ဖြစ်သည်။ ရှီကျင့်ဖျင်စိုးရိမ်သည်မှာလည်း ထိုအရာကြောင့်သာဖြစ်သည်။ သို့သော်အမေရိကန်က တရုတ်၏ ကန့်ကွက်မှုကို ငြင်းဆန်ပြီး THAAD များကို မြောက်ကိုရီးယားအားအကြောင်းပြု၍ ဆက်လက်ထားရှိသွားမည်ဖြစ်သည်။

သမ္မတရှီကျင့်ဖျင်အနေဖြင့် အမေရိကန်သမ္မတအိုဘားမားထံမှ နောက်ထပ်အလိုရှိသည့် အရာများရှိသေးသည်။ စက်မှုထိပ်သီးညီလာခံ G20 အစည်းအဝေးကို အိမ်ရှင်အဖြစ်ကျင်းပနိုင်ရေးနှင့် တရုတ်(တိုင်ပေ) အရေးဖြစ်သည်။ G20 အိမ်ရှင်အဖြစ်ကျင်းပလျှင် လက်တလောဝင်ငွေအမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့် အမြတ်ရမည်။ ထို့ပြင် သတ်မှတ်ထားသည့် အိမ်ရှင်နိုင်ငံအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေါ်လာဘီလီယံနှင့်ချီအမြတ်ရရှိနိုင်သည်။ တစ်ဖန် တရုတ်(တိုင်ပေ)အရေးသည် သမ္မတရှီကျင့်ဖျင်အတွက် အမေရိကန်ဝင်လာမှ ကိုင်တွယ်ရပိုခက်သွားသည်။ စီးပွားရေးအရဆက်ဆံရေးလွှမ်းမိုးထားနိုင်သော တရုတ်သည် တရုတ် (တိုင်ပေ) ကို သူ့နိုင်ငံ၏နိုင်ငံပိုင်နက်အဖြစ်ရှုမြင်သည်။

ထို့ကြောင့် အမေရိကန်၏စစ်ရေးအကူအညီများပေးနေမှုကို ရပ်တန့်ရန် ရှီကျင့်ဖျင်က အိုဘားမားကိုတိုက်တွန်းခဲ့ပြီး အမေရိကန်၏ ယမန်နှစ်က ဒေါ်လာ ၁ ဘီလီယံကျော် တန်ဖိုးရှိသည့် လက်နက်များကို တရုတ်(တိုင်ပေ)သို့ ရောင်းချခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် ယင်းဆွေးနွေးပွဲတွင် ထူးခြားသည့် သဘောတူညီမှုတစ်ခုရရှိခဲ့သည်။ အမေရိကန်နှင့် တရုတ်တို့ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်စေရေးနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရေးဟူသည့် ကတိကဝတ်ဖြစ်သည်။

တရုတ်က Silk and Road ဟူသည့် သူ၏ဒေါ်လာဘီလီယံ ၄၀ တန်ကြေးရှိသည့် ကုန်သွယ်ရေးလမ်းမကြီးကို တည်ဆောက်မည်။ အမေရိကန်၏ အကျိုးစီးပွားလုံးဝမပါပေ။ ထို့အတူ အမေရိကန်ကလည်း ပစိဖိတ်ဖြတ်ကျော်စီးပွားရေးစီမံကိန်းရေးဆွဲသည်။ တရုတ်၏ အကျိုးစီးပွားလုံးဝမပါဝင်ပေ။ ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ကမ္ဘာ့စီးပွားရေးတိုးတက်မှုမြန်ဆန်လာရန် မျှော်လင့်ချက်သည် မဖြစ်နိုင်သည့်အခြေအနေဖြစ်သည်။

ထို့ကြောင့် အိုဘားမားနှင့် ရှီကျင့်ဖျင်တို့သည် နောက်ဆုံးအကျိုးတူ နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များချုပ်ဆိုနိုင်ရန်အထိ အလျင်မြန်ဆုံးအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။ တရုတ်ကိုအမေရိကန်တို့စွပ်စွဲချက်တစ်ခုရှိသည်။ တရုတ်က သူ၏ငွေကြေးတန်ဖိုးများကို လျှော့ချထားသည်။ ပို့ကုန်တန်ဖိုးကို အမြတ်အများဆုံးအထိမြှင့်တင်နိုင်ရန်ဖြစ်သည်။ ထိုအချက်ကိုလည်း ရှီကျင့်ဖျင်က ငြင်းဆန်ခဲ့ပြီး အမေရိကန်၏ရင်းနှီးမြှုပ်နှံမှုများကိုပင် ဖိတ်ခေါ်ကာ ကမ္ဘာ့စီးပွားရေး လျင်မြန်စွာတိုးတက်ရေး ၎င်းအနေဖြင့် အမေရိကန်နှင့် ပူးပေါင်းရန်အဆင်သင့်ရှိနေကြောင်း ဆိုခဲ့သည်။

ထို့ကြောင့် အမေရိကန်နှင့် တရုတ်တို့ တောင်တရုတ်ပင်လယ်ပြင်အရေးကြောင့် တင်းမာမှုများမြင့်တက်လာသည့် ကြားမှပင် အပြုသဘောဆောင်သည့်ရလဒ်များထွက်ပေါ်လာစေရန် စွမ်းဆောင်နိုင်မှုမှာ အောင်မြင်မှုဟုဆိုရမည်ဖြစ်သည်။ နဂိုကတင်းမာမှုများကြောင့် မျက်နှာချင်းဆိုင်ဆွေးနွေးမှုများအောင်မြင်နိုင်မည်လားဟု ထင်ထားခဲ့ကြသည့် အိုဘားမားနှင့် တရုတ်တို့အပေါ် ဝေဖန်ချက်များသည် အလွဲကြီးလွဲခဲ့ကြသည်။ လူတိုင်းက ၂၀၁၅ ခုနှစ်တွင် G20 စက်မှုထိပ်သီးအစည်းအဝေး တူရကီ၌ကျင်းပခဲ့စဉ် အိုဘားမားနှင့် ပူတင်တင်းမာသည့် မျက်နှာထားများရှိခဲ့ကြသည့် ပုံစံကိုကြည့်၍ သုံးသပ်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ထင်မှတ်မထားနိုင်လောက်အောင် အိုဘားမားနှင့် ရှီကျင့်ဖျင်သည် သံတမန်ဆက်ဆံရေးအခြေအနေမကဘဲ ရင်းနှီးသည့် မိတ်ဆွေများသဖွယ်ဆက်ဆံခဲ့ကြပြီး မတူညီမှုများကိုဘေးဖယ်ကာ ကမ္ဘာကြီးအတွက် အကောင်းမွန်ဆုံးအပြုသဘောဆောင်သည့် ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရှိန်းထက်**

# ဂျပန်ကုမ္ပဏီများမှ လုပ်ငန်းတိုးချဲ့ရန်နှင့် ထပ်မံရင်းနှီးမြှုပ်နှံရန် စောင့်ကြည့်နေ

**ရန်ကုန် ဧပြီ ၄**

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပြုလုပ်လျက်ရှိသည့် ဂျပန်နိုင်ငံအခြေစိုက်ကုမ္ပဏီများသည် လုပ်ငန်းစဉ်များ ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးနှင့်ဆိုင်သော မူဝါဒများကို စောင့်ကြည့်လျက်ရှိကြောင်း ဂျပန်တိုင်းမ်သတင်းဌာနက ဖော်ပြထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ဂျပန်ကုမ္ပဏီအရေအတွက်မှာ ၃၀၀ ကျော်ခန့်ရှိသည်။ မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို ဂျပန်အစိုးရ၏အကူအညီဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည့်အပြင် ဆက်လက်ဖော်ဆောင်မည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင်လည်း ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်ရန် သဘောတူညီထားပြီးဖြစ်သည်။ ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဂျပန်နိုင်ငံ၏အကူအညီများစွာပါဝင်ခဲ့သည်။

ဂျပန်-အာဆီယံစင်တာမှ စီမံကိန်းဆိုင်ရာ အကြီးတန်းအရာရှိ ဆာရာကူဟီရိုဆီက ဂျပန်ကုမ္ပဏီများအနေဖြင့် အစိုးရသစ်၏ မူဝါဒများနှင့် အတူ လုပ်ဆောင်နိုင်ရန် လိုအပ်ချက်များရှိနိုင်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အဓိကအရေးပါပြီး မြန်မာပြည်သူများအတွက် အမှန်တကယ်အကျိုးကျေးဇူးရရှိစေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

“ဂျပန်စီးပွားရေးလုပ်ငန်းရှင်အများစုက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြမှာပါ။ ဒါပေမဲ့ တချို့လုပ်ငန်းရှင်တွေဟာ အစိုးရသစ်ရဲ့ မူဝါဒတွေကို စောင့်ကြည့်နေဆဲပါပဲ” ဟု ဂျပန်ပြည်ပရေးရာကုန်သွယ်မှုဌာနမှ တိုရှိဟိုယိုမီဆူတာနီက ပြောသည်။

တိုကျိုမြို့ရှိ ဆိုဖီယာတက္ကသိုလ်မှ ပါမောက္ခ ကီရိနိမိုတိုက မြန်မာနိုင်ငံ၌ စီးပွားရေးပိတ်ဆို့မှုများရှိနေသေးရာ အမေရိကန် နိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့မှုနှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးစပ်စွာပြုမူဆောင်ရွက်မှုများလုပ်ဆောင်သင့်ကြောင်း ထုတ်ဖော်ပြောဆိုထားသည်။



သီလဝါအထူးစီးပွားရေးဇုန်ရှိ ဂျပန်လျှပ်စစ်ကုမ္ပဏီတစ်ခုကို တွေ့ရစဉ်။

(၄၄၃)

p-24.indd 1 4/4/2016 10:53:42 PM

# ပွင့်လင်းမြင်သာပြုပြင်စရာ — မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

## ရင်အုတ်ကန်ဈေးအနီး၌ ရေနုတ်မြောင်းတူးဖော်ပေးရန် ပြည်သူများ လိုလားလျက်ရှိ



ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရင်အုတ်ကန်ရပ်ကွက် ရင်အုတ်ကန်ဈေးအနီးလမ်းပေါ်တွင် လမ်းဘေးဝဲ/ယာရှိ လူနေအိမ်များနှင့် ဈေးဆိုင်များက အသုံးပြုသော စွန့်ပစ်ရေများသည် ရေနုတ်မြောင်းမရှိသဖြင့် စီးဆင်းနိုင်ခြင်းမရှိသောကြောင့် အဆိုပါလမ်းပေါ်တွင် ရေများပြည့်လျှံနေကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးထံမှ သိရသည်။

အဆိုပါစွန့်ပစ်ရေများကြောင့် ရပ်ကွက်နေပြည်သူများ ကာလဝမ်းရောဂါနှင့် ခြင်ကြောင့်ဖြစ်ပေါ်တတ်သော ရောဂါများ ဖြစ်လာမည်ကို စိုးရိမ်ရကြောင်း၊ မိုးရာသီတွင် လက်ရှိအခြေအနေထက် ပိုဆိုးလာနိုင်ဖွယ်ရှိသဖြင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးရေနုတ်မြောင်း တူးဖော်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

"ရေနုတ်မြောင်းမရှိတော့ လမ်းပေါ်ရေတွေလျှံကုန်တာပေ့ါဗျာ။ နွေခေါင်ခေါင်မှာ ရေထဲလမ်းလျှောက်နေရတာတော့ မဖြစ်သင့်ဘူးလို့ထင်တာပဲ။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ လျစ်လျူရှုမနေဘဲ မိုးရာသီမရောက်ခင် ရေနုတ်မြောင်းတစ်ခုကို အမြန်ဆုံးတူးဖော်ပေးစေချင်ပါတယ်"ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**မောင်မျိုး(ရာဝတီ)**

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

"ပွင့်လင်းမြင်သာပြုပြင်စရာများ" ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၃၁-၇၃၉၉၈၊ ဖက်(စ်) ၀၃၁-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## ခြောက်ဘီးယာဉ်တစ်စီး လမ်းချော်ကာ လမ်းဘေးရှိ နေအိမ်ကို ဝင်တိုက် လေးဦးသေဆုံး

မှုခင်း သတင်း

သီပေါ ဧပြီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာ ဘော်ကြိုဘုရားအနီးတွင် ယမန်နေ့ ည ၈ နာရီက ခြောက်ဘီးယာဉ်တစ်စီး လမ်းချော်ကာ လမ်းဘေးရှိနေအိမ်ကို ဝင်တိုက်မိပြီး အခင်းဖြစ်နေရာ၌ လေးဦးသေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီပေါမြို့နယ် ဘော်ကြိုကျေးရွာ ဘော်ကြိုဘုရားအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၂၂/၀)နှင့်(၁၂၂/၁)အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘော်ကြိုရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မန္တလေးဘက်မှ သီပေါဘက်သို့ ယာဉ်မောင်း မဲလုံး ၃၀ နှစ် ရပ်ကွက်(၁) တံတားဦးမြို့နေသူ မောင်းနှင်လာသည့် 8J/---- ခြောက်ဘီးဖြူ/ပြာကြားယာဉ်သည် လမ်းချော်၍ လမ်း၏ ယာဘက်ခြမ်းရှိ ဦးစိုင်းသိန်းမောင် ၃၅ နှစ်ဘော်ကြိုကျေးရွာနေသူ၏ နှစ်ထပ်တိုက်သွပ်မိုး၊ ထရံကာနေအိမ်ကို ဝင်တိုက်မိပြီး နေအိမ်ခေါင်းရင်း ရေမြောင်းအတွင်းသို့ ထိုးကျခဲ့သဖြင့် မဲလုံးတွင် လည်ပင်းပြတ်ရှဆီးခုံကွဲဒဏ်ရာ၊ ယာဉ်နောက်လိုက် အမည်၊ နေရပ်(စုံစမ်းဆဲ)တွင် ဝမ်းဗိုက်ပွင့်၍ အူများအပြင်သို့ထွက်ဒဏ်ရာ၊ ယာဉ်ပေါ်တွင် လိုက်ပါလာသူ အမည်၊ နေရပ်(စုံစမ်းဆဲ) ၄၀ နှစ်ခန့်ရှိ အမျိုးသားတွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ အမည်၊ နေရပ်(စုံစမ်းဆဲ) ၃၀ နှစ်ခန့်ရှိ အမျိုးသားတွင် ဦးခေါင်းပွင့်ဒဏ်ရာတို့ဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သီပေါမြို့မ ရဲစခန်းက ယာဉ်(ပ)၁၂/၂၀၁၆၊ ပြစ်မှုပုဒ်မ ၂၇၉/၃၀၄-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

(၄၀၄)

## ရွှေစက်တော်ဘေးမဲ့တောအတွင်း အမဲလိုက်သူများကို အရေးယူ

ပွင့်ဖြူ ဧပြီ ၄

ရှားပါးသဘာဝမျိုးစိတ်များတည်ရှိရာ ရွှေစက်တော်ဘေးမဲ့တောအတွင်း၌ ရွှေသမင်များကို ဖမ်းဆီးရန် ထောင်ချောက်ကွင်းများထောင်ကာ အုပ်စုဖွဲ့အမဲလိုက်သူများကို ဧပြီ ၂ ရက်က ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တောအုပ်ဦးသိန်းဇံ ဦးဆောင်သည့် ဘေးမဲ့တောထိန်းသိမ်းရေးအဖွဲ့များသည် ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပွင့်ဖြူမြို့နယ် ရွှေစက်တော်ဘေးမဲ့တော နွားကုတ်တောင်ကြောအရှေ့ဘက် ဝါတပ်နယ်စပ်၌ ကားတာယာ၊ သံနန်းကြိုးများဖြင့်ပြုလုပ်ထားသော ထောင်ချောက် ၄၃ ကွင်းထောင်ထားပြီး ရွှေသမင်များကို လိုက်လံခြောက်လှန့်အမဲလိုက်နေသော ပွင့်ဖြူမြို့နယ် ရေဖြူတွင်းကျေးရွာနေသူများဖြစ်ကြသည့် ဝင်းခိုင်၊ အောင်ကိုဇင်၊ လှိုင်မင်းဌေးတို့ကို တွေ့ရှိသဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

"သူတို့က အဖွဲ့လိုက်သမင်လိုက်တာ။ ကွင်းထဲညအိပ်၊ သမင်ထောင်ကွင်းတွေဆင်ပြီး နံနက်စောစောမှာ သမင်တွေမောင်းသွင်းနေတုန်း ဖမ်းမိတာ"ဟု ရွှေစက်တော်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးအေးချိုက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေစက်တော်ဘေးမဲ့တော တောအုပ်ကြီး ဦးအောင်မြင့်စိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဝင်းခိုင်၊ အောင်ကိုဇင်၊ လှိုင်မင်းဌေးတို့ကို ပွင့်ဖြူမြို့နယ် မြို့မရဲစခန်းက (ပ)၆၅/၂၀၁၆ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က)ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၄၀၂)

## တရားမဝင်သယ်ဆောင်လာသည့် သစ်ခွဲသားဆိုဒ်စုံ ၁၂ ဒသမ ၅၄ တန် သိမ်းဆည်းရမိ

ကန့်ဘလူ ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယမန်နေ့ နံနက် ၅ နာရီက သရက်ခေါင်းကျေးရွာအရှေ့ဘက် OMC မူးပေါင်လမ်းပေါ်တွင် NISSAN Tiefeel အစိမ်းရောင် ၁၀ ဘီးကားပေါ်မှ တရားမဝင်သယ်ဆောင်လာသော အင်သစ်ခွဲသားဆိုဒ်စုံ ၄၆၉ ချောင်း(၁၂ ဒသမ ၅၄ တန်) ကာလတန်ဖိုးငွေကျပ် ၁၀၀၃၂၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဦးစီး(၁)ဌာနစိတ်မှ ရဲအုပ်အာကာမင်းနှင့် တပ်ဖွဲ့ဝင်များ၊ ထန်းကုန်းရဲကင်းရဲစခန်းမှ ရဲအုပ်ဇော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဇီးကုန်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်ထွန်းထွန်းလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ထွန်းနောင်၊ ဇီးကုန်းသစ်တောဘီနယ်မှ တောခေါင်းဦးဇော်မင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ထန်းကုန်းရဲကင်းရဲစခန်းအပိုင် သရက်ခေါင်းကျေးရွာ အရှေ့ဘက် OMC မူးပေါင်လမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ကျွန်းလှမြို့နယ် ငါးဘက်အိုင်ဆိပ်ကမ်းကျေးရွာနေ မြင့်ဇော်လင်း ၂၈ နှစ် မောင်းနှင်သောယာဉ်အမှတ် ဘ/. . . .၊ NISSAN Tiefeel ၁၀ ဘီးကား အစိမ်းရောင်(လိုင်စင်ရှိ)ယာဉ်ပေါ်တွင် အင်သစ်ခွဲသားဆိုဒ်စုံ ၄၆၉ ချောင်း(၁၂ ဒသမ ၅၄ တန်)ကို တွေ့ရှိ၍ သက်သေများရှေ့၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြင့်ဇော်လင်းကို ဇီးကုန်းနယ်မြေရဲစခန်းက (ပ) ၂၅၊ ၁/၂၀၁၆၊ သစ်တောဥပဒေပုဒ်မ ၄၁/ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ် ဆိုင်ကယ်ကိုဝင်တိုက်မိ

အိမ်မဲ ဧပြီ ၄

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်း ကျေးရွာအုပ်စု အိမ်မဲ-ပန်းတနော်-ကျောင်းကုန်းကားလမ်း အိမ်မဲမြို့အဝင်လမ်းဆုံ၌ ယမန်နေ့ နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်မဲ-ပန်းတနော်-ကျောင်းကုန်းကားလမ်း အိမ်မဲမြို့အဝင်လမ်းဆုံ၌ ကျောင်းကုန်းမြို့ဘက်မှ အိမ်မဲမြို့ဘက်သို့ ကိုကြည်သန်း ၄၅ နှစ် (၁၂)လမ်း လယ်ပေါ်ရပ်ကွက် အိမ်မဲမြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် ၄၄ယ/. . . . . Super Thai နီ/နက်ကြား ဆိုင်ကယ်ကို ပန်းတနော်မြို့ဘက်မှ မြောင်းမြမြို့ဘက်သို့ စိုင်းကိုကိုမောင် ၃၅ နှစ် အိမ်အမှတ်(၇၇) မန္တလေးလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်သည့် ယာဉ်အမှတ် 8L/---- Town Ace အဖြူရောင် မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲဝင်တိုက်မိခြင်းကြောင့် ကိုကြည်သန်းတွင် မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ စိုင်းကိုကိုမောင်ကို အိမ်မဲမြို့မရဲစခန်းက ယာဉ်(ပ)၁၇/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၃၇/ ၂၇၉ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၄၀၇)

## ကလေးတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွား

လပွတ္တာ ဧပြီ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဂုံညင်းတန်းကျေးရွာအုပ်စု အောင်တော်မူကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကလေးတစ်ဦးရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ ကန်ဘက်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုတိယရဲအုပ် အောင်နိုင်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အောင်တော်မူကျေးရွာနေ မောင်ဇော်ပိုင်ဖြိုး ၁ နှစ် ၆ လဖြစ်သည်။ ၎င်းသည် အဆိုပါနေ့ နံနက်ပိုင်းက အဘွားဖြစ်သူ ဒေါ်ခင်ခင်ထွေးနှင့်အတူ နေအိမ်၌ရှိနေခဲ့စဉ် ဒေါ်ခင်ခင်ထွေး ထမင်းချက်နေသည့်အချိန်တွင် မောင်ဇော်ပိုင်ဖြိုးမှာ နေအိမ်နောက်ဖေးရှိ ချောင်းဘက်သို့ ထွက်သွားခဲ့ရာမှ ရေထဲသို့ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိရန် ကန်ဘက်နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၆)ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၄၀၇)

# မော်လမြိုင်မြို့၌ စွန့်ဦးတီထွင် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုသင်တန်းဖွင့်လှစ်

**မော်လမြိုင် ဧပြီ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက မွန်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းကဦးဆောင်၍ စွန့်ဦးတီထွင်စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေဇော်အောင်နှင့် ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှရှိန်တို့က သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းဆရာမဒေါ်စိမ်းဝတ်ရည်နှင့်ဒေါ်ခိုင်သဉ္ဇာသိန်းတို့က သင်တန်းသား၊ သင်တန်းသူများအား စွန့်ဦးတီထွင်သူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းရည်ဖွံ့ဖြိုးရေး၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဦးဆောင်ဦးရွက်ပြုရေး၊ ဈေးကွက်ဖော်ဆောင်ရေး၊ ဖိအားများကိုရင်ဆိုင်ရင်း လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရေးနှင့် ယှဉ်ပြိုင်ရေးစသည့် အကြောင်းအရာများကို သင်ကြားပို့ချပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေဇော်အောင်နှင့်အဖွဲ့ဝင်များ၊ မွန်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှရှိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၃၅ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၄၀၆)**

# သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမည့် ဥပဒေ(မူကြမ်း)နှင့်ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI ခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမည့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲကျင်းပရာ MRCCI နှင့်ပြည်တွင်းထုတ်လုပ်သူများဖြင့် ဖွဲ့စည်းထားသော တခြားဆက်စပ်အသင်းများမှကိုယ်စားလှယ်များ၊ အစိုးရဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် MRCCI အသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ UNESCAP မှ Economic Affairs Officer Dr. Rajan Sudesh Ratna တို့က နှုတ်ခွန်းဆက်စကားအသီးသီးပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သွင်းကုန်ပမာဏမြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း)နှင့် ပတ်သက်သည့်ဥပဒေပြဋ္ဌာန်းပြီးနောက် သွင်းကုန်မြင့်တက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့်ပြည်တွင်းလုပ်ငန်းထိခိုက်မှုကို ဥပဒေဖြင့်လက်တွေ့ကျင့်သုံးကာကွယ်ရာတွင် အစိုးရအပိုင်းက ပြင်ဆင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ၊ ပုဂ္ဂလိကထုတ်လုပ်မှုလုပ်ငန်းရှင်များအပိုင်းက ပြင်ဆင်ဆောင်ရွက်ထားရှိရမည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန MRCCI နှင့် UNE-SCAP တို့ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။**ကျော်မင်းသော်**

# အယ်လ်နီညိုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**တောင်ကြီး ဧပြီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက Living Earth Green Network (တောင်ကြီး)က ကြီးမှူး၍ အယ်လ်နီညိုနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားကို "တို့ချစ်တဲ့ကမ္ဘာ"ပရဟိတအဖွဲ့မှ လူငယ်များက "တို့ချစ်တဲ့ကမ္ဘာမြေ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ရှင်သန်ကမ္ဘာမြေ အစိမ်းရောင်ကွန်ရက်မှ ဥက္ကဋ္ဌဒေါ်ချယ်ရီကျော်က အသင်း၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖင်းနောက် စာရေးဆရာရွှေအောင်သင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၁၁၃) ယာဉ်ထိန်းရဲတပ်စု(တောင်ကြီး)မှ ဒုတိယရဲမှူး ထွန်းထွန်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ပြစ်မှု၊ ပြစ်ဒဏ် သိကောင်းစရာများကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က အယ်လ်နီညိုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နှင့် သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြောင်း သိရသည်။ **(၄၀၅)**

# ကုန်စည်ဈေးနှုန်းများ

## အခြေခံစားသောက်ကုန်

### ဆန်

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၄၀၀ | - | ၁၇၀၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၈၀၀ | - | ၂၃၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၀၀၀ | - | ၁၃၅၀ | ကျပ် |
| ဧယာ | တစ်ပြည် | ၈၀၀ | - | ၉၅၀ | ကျပ် |

### ဆီ

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၄၉၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၅၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၈၀၀ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

### စက်သုံးဆီ

| | | | |
|---|---|---|---|
| ပရီမီယမ် | တစ်လီတာ | ၅၃၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၅၀၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၄၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၅၅၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၅၀ | ကျပ် |

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည် | တစ်ကျပ်သား | - | ၇၈၁၀၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၇၄၂၀၀၀ | ကျပ် |

### နိုင်ငံခြားငွေကြေး

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၂၀၆ | - | ၁၂၁၆ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၉၀ | - | ၉၀၀ | ကျပ် |
| ယူရို | တစ်ယူရို | ၁၃၆၇ | - | ၁၃၇၇ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၈၀ | - | ၁၈၃ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၄. ၁ | - | ၃၄. ၄ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၂၈၈ | - | ၂၉၅ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၆၈၈ | - | ၁၆၉၃ | ကျပ် |
| ယန်း | တစ်ယန်း | ၁၀. ၆ | - | ၁၀.၈ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

# မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဧပြီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်နှစ်သစ်ကူးကာလတွင် မှုခင်းဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ ညနေ ၄ နာရီက ကချင်စုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရဲမှူး မြင့်သိန်းက ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မူးယစ်အထူးတပ်ဖွဲ့မှ ရဲအုပ်စိုးရန်လင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှရဲအုပ်နေမျိုးခန့်တို့က သင်္ကြန်ကာလအတွင်းဖြစ်ပွားလေ့ရှိသည့် မှုခင်းဖြစ်စဉ်များကိုရှင်းလင်းဟောပြောကြောင်း သိရသည်။ **(၄၀၃)**

# ညောင်လေးပင်မြို့နယ်၌ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ညောင်လေးပင် ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စမ်းကလေးကျေးရွာအုပ်စု ကောက်ကွေ့ကျေးရွာ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကိုယ်စား ဦးဇင်မင်းက ထရန်စဖော်မာလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်တို့က အမှာစကားပြောကြားပြီး မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မီးလင်းရေးဆိုင်းဘုတ်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးဇင်မင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးသိန်းနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်လျှပ်စစ်မှူး ဦးကြည်သိန်းနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မီးလင်းရေးအတွက် ဒေသခံပြည်သူများက ဓာတ်တိုင်ကြိုးဆက်စပ်ပစ္စည်းအပါအဝင် ငွေကျပ် ၃၂၈ သိန်းထည့်ဝင်ခဲ့ပြီး လိုအပ်နေသော ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ဘိုင်ယန်မြူးနစ်ဂိုးပြတ်နိုင်ပြီး ဘာစီလိုနာအခက်တွေ့ဖွယ်ရှိ

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်(ပ-ကျော့) ပွဲကြိုသုံးသပ်ချက်

ဇေယျာ



ဒီနေ့ညကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲမှာတော့ ခံစစ်မာကျောတဲ့ အက်သလက်တီကိုနဲ့ယှဉ်ပြိုင်ရမယ့် ဘာစီလိုနာတိုက်စစ် ဂိုးပြတ်နိုင်ဖို့ရန်းကန်ရပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ကတော့ အဝေးကွင်းခြေစွမ်း စိတ်မချရတဲ့ ဘင်ဖီကာကို အိမ်ကွင်းမှာ ဂိုးမိုးရွာနိုင်မယ်လို့ထင်ပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး ၁၀ ပွဲဆက်တိုက်အနိုင်ရရှိထားပြီး တိုက်စစ်ကလည်း အိမ်ကွင်းနောက်ဆုံး ၁၈ ပွဲမှာ ၁၇ ပွဲဂိုးသွင်းထားနိုင်။

ဘင်ဖီကာခံစစ်ဟာ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံး ၁၀ ပွဲဆက်တိုက်ဂိုးသွင်းခံထားရတယ်။ သို့သော် တိုက်စစ်ပိုင်းက ချန်ပီယံလိဂ်နောက်ဆုံးရှစ်ပွဲဆက်တိုက် ဂိုးသွင်းထားနိုင်။

ဘာစီလိုနာဟာ ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး ၁၀ ပွဲဆက်တိုက်အနိုင်ရရှိထားပြီး တိုက်စစ်ကလည်း ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး ၁၅ ပွဲဆက်တိုက် ဂိုးသွင်းထားနိုင်။

ထိပ်တိုက်တွေ့ဆုံသည့် နောက်ဆုံးခုနစ်ပွဲစလုံး အက်သလက်တီကိုဘက်သို့ ဘာစီလိုနာဂိုးသွင်းနိုင်ခဲ့။ အက်သလက်တီကို၏ ချန်ပီယံလိဂ်နောက်ဆုံးခြောက်ပွဲတွင် ခံစစ်ပိုင်းဂိုးမပေးရစေရန် ငါးပွဲစွမ်းဆောင်ထားနိုင်။

### ဘိုင်ယန်မြူးနစ် Vs ဘင်ဖီကာ

နံနက် ၀၁း၁၅ | ထိပ်တိုက်တွေ့ဆုံမှု

မရှိ

aemuq;o;y

| | | | |
|---|---|---|---|
| ၂-၄-၂၀၁၆ | ဘိုင်ယန်မြူးနစ် | ၁-၀ | ဖရန့်ဖတ် |
| ၁၉-၃-၂၀၁၆ | ကိုလုံး | ၀-၁ | ဘိုင်ယန်မြူးနစ် |
| ၁၇-၃-၂၀၁၆ | ဘိုင်ယန်မြူးနစ် | ၄-၂ | ဂျူဗင်တပ်စ် |
| ၂- ၄-၂၀၁၆ | ဘင်ဖီကာ | ၅-၁ | ဘရာဂါ |
| ၂၁-၃-၂၀၁၆ | ဘိုအာဗစ္စတာ | ၀-၁ | ဘင်ဖီကာ |
| ၁၅-၃-၂၀၁၆ | ဘင်ဖီကာ | ၄-၁ | တွန်ဒီလာ |

ပေါ်တူဂီလိဂ်ကို ထိပ်ဆုံးကဦးဆောင်နေတဲ့ ဘင်ဖီကာဟာ လက်ရှိမှာ နိုင်ပွဲတွေဆက်တိုက်ရရှိနေတဲ့အသင်းပါ။ ဒါပေမဲ့ တိုက်စစ်သာထက်မြက်ပြီး ခံစစ်ကတော့ လုံခြုံမှုမရှိဘူး။ အထူးသဖြင့် ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ်တွေဆိုရင် ဘင်ဖီကာရဲ့ခြေစွမ်းနဲ့ ရလဒ်ပိုင်းက ယုံကြည်စိတ်ချရလောက်စရာပုံစံမျိုးမရှိတာတွေ့ရတယ်။ အိမ်ရှင်ဘိုင်ယန်မြူးနစ်ကတော့ တိုက်စစ်ပိုင်းက ဂိုးသွင်းအားထက်မြက်သလို ခံစစ်ကလည်း လုံခြုံလွန်းတဲ့အသင်းပါ။ ဘိုင်ယန်အနိုင်သေချာပြီး ဂိုးလည်းပြတ်မယ်။

### ဘာစီလိုနာ Vs အက်သလက်တီကို

နံနက် ၀၁း၁၅ | နောက်ဆုံးအကြိမ်တွေ့ဆုံမှု

၃၀-၁-၂၀၁၆ ဘာစီလိုနာ ၂-၁ အက်သလက်

aemuq;o;y

| | | | |
|---|---|---|---|
| ၃-၄-၂၀၁၆ | ဘာစီလိုနာ | ၁-၂ | ရီးယဲလ် |
| ၂၀-၃-၂၀၁၆ | ဗီလာရီးယဲလ် | ၂-၂ | ဘာစီလိုနာ |
| ၁၇- ၃၂၀၁၆ | ဘာစီလိုနာ | ၃-၁ | အာဆင်နယ် |
| ၂-၄-၂၀၁၆ | အက်သလက် | ၅-၁ | ဘက်တစ် |
| ၁၉-၃-၂၀၁၆ | ဂီဂျွန် | ၂-၁ | အက်သလက် |
| ၁၆-၃-၂၀၁၆ | အက်သလက် | ၀-၀ | ပီအက်စ်ဗွီ |

မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ရဲ့ ဘာစီလိုနာတိုက်စစ်ဂိုးသွင်းအားနဲ့ အက်သလက်တီကိုခံစစ် ဘယ်ဟာက ပိုကောင်းသလဲဆိုတာ အားပြိုင်ကြမယ့်ပွဲပါ။ အက်သလက်တီကိုအနေနဲ့ အဝေးကွင်းလည်းဖြစ်နေတာကြောင့် မရှုံးနိမ့်စေရေးအတွက်ပဲ ခံစစ်ဦးစားပေးယှဉ်ပြိုင်လာပါလိမ့်မယ်။ နဂိုကတည်းကလည်း အက်သလက်တီကိုရဲ့ ကစားအားမာကျောလှတာကြောင့် အိမ်ကွင်းဆိုပေမယ့်လည်း ဘာစီလိုနာအတွက် မလွယ်နိုင်ဘူး။ ဘာစီလိုနာ နှစ်ဂိုးပြတ်နိုင်ဖို့မလွယ်လို့ အက်သလက်တီကိုကို အပိုင်ရွေးသင့်တယ်။

### အင်္ဂါနေ့ည(ဗုဒ္ဓဟူးနေ့နံနက်)ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ချန်ပီယံလိဂ် ကွာတားဖိုင်နယ်(ပ-ကျော့)** | | | |
| ဘိုင်ယန်မြူးနစ် | - ဘင်ဖီကာ | နံနက် | ၀၁း၁၅ |
| ဘာစီလိုနာ | - အက်သလက်တီကို | နံနက် | ၀၁း၁၅ |
| **အင်္ဂလန် ချန်ပီယံရှစ် ပွဲစဉ်(၄၀)** | | | |
| ဘာမင်ဂမ် | - ဘရိုက်တန် | နံနက် | ၀၁း၁၅ |
| ဘရန့်ဖို့ဒ် | - ဘော်လ်တန် | နံနက် | ၀၁း၁၅ |
| ဘရစ္စတိုးလ် | - ရိုသာဟမ် | နံနက် | ၀၁း၁၅ |
| ဘန်လေ | - ကာဒစ်ဖ် | နံနက် | ၀၁း၁၅ |
| ဒါဘီ | - ဟူးလ်စီးတီး | နံနက် | ၀၁း၁၅ |
| အက်စ်ဝစ်ချ် | - ချာလ်တန် | နံနက် | ၀၁း၁၅ |
| လိဒ်း | - ကျူပီအာ | နံနက် | ၀၁း၁၅ |
| မစ်ဒယ်ဘရော့ | - ဟက်ဒါဖီးလ် | နံနက် | ၀၁း၁၅ |
| အမ်ကေဒွန်းစ် | - ဝုလ်စ် | နံနက် | ၀၁း၁၅ |
| ပရက်စတန် | - ဖူလ်ဟမ် | နံနက် | ၀၁း၁၅ |
| ရှက်ဖီးဝင်းစ် | - ဘလက်ဘန်း | နံနက် | ၀၁း၁၅ |
| ရီးဒင်း | - နော်တင်ဟမ် | နံနက် | ၀၁း၃၀ |
| **စကော့တလန် ပရီးမီးယားလိဂ်** | | | |
| ဒန်ဒီ | - ဆဲလ်တစ် | နံနက် | ၀၁း၁၅ |
| ပက်ထရစ် | - ဒန်ဒီယူနိုက်တက် | နံနက် | ၀၁း၁၅ |
| အင်ဗားနက်စ် | - ဟတ် | နံနက် | ၀၁း၁၅ |

## စပါးအသင်း ဂိုးသွင်းစံချိန်ကို တိုက်စစ်မှူးဟာရီကိန်း စိုက်ထူ

စပါးတိုက်စစ်မှူးဟာရီကိန်းသည် အသင်းသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် စံချိန်သစ်စိုက်ထူသွားနိုင်ခဲ့ပြီဖြစ်သည်။ ဟာရီကိန်းသည် လီဗာပူးနှင့် တစ်ဂိုးစီသရေကျသောပွဲတွင် စပါးအတွက် ဂိုးသွင်းယူနိုင်ပြီး ယခုရာသီအတွက် ပရီးမီးယားလိဂ်သွင်းဂိုး ၂၂ ဂိုးမြောက်ဖြစ်လာခဲ့ရသည်။ ယခင်က စပါးအသင်းသမိုင်းတွင် တစ်ရာသီအတွင်း ပရီးမီးယားလိဂ်ဂိုးအများဆုံးသွင်းယူထားနိုင်သည့်စံချိန်မှာ ၂၁ ဂိုးဖြစ်ပြီး ရီးယဲမက်ဒရစ်တွင် ကစားလျက်ရှိသော ဂါရတ်ဘေးလ်နှင့် အင်္ဂလန်ဂန္ထဝင်ရှရင်ဂမ်တို့ဖြစ်ကြသည်။ ဟာရီကိန်းသည် ယမန်နှစ်ဘောလုံးရာသီကတည်းက စပါးအတွက် ပရီးမီးယားလိဂ်သွင်းဂိုး ၂၁ ဂိုးသွင်းယူပြီး အဆိုပါကစားသမားများ၏စံချိန်ကို အမီလိုက်နိုင်ခဲ့ပြီးနောက် ယခုမှကျော်ဖြတ်သွားနိုင်ခြင်းလည်းဖြစ်သည်။

***Ref:Dailymail***

# ပရီးမီးယားလိဂ်ချန်ပီယံဆုကို လက်စတာအသင်း အမှန်တကယ်သိမ်းပိုက်ပြတော့မှာလား

ဇေယျာ




ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီးမီးယားလိဂ်မှာ ဘာမဆိုဖြစ်သွားနိုင်တယ်ဆိုတဲ့ စကားပုံက ပေါ်ပေါက်နေခဲ့တာကြာပါပြီ။ ဒါပေမဲ့ တကယ်တမ်းမှာတော့ ဘာမဆိုဖြစ်သွားနိုင်တယ်ဆိုတာကို ဒီရာသီရောက်မှ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရတာဖြစ်တယ်။ ရလဒ်တွေက အရင်နှစ်တွေကထက် မှန်းဆရခက်ခဲလွန်းလာပြီး အင်အားသာလို့ အနိုင်သေချာတယ်။ ဂိုးပြတ်၊ မပြတ်ဘဲ ကြည့်ရမယ်ဆိုတာမျိုး မရှိတော့ပါဘူး။ အသင်းကြီး ရှုံးချင်ရှုံးမယ်၊ သရေနဲ့ပဲ ကျေနပ်ချင် ကျေနပ်ရမယ်၊ အသင်းငယ်တွေလည်း နိုင်ချင်နိုင်မယ်၊ သရေခံကစားသွားရင်ကစားမယ်၊ နိုင်ပြီးတော့ ဂိုးပြတ်သွားတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါတွေကထားပါတော့။ ဘာဖြစ်လို့လဲဆိုတော့ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ချိန်ရွယ်နေတဲ့ အသင်းနှစ်သင်းရဲ့ ယှဉ်ပြိုင်မှုနဲ့ယှဉ်ရင် ဘာမှစာမဖွဲ့လောက်တော့လို့ပါ။ ဒီရာသီချန်ပီယံဆုကို ချိန်ရွယ်နေခဲ့တာ စပါးနဲ့ လက်စတာဖြစ်ပါတယ်။ ဒီနှစ်သင်းထဲကမှ အခုဆိုရင် လက်စတာဟာ ဆောက်သမ်တန်ကို အနိုင်ရပြီး စပါးကို ခုနစ်မှတ်အထိ ဖြတ်ထားလိုက်နိုင်လို့ ကစားဖို့ခြောက်ပွဲသာ ကျန်ရှိချိန်မှာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို သိမ်းပိုက်ဖို့ အတော်လေးနီးစပ်နေပါပြီ။

နည်းပြရေနီယာရီ ကိုင်တွယ်မှုလက်အောက်မှာ လက်စတာရဲ့စုဖွဲ့ကစားအားက ကြောက်စရာကောင်းလောက်အောင် ထက်မြက်နေပြီး အသင်းကြီးအားလုံးကို အလဲလဲအပြိုပြိုဖြစ်သွားစေခဲ့တယ်။ ဒီလိုသာဆိုရင် မြေခွေးအုပ်စုအနေနဲ့ ပရီးမီးယားလိဂ်မှာ မှတ်တိုင်တစ်ခုစိုက်ထူပြဖို့ အဆင်သင့်ဖြစ်နေပြီလား။ တချို့ဘွတ်ကီတွေကတော့ လက်စတာဗိုလ်စွဲမယ်လို့ ခန့်မှန်းထားမှုတွေကို ကြိုတင်အလျော်အစားတောင်လုပ်ပေးလိုက်ပါပြီ။ တချို့ကလည်း လျော်ကြေးဆကို လျှော့ယူမယ်ဆိုရင် ကြေးခွာပေးဖို့အပေးအယူတွေ ပြုလုပ်လာခဲ့ပါတယ်။ ဒါတွေကိုကြည့်ပြီး လက်စတာဆိုတဲ့မြေခွေးအုပ်စု၊ ရာသီအစတုန်းက တန်းတင်ကျန်ရစ်ခွင့်ရရှိရေးအဓိကရည်မှန်းထားတဲ့အသင်းတစ်သင်း ပရီးမီးယားလိဂ်လို ကမ္ဘာ့အမြင့်ဆုံးပြိုင်ပွဲကြီးမှာ ဗိုလ်ဝင်ခံဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာ အိပ်မက်မဟုတ်ဘူးလို့သိလိုက်ရတယ်။ တကယ်တမ်းမှာရော ပရီးမီးယားလိဂ်ချန်ပီယံဆုကို လက်စတာအသင်းသိမ်းပိုက်ဖို့သေချာနေပြီလား။။ လက်ကျန်ခြောက်ပွဲ၊ ရမှတ်ကွာဟချက် ခုနစ်မှတ်ဆိုတော့ သိပ်ပြီးခေါင်းခဲနေအောင်တောင် မတွက်လိုက်ရဘူး။

ဒီလိုတွက်ချက်ရာမှာ အဆင့်(၃)နေရာက အာဆင်နယ်နဲ့ အဆင့်(၄)နေရာက မန်စီးတီးတို့ကို ထည့်မတွက်တော့ပါဘူး။ ဒုတိယနေရာက ကပ်လိုက်နေတဲ့စပါးကိုပဲ အဓိကထားတွက်ချက်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆင်နယ်တောင်မှ တစ်ပွဲလျော့ အနေအထားရှိနေပေမယ့် လက်စတာနဲ့ ၁၁ မှတ်အထိကွာဟသွားပြီဖြစ်လို့ပါ။ အာဆင်နယ်အတွက် ကစားဖို့ခုနစ်ပွဲသာကျန်ရှိပြီး အများဆုံးရယူနိုင်မယ့် ရမှတ်က ၂၁ မှတ်သာရှိထားချိန်မှာ အခုလို ၁၁ မှတ်အထိ လိုက်မီဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အရင်ဆုံး လက်စတာရဲ့ပွဲကျန်ကို တွက်ကြည့်ရရင် ဆန်းဒါးလန်း၊ ဝက်စ်ဟမ်း၊ ဆွမ်ဆီး၊ မန်ယူ၊ အဲဗာတန်၊ ချယ်လ်ဆီးတို့နဲ့ ကစားဖို့ကျန်နေတယ်။ တန်းဆင်းတိုက်ပွဲဝင်နေတဲ့ ဆန်းဒါးလန်းနဲ့ ဆွမ်ဆီးတို့ကို အသည်းအသန်ကစားရနိုင်ပေမယ့် အနည်းဆုံး ဒီနှစ်ပွဲမှာတစ်ပွဲတော့နိုင်မှာပါ။ ဝက်စ်ဟမ်း၊ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးတို့နဲ့ပွဲမှာလည်း အနည်းဆုံးတစ်ပွဲပဲနိုင်၊ တစ်ပွဲကသရေကျခဲ့တယ်ဆိုရင် လက်စတာရဲ့ လက်ကျန်ခြောက်ပွဲမှာ အနည်းဆုံးရမယ့်အမှတ်က ခုနစ်မှတ်ဖြစ်ပါတယ်။ ဒီလိုသာဆိုရင် စပါးအနေနဲ့လက်ကျန်ခြောက်ပွဲမှာ ၁၅ မှတ်ရမှ ဗိုလ်စွဲမှာပါ။ စပါးရင်ဆိုင်ရဖို့ကျန်တာက မန်ယူ၊ စတုတ်စီးတီး၊ ဝက်စ်ဘရွန်း၊ ချယ်လ်ဆီး၊ ဆောက်သမ်တန်၊ နယူးကာဆယ်တို့ဖြစ်လို့ အဲဒီခြောက်ပွဲမှာ ငါးပွဲအနည်းဆုံးနိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဒီတော့ အခုအချိန်ကတည်းက လက်စတာဗိုလ်စွဲပြီဆိုတာ သေချာပေါက်ပြောလို့ရနေပါပြီ။ ။

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၅-၄-၂၀၁၆ ရက်နေ့တွင် ကျရောက်သော သားလေး မောင်သန့်ဘုန်းကျော်၏ (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကာ လိုတိုင်းတရနိုင်သော ဘဝလေးကို ပိုင်ဆိုင်နိုင်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်သောနေ့ရက်များကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘိုးဘိုး ဦးစောဒေးဗစ်-ဘွားဘွား ဒေါ်ခင်ခင်ဦး
ဖေဖေ ဦးဟိန်းဇော်ဦး-မေမေ ဒေါ်ပန်းအိဖြူ

## Trademark Announcement

BANDO INDUSTRIAL CO., LTD. of 10, Yangji-ro 290 beon-gil, Onam-eup, Namyangju-si, Gyeonggi-do, Korea
Tel.: +82-31-575-2525 Fax: +82-31-575-2788
Email: info@livingstar.com
Website: http://www.livingstar.com
is the Manufactures and Sole Proprietor of trademark:

LIVING STAR

**(Reg: No. IV/10683/2015)**

For Wood, semi-worked woods and other wood products for making household utensils, building; furniture; tables; seats; trolleys; mirrors; goods, works of art of wood, wax, plaster or plastic.
Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law by our legal representative.

THEIN TUN WIN
By **Ageless IP Attorneys & Consultants**
P.O. Box No. 26, Yangon.
Phone: 372416
Dated: 5th April, 2016

### ပျောက်ဆုံးကြောင်း

ဖြူဖြူလွင်(ဘ)ဦးထွန်းမြင့် ၇/ညလပ(နိုင်)၁၇၄၄၅၅ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၉၅၈၅၉၀၀**

### ပျောက်ဆုံးကြောင်း

ကျော်ခိုင်လင်း ၁၂/ကမန(နိုင်)၀၈၉၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

### ပျောက်ဆုံးကြောင်း

မိုးဇော်ဟိန်း ၇/ပခန(နိုင်)၂၃၃၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

### ပျောက်ဆုံးကြောင်း

မသိမ့်သန္တာအေး(ဘ)ဦးခင်မောင်အေး ၁၂/အစန(နိုင်)၁၉၃၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်-MB 067382 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၂၂၀၁၃၁၆**

### ပျောက်ဆုံးကြောင်း

မြင့်ဌေး(ဘ)ဦးစိုးငြိမ်း ၈/အလန(နိုင်)၁၁၈၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၀၀၅၉၄၁၆**

### ပျောက်ဆုံးကြောင်း

စိုးမိုးကျော်(ဘ)ဦးဘကျော် ၁၂/ဒဂတ(နိုင်)၀၇၀၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၄၈၁၆၁၈**

### ပျောက်ဆုံးကြောင်း

မျိုးမြင့်အောင်(ဘ)ဦးရဲညွှန့် ၈/ခမန(နိုင်)၁၁၀၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၄၉၆၀၉**

### ပျောက်ဆုံးကြောင်း

ဇေရီဦး ၇/တငန(နိုင်)၁၄၁၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

### ပျောက်ဆုံးကြောင်း

မောင်ကိုကိုနိုင် (ဘ)ဦးမြသိန်း ၇/မလန(နိုင်)၀၇၂၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၇၅၉၄၀၈**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ ၃၆ယ/၈၃၀၆၀၊ Kenbo 110ယာဉ်လက်ဝယ်ရှိသူအမည်၊ ဦးကျော်ဆွေလင်း မှတ်ပုံတင်အမှတ်၊၉/ပမန(နိုင်)၂၃၄၁၄၃မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)**

## ကျေးဇူးဥပကာရတင်ရှိခြင်း

ဖေဖေ ကိုစွမ်းပြည့်အောင် နှင့် မေမေ မမွန်မြတ်သန့်စင်အောင် တို့၏ သမီးဦးရတနာအား ၄-၄-၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာမွေးဖွားသန့်စင်ပေးပါသော တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေးနှင့် ပါရဂူကြီးများ၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဝမ်းမြောက်ကြောင်းသတင်းမေးမြန်းကြသူများကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ**
**ဖေဖေ ကိုစွမ်းပြည့်အောင်**
**မေမေ မမွန်မြတ်သန့်စင်အောင်**

## TRADE MARK CAUTION

NOTICE is hereby given that **Guangdong Yuedong Magnetoelectricity Co., Ltd.** of Heping Section Guangshan Road, Chaoyang District, Shantou, Guangdong, China is the Owner and Sole Proprietor of the following trademark:

NEWSUN

(Reg: No. **IV/1514/2013**)

In respect of goods in class 09.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law.

U Thein Tun Win
for **Guangdong Yuedong Magnetoelectricity Co., Ltd.**
By Ageless IP Attorneys & Consultants
P.O. Box No. 26, Yangon.
Phone: 372416 Dated: 5th April, 2016


# အိုးလ်ထရက်ဖို့ဒ်၌ မန်ယူ၏ ပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀၀ ပြည့်မြောက်

## မန်ယူနိုင်ပွဲအပြီးတွင် ဇနီးသည်၏မွေးနေ့အတွက် အသင်းသားများကို ရွှန်းနီဖိတ်ခေါ်



**မန်ချက်စတာ ဧပြီ ၄**

မန်ယူအသင်းသည် ယမန်နေ့ညက အဲဗာတန်နှင့် ယှဉ်ပြိုင်ကစားသော ပရီးမီးယားလိဂ်ပွဲစဉ်တွင် အိုးလ်ထရက်ဖို့ဒ်ကွင်းအတွင်း ၁၀၀၀ ပြည့်မြောက် ပရီးမီးယားလိဂ်သွင်းဂိုးအား သွင်းယူသွားနိုင်ခဲ့ပြီဖြစ်သည်။ မန်ယူသည် ယင်းပွဲမတိုင်မီ အိမ်ကွင်းအိုးလ်ထရက်ဖို့ဒ်၌ ပရီးမီးယားလိဂ်သွင်းဂိုး ၉၉၉ ဂိုး သွင်းယူထားနိုင်ပြီး ယခုအခါ အဲဗာတန်ကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်းကြောင့် ဂိုး ၁၀၀၀ အတိဖြင့် ရပ်တန့်နေခဲ့သည်။ အဆိုပါပွဲတွင် မန်ယူအတွက် ၁၀၀၀ ပြည့်မြောက် အိမ်ကွင်း ပရီးမီးယားလိဂ်ဂိုးကို တိုက်စစ်မှူး မာရှယ်ကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် မာရှယ်က ယခုကဲ့သို့ အမှတ်တရဂိုးကို သွင်းယူလိုက်နိုင်ခြင်းအတွက် ကျေနပ်ဝမ်းသာမိကြောင်းနှင့် ယခုနိုင်ပွဲကို အမြဲတမ်းအမှတ်ရနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။ ယခုမှတ်တမ်းမှာ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက်လုံးတွင်လည်း အိမ်ကွင်းသွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးအသင်းဖြစ်လာခဲ့ရကြောင်းသိရသည်။ မန်ယူ၏နောက်တွင် အိမ်ကွင်းပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန်နီးစပ်နေသည့် အသင်းများမှာ အာဆင်နယ်(၉၁၆ ဂိုး)၊ ချယ်လ်ဆီး(၉၀၀ ဂိုး)၊ လီဗာပူး(၈၆၈ ဂိုး)နှင့် စပါး(၇၆၁ ဂိုး) တို့ဖြစ်ကြသည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် အိမ်ကွင်းအိုးလ်ထရက်ဖို့ဒ်၌ ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးအဖြစ် စံချိန်တင်ထားနိုင်သည့် အသင်းခေါင်းဆောင်ရွှန်းနီမှာ အဆိုပါပွဲစဉ်ကို ဒဏ်ရာကြောင့် ခုံတန်းမှသာ ကြည့်ရှုခဲ့ရသည်။ လက်ရှိတွင် အိုးလ်ထရက်ဖို့ဒ်၌ ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးသွင်းယူထားနိုင်သူမှာ တိုက်စစ်မှူးရွှန်းနီဖြစ်ပြီး စုစုပေါင်း ၉၉ ဂိုးသွင်းယူထားနိုင်သည်။ ၎င်း၏နောက်တွင် ဒုတိယအများဆုံးအဖြစ် ကွင်းလယ်ကစားသမားဟောင်းပေါလ်စခိုးလ်ဖြစ်ပြီး ၅၉ ဂိုးသွင်းယူထားနိုင်သည်။ ဒုတိယအများဆုံး ပေါလ်စခိုးလ်ပင်လျှင် ၎င်းထက် ဂိုး ၄၀ လျော့နည်းပြီး အနားလည်းယူသွားပြီဖြစ်၍ ရွှန်းနီ၏ ဂိုးသွင်းမှတ်တမ်းကို ချိုးဖျက်နိုင်ရန်မလွယ်ကူကြောင်း သိရသည်။ ပေါလ်စခိုးလ်၏နောက်တွင် အိုးလ်ထရက်ဖို့ဒ် ပရီးမီးယားလိဂ်သွင်းဂိုးတတိယအများဆုံးအဖြစ် စီရော်နယ်ဒို(၅၇ ဂိုး)ဖြစ်ပြီး ယင်းတို့၏နောက်၌ ဆိုးလ်ရှား(၅၃ ဂိုး)၊ ရွှင်ယန်ဂစ်(၅၃ ဂိုး)၊ အင်ဒီကိုးလ်(၄၉ ဂိုး)၊ နစ္စတယ်ရွိုင်း(၄၈ ဂိုး)နှင့် ကန်တိုနာ (၃၇ ဂိုး)တို့ဖြစ်ကြသည်။

အဲဗာတန်ကိုအနိုင်ရသည့် မန်ယူသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ချန်ပီယံလိဂ်ဝင်ခွင့်ပြေးလမ်းကြောင်းပေါ်၌ ဆက်လက်တည်ရှိနေနိုင်ခဲ့သည်။

ယင်းပွဲအပြီးတွင် အသင်းခေါင်းဆောင်ရွှန်းနီသည် ဇနီးသည် ကောလင်းဖြစ်သူ၏ အသက်နှစ် ၃၀ ပြည့် မွေးနေ့ပါတီပွဲကျင်းပရန် မန်ယူကစားသမားတချို့ကို ဇနီးသည်များ၊ ချစ်သူများနှင့် အတူတကွတက်ရောက်လာရန် ဖိတ်ကြားခဲ့သည်။

***Ref:BBC***



# မီယာမီအိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲ၌ လက်ရှိချန်ပီယံဂျိုကိုဗစ် အနိုင်ရဗိုလ်စွဲ

**မီယာမီ ဧပြီ ၄**

အမေရိကန်နိုင်ငံ မီယာမီကမ်းခြေ၌ ကျင်းပလျက်ရှိသော မီယာမီအိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဂျိုကိုဗစ်အနိုင်ရဗိုလ်စွဲခဲ့သည်။ ဂျိုကိုဗစ်သည် ဗိုလ်လုပွဲတွင် ဂျပန်မှ နီရှိကိုရီနှင့်တွေ့ဆုံပြီး ၆-၃၊ ၆-၃ ဖြင့်အနိုင်ရရှိခဲ့သည်။ ယခုကဲ့သို့ ဆွတ်ခူးနိုင်မှုမှာ ကမ္ဘာ့အဆင့်(၁)တင်းနစ်သမား ဂျိုကိုဗစ်အတွက် ၂၈ ကြိမ်မြောက် ဆွတ်ခူးရယူနိုင်သည့် မာစတာဖလားလည်းဖြစ်သည်။ ဆုလက်ခံရယူအပြီးတွင် ဂျိုကိုဗစ်က မျှော်လင့်ထားမှုအမှန်တကယ်ဖြစ်လာ၍ ဝမ်းသာကြောင်း၊ လာမည့်နှစ်တွင်လည်း ချန်ပီယံဘွဲ့ကာကွယ်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဖွင့်ဟသွားသည်။ ယခုဆုမှာ သူ့အတွက် သုံးနှစ်ဆက်တိုက် ဆွတ်ခူးရယူနိုင်သည့် မီယာမီဆုဖလားဖြစ်ခဲ့သည်။ ၎င်းသည် ကစားသမားဘဝတစ်လျှောက်လုံး မီယာမီအိုးပင်း ချန်ပီယံဆု ငါးကြိမ်တိုင်တိုင် ဆွတ်ခူးရယူထားနိုင်သည်။

***Ref:ESPN***

# စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့်ဂုဏ်ပြုဆုများဆက်ကပ်လှူဒါန်း

**သီပေါ ဧပြီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၌ ၂၀၁၅ ခုနှစ် အစိုးရပါဠိပြဌမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက သီပေါမြို့ မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်ကသာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် အစိုးရနိကာယ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာလေးများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အဓိပတိ(အပြာ)ယာဉ်လိုင်းတွင် Mobile Payment စနစ်ဖြင့် စမ်းသပ်ပြေးဆွဲ

**ရန်ကုန် ဧပြီ ၄**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ပါရမီ မြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းသည် ရန်ကုန်မြို့တွင်းရှိ ရဟန်းသံဃာ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အများပြည်သူခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်လိုင်း ၁၁ လိုင်း၊ ယာဉ်အစီးရေ ၂၉၈ စီးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အဆိုပါ ပါရမီမြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ ယာဉ်လိုင်းများဖြစ်သည့် အဓိပတိ(အပြာ)၊ အဓိပတိ(အဖြူ)၊ အဓိပတိ(အဝါ)နှင့် အဓိပတိ(အနီ)တို့၌ ယာဉ်စီးနင်းခကို ငွေသားဖြင့်လည်းကောင်း၊ ipay ကတ်ဖြင့်လည်းကောင်း စီးနင်းနိုင်ရန်စီစဉ်ထားရှိပြီး အဓိပတိ(အပြာ)တွင် ခေတ်စနစ်နှင့်လျော်ညီစေမည့် Mobile Payment စနစ်ကို စမ်းသပ်ဆောင်ရွက်ပြေးဆွဲလျက်ရှိသည်။

Mobile Payment စနစ်သည် ခရီးသည်အတွက် မြန်ဆန်လွယ်ကူပြီး Phone ဖြင့် ယာဉ်စီးခပေးချေသည့် စနစ်ဖြစ်သည်။ Mobile Payment ဖြင့် ပေးချေနိုင်ရန်ယာဉ်များပေါ်တွင် OK Dollar Logo Sticker များတပ်ဆင်ထားရှိပြီး ငွေဖြည့်သွင်းခြင်းအတွက် အဓိပတိယာဉ်လိုင်းပြေးဆွဲသည့် လမ်းကြောင်းတစ်လျှောက် စတိုးဆိုင်များတွင် ငွေဖြည့်သွင်းနိုင်ရန်စီစဉ်ထားကာ OK Dollar အသုံးပြုခြင်းဖြင့် မည်သည့်ဝန်ဆောင်ခမှပေးရန်မလိုကြောင်း သိရသည်။




"ကျွန်တော်တို့ဌာနအနေနဲ့ အဓိပတိ(အပြာ)၊ အဓိပတိ(အဖြူ)၊ အဓိပတိ(အဝါ)နဲ့ အဓိပတိ(အနီ)ဆိုပြီး ယာဉ်လိုင်းတွေပြေးဆွဲပေးလျက်ရှိတယ်။ ကစ္စပနဒီကုမ္ပဏီနဲ့ကျွန်တော်တို့ပါရမီယာဉ်လိုင်းနဲ့ပူးပေါင်းပြီး ပြေးဆွဲပါတယ်။ ipay ကတ်နဲ့ငွေပေးချေလို့လည်းရတယ်။ ငွေသားပေးချေတဲ့စနစ်နဲ့လည်း စီးနင်းလို့ရတယ်။ အခုကတော့ အဓိပတိ(အပြာ)ယာဉ်လိုင်းမှာရှိတဲ့ယာဉ် ၈၁ စီးကို ipay ကတ်၊ ငွေသားအပြင် Mobile Payment System နဲ့ ပေးချေတဲ့စနစ်ကိုစမ်းသပ်ပြီး စတင်ပြေးဆွဲတာဖြစ်တယ်။ အဓိပတိ(အပြာ)ယာဉ်လိုင်းဟာ မကြာမီရက်ပိုင်းကမှ Yutong ကားအသစ် ၃၅ စီးကိုထည့်သွင်းကာ ကားဟောင်းများနဲ့ အစားထိုးလဲလှယ်ပြေးဆွဲခဲ့ပါတယ်။ ခရီးသွားပြည်သူတွေအဆင့်မြင့်မြင့်နဲ့အဆင်ပြေစေဖို့ Mobile Payment System ကို စမ်းသပ်ပြေးဆွဲတာဖြစ်ပါတယ်"ဟု ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ပါရမီ အထွေထွေမန်နေဂျာ ဦးဇော်မင်းကပြောသည်။

အဓိပတိ(အပြာ) ယာဉ်လိုင်းသည် ပါရမီမှ ထွက်ခွာပြီး ရှစ်မိုင်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ မြို့တွင်း၊ ပါရမီသို့ပြန်ဝင်သည့် အင်းစိန်လှည့်နှင့် ပါရမီမှထွက်ခွာပြီး စံပြ၊ မြို့တွင်း၊ အင်းစိန်၊ ပါရမီသို့ပြန်ဝင်သည့် စံပြလှည့်ဟူ၍ လမ်းကြောင်းဝဲယာသတ်မှတ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၄**

UMFCCI Training Institute မှ သင်ကြားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ၌ ကျင်းပသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် အဆိုပါသင်တန်းကို ညီနောင်အသင်းသား၊ အသင်းဝင်ထားသူများနှင့် ကုမ္ပဏီများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် အသင်းချုပ်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းက လူငယ်လူရွယ်တွေရဲ့ အနာဂတ်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့နဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေဖို့ကို အဓိကရည်ရွယ်ပါတယ်။ဒီသင်တန်းတွေကနေ လုပ်ငန်းခွင်မှာ အထောက်အကူဖြစ်စေပြီး နိုင်ငံအတွက် အကျိုးပြုနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

UMFCCI Training Institute ၌ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေသူများ၊ ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်ဖြစ်ရန်ကြိုးစားနေသည့် လူငယ်များအတွက် ရည်ရွယ်ပြီး Office Management၊ Human Resources Management၊ Systematic Distribution & Management၊ Business English၊ Basic Sales & Marketing၊ Higher Sales & Marketing နှင့် International Trade စသည့် သင်တန်းများဖွင့်လှစ်ထားကြောင်း သိရသည်။

UMFCCI Training Institute မှ လက်ရှိ သင်ကြားနေသည့် လပြတ်သင်တန်းများအပြင် Change Management၊ Essential Skills for Manager၊ Leadership၊ Project Management၊ Logistic Training၊ Organization Development အစရှိသည့် ရက်တိုသင်တန်းများလည်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အမ်အမ်ကေ**

○ **မကွေးအသင်းမှ**

ပထမအကျော့ နောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သောကြောင့် ထိပ်ဆုံးမှရတနာပုံအသင်းနှင့် ရှစ်မှတ်အထိ ကွာဟသွားပြီဖြစ်သည်။

မကွေးအသင်းမှာ ယခုပွဲတွင် နိုင်ပွဲပြန်လည်ရရှိခဲ့သောကြောင့် ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၅ နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ မထင်မှတ်ဘဲ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့် ဟံသာဝတီအသင်းမှာ တတိယနေရာမှ ဧရာဝတီအသင်းနှင့် တစ်မှတ်သာကွာဟတော့သည်။

ဘရာဇီးတိုက်စစ်မှူး အီဗန်စ်ပွဲပယ်ခံထားရပြီး လိုက်ဘေးရီးယားကွင်းလယ်လူ ကျော့ဂျီ လက်ရွေးစင်အသင်းအတွက် ပြန်လည်ကစားပေးရင်း အချိန်မီမရောက်ရှိသေးခြင်းကြောင့် ဟံသာဝတီအသင်းမှာ ပွဲထွက်လူစာရင်းတွင် ဘမ်ဘာတစ်ဦးတည်းသာ နိုင်ငံခြားသားကစားသမားပါဝင်ခဲ့ပြီး ပုံမှန်ခြေစွမ်းရရန် ရုန်းကန်ခဲ့ရသည်။

နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အမာခံကစားသမားအစုံအလင်ပါဝင်လာသည့် မကွေးအသင်းမှာ ဟံသာဝတီထက် ကစားပုံပိုကောင်းခဲ့သောကြောင့် ဖိအားပေးကစားနိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ဟံသာဝတီအသင်း နောက်ခံလူ အောင်ဖြိုးမြင့် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် မကွေးအသင်း ဂိုးစရခဲ့သည်။

ဟံသာဝတီအသင်းမှာ ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ကစားကွက်တည်မရဖြစ်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဆယ်လာက ခေါင်းတိုက်ကာ မကွေးအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၅ မိနစ်တွင် ဘမ်ဘာကချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မကွေးအသင်းက အနိုင်ရလဒ်ကိုထိန်းပြီး သုံးမှတ်အပြည့်ရရှိသွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်နှင့် ဇေယျာရွှေမြေအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၉ မိနစ်တွင် အီဘာရာဟင်မ်က ဇေယျာရွှေမြေအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ချင်းယူနိုက်တက်အတွက် ချေပဂိုးကို ၇၅ မိနစ်တွင် ဇော်ဝင်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၁)အပြီးတွင် ရတနာပုံအသင်းက ၂၉ မှတ်ဖြင့် ထိပ်ဆုံးတွင်ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက ၂၀ မှတ်၊ ရန်ကုန်နှင့်မကွေးအသင်းတို့က ၁၆ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၁ မှတ်၊ Horizon အသင်းက ငါးမှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။ ပထမအကျော့ပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ပွဲစဉ် (၁၀)ရွှေ့ဆိုင်းထားသော ရန်ကုန်-ဇွဲကပင်ပွဲကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(၂၂၀)**

▶▶ **ချယ်လ်ဆီးအသင်းမှ**

ချယ်လ်ဆီးအသင်းကို စတင်တာဝန်ယူမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့်စာချုပ်ခဲ့ပြီးနောက် ကွန်တီက "ချယ်လ်ဆီးအသင်းနဲ့ လက်တွဲအလုပ်လုပ်ရတော့မယ့်အရေးအတွက် အရမ်းစိတ်လှုပ်ရှားမိတယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံလက်ရွေးစင်အသင်းကို နည်းပြရတာ ဂုဏ်ယူသူပါ။ ဒီရာထူးကို စွန့်ခွာဖို့အရေးက ချယ်လ်ဆီးနည်းပြရာထူးတစ်ခုတည်းနဲ့သာလဲဖို့ရှိပါတယ်။ ကျွန်တော်ရှေ့လျှောက် ချယ်လ်ဆီးအသင်းက ကစားသမားတွေနဲ့ တွေ့ဆုံပြီး စိန်ခေါ်မှုတွေကို တစ်နေ့ချင်းစီရင်ဆိုင်ကျော်လွှားရင်း ပရီးမီးယားလိဂ်မှာ အောင်မြင်ဖို့ ရည်စူးပါတယ်။ ချယ်လ်ဆီးနဲ့ အင်္ဂလိပ်ဘောလုံးလောကဟာ နေရာတိုင်းမှာ စောင့်ကြည့်ကြပြီး သူတို့ပရိသတ်ရဲ့ အားပေးပုံဟာလည်း လေးစားစရာကောင်းလွန်းပါတယ်။ အီတလီမှာ နည်းပြစဉ်ကထက်နိုင်ပွဲတွေပိုရပြီး အောင်မြင်ဖို့ ရည်မှန်းထားပါတယ်" ဟု ပြောသည်။

ချယ်လ်ဆီးအသင်း ဒါရိုက်တာ ဂရာနော့ဗ်စကိုင်ရာကလည်း "လက်ရှိကမ္ဘာ့အကောင်းဆုံးနည်းပြတွေထဲကတစ်ဦးကို ခန့်အပ်လိုက်နိုင်လို့ ကျေနပ်နေပါတယ်။ ဒါဟာ အနာဂတ်စီမံကိန်းတွေအတွက် ကြိုတင်ရင်းနှီးမြှုပ်နှံမှုပါပဲ" ဟု ဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် ၁၀ နေရာ၌ ရပ်တည်နေပြီး ဒီဇင်ဘာလအတွင်းက မော်ရင်ဟိုကိုထုတ်ပယ်စဉ်တွင် အသင်းသည် အဆင့် ၁၆ နေရာ၌ရောက်ရှိနေသည်။ အစားထိုးခဲ့သော ယာယီနည်းပြဟစ်ဒင့်ကြောင့် ယခုလို အသင်းခြေစွမ်းပြန်လည်မြင့်တက်လာသော်လည်း ဖလားလက်မဲ့ရာသီရင်ဆိုင်ရမည်ဖြစ်သည်။

အသက် ၄၆ နှစ်ရှိပြီဖြစ်သော ကွန်တီသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်တွင် အီတလီအသင်းအုပ်စုအဆင့်မှထွက်ခဲ့ရသောကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည့် နည်းပြ ပရန်ဒယ်လီ၏နေရာတွင် အစားဝင်ခဲ့ကာ လက်ရှိတွင် အီတလီကို ယူရို ၂၀၁၆ ခြေစစ်ပွဲ၌ ရှုံးပွဲမရှိစံချိန်ဖြင့် ခြေစစ်ပွဲအောင်စေရန် စွမ်းဆောင်ပေးထားနိုင်သည်။

အီတလီအသင်းကို မကိုင်တွယ်မီ ကွန်တီသည် ဂျူဗင်တပ်အသင်းကို သုံးနှစ်ဆက် စီးရီးအေချန်ပီယံဖြစ်စေခဲ့ရာ၌ အမှတ်ပေးပွဲပေါင်း ၁၁၄ ပွဲတွင် ၈၃ ပွဲနိုင်ပြီး ခုနစ်ပွဲသာ ရှုံးခဲ့ကာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၄ ခုနှစ် မတ်လအထိ စီးရီးအေ ၄၃ ပွဲဆက်တိုက် ဂိုးသွင်းနိုင်သည့်စံချိန်သစ်ကိုလည်း စိုက်ထူနိုင်ခဲ့သည်။ ။

**ဇေယျာ**






# သက်ြန်ကာလယှဉ်ပြိုင်ကစားမည့်ပွဲစဉ်တွင် မိုဟန်ဘောဂန်အသင်းကို အနိုင်ယူသွားမည်ဟု ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် မာဂျန်ပြော

ရန်ကုန် ဧပြီ ၄

2016 AFC Cup ပြိုင်ပွဲ၏ အုပ်စု (G) စတုတ္ထပွဲစဉ်အဖြစ် ဧပြီ ၁၃ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် အိန္ဒိယနိုင်ငံမှ မိုဟန်ဘောဂန်ကလပ်အသင်းတို့သည် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ယင်းပွဲစဉ်ကို သကြ်န်ကာလတွင် ကစားရမည်ဖြစ်သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် မည်သည့်ဖိအားမှုမရှိဘဲ နိုင်ပွဲရယူသွားမည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်း၏နည်းပြချုပ် မာဂျန်၏ ပြောကြားချက်အရသိရသည်။

"အသင်းရဲ့ တာဝန်ရှိသူတချို့က ဒီပွဲကို သကြ်န်ကာလနဲ့ တိုက်ဆိုင်နေတာကြောင့် သွားလာရေးအဆင်မပြေမှာစိုးလို့ ရက်ပြောင်းပြီးကစားဖို့ အာရှဘောလုံးအဖွဲ့ချုပ်ကို တောင်းဆိုခဲ့ပေမယ့် ခွင့်မပြုတာကြောင့် ဧပြီ ၁၃ ရက်မှာပဲ ဒီပွဲကိုကစားရမှာပါ။ အသင်းရဲ့ ကစားသမားတွေကလည်း ဒီပွဲမှာ အနိုင်ရရှိချင်တာကြောင့် ခြေစွမ်းကုန်ထုတ်ကစားသွားမှာဖြစ်လို့ ဘာဖိအားမှမရှိပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

**မင်းသော်တာလွင်**

# လာမည့်နှစ်နှစ်ခန့်တွင် ရုရှားနိုင်ငံသားများ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များကို လက်ရည်တူစိန်ခေါ်ယှဉ်ပြိုင်နိုင်မည်

ရန်ကုန် ဧပြီ ၄

ဧပြီ ၂ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ-ရုရှား ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရုရှားနိုင်ငံသားများအနေဖြင့် ရှုံးနိမ့်ခဲ့သော်လည်း လာမည့်နှစ်နှစ်ခန့်တွင် ၎င်းတို့မှာ မြန်မာ့ရိုးရာလက်ဝှေ့အတွေ့အကြုံများ ရယူကာ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များကို လက်ရည်တူ စိန်ခေါ်ထိုးသတ်နိုင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒင်းနစ်က ပြောသည်။

"ရုရှားနိုင်ငံသား ရိုးရာလက်ဝှေ့သမားတွေက စိတ်ဓာတ်အရမ်းပြင်းပါတယ်။ နိုင်ပွဲတွေ ဆာလောင်နေတဲ့သူတွေလည်းဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ် မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ ရုရှားနိုင်ငံသားရိုးရာလက်ဝှေ့သမားတွေ အောင်မြင်မှုကို တွေ့ရလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ မကြာမီကာလအတွင်းမှာ ရုရှားနိုင်ငံသားရိုးရာလက်ဝှေ့သမားတွေက မြန်မာ့ရိုးရာလက်ဝှေ့ကျော်တွေရဲ့ အဓိကပြိုင်ဘက်တွေဖြစ်လာမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ရုရှားနိုင်ငံသား ရိုးရာလက်ဝှေ့သမားများသည် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့လာရောက်၍ ပြည်တွင်းရိုးရာလက်ဝှေ့ကလပ်များတွင် ပညာသင်ယူမည်ဖြစ်သကဲ့သို့ ပြည်တွင်း၌ လက်ဝှေ့စိန်ခေါ်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



**မင်းသော်တာလွင်**

# (၁၂)ကြိမ်မြောက် စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို ကျိုက္ကဆံကွင်း၌ စတင်ကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၁၂) ကြိမ်မြောက် စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ကျိုက္ကဆံကွင်း) ၌ ယနေ့တွင် စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဧပြီ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ၏ စွန်အလှပြပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးဦး၊ စွန်ဖြတ်ပြိုင်ပွဲတွင်ပြိုင်ပွဲဝင် အသင်း ၁၄ သင်းနှင့် တစ်ဦးချင်း ပြိုင်ပွဲဝင်များအပါအဝင် စုစုပေါင်းပြိုင်ပွဲဝင် ၉၂ ဦး ယှဉ်ပြိုင်ပြီး စွန်အလှပြသူ ၁၃ ဦးလည်းပါဝင်ကြောင်း မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ သိရသည်။

စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲများအနက် စွန်အလှလွှတ်တင်ပြိုင်ပွဲတွင် မြန်မာ့ရိုးရာငှက်တော်စွန်အပါအဝင် စွန်အမျိုးအစားများစွာ ပါဝင်မည်ဖြစ်ပြီး စွန်အလှပြပြိုင်ပွဲအမှတ်ပေးမှုတွင် စွန်တစ်ခုချင်းစီအတွက် အသုံးပြုထားသည့် ပိတ်၊ ပလတ်စတစ်နှင့် စက္ကူတို့ဖြင့် ပန်းချီခြယ်သထားမှု၊ ဖဲပြားတပ်ဆင်ထားမှုနှင့် လေပေါ်၌ အမြင့်ဆုံးလွှတ်တင်ယှဉ်ပြိုင်နိုင်မှုတို့ကို အကဲဖြတ်အမှတ်ပေးမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်ကကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၁၂၀ ဦး၊ စွန်အလှပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားရှစ်ဦး စုစုပေါင်း ၁၂၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**



# ၂၀၁၆ မြန်မာလိဂ်လူငယ်ဘောလုံးပြိုင်ပွဲ၌ ရှမ်းလူငယ်အသင်း ရာသီဝက်ချန်ပီယံဖြစ်နေ

ရန်ကုန် ဧပြီ ၄

၂၀၁၆ မြန်မာလိဂ်လူငယ် (အသက် ၂၀ နှစ်အောက်) ဘောလုံးပြိုင်ပွဲ ပထမရာသီဝက်၏ ပွဲစဉ် (၁၂) တွင် ရှမ်းလူငယ်အသင်းသည် ဧရာဝတီလူငယ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ရာသီဝက်ချန်ပီယံဖြစ်သွားကြောင်း သိရသည်။

ယမန်နေ့က ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အဆိုပါပွဲတွင် ရှမ်းလူငယ်အသင်းသည် သရေတစ်မှတ်ရရှိရုံဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခွင့်ရမည်ဖြစ်သော်လည်း နိုင်ပွဲရယူကာ ရာသီဝက်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

စလင်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် တခြားပွဲစဉ်တွင် ဟော်ရီဇွန်လူငယ်အသင်းက မြဝတီလူငယ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းလူငယ်အသင်းအနေဖြင့် ပထမအကျော့ပြိုင်ပွဲပြီးဆုံးရန် လက်ကျန်တစ်ပွဲအလိုမှာပင် ရာသီဝက်ချန်ပီယံဖြစ်သွားကြောင်း သိရသည်။

**မင်းသန့်**

# Ooredoo MNL II ပထမရာသီဝက်အပြီးတွင် မနောမြေအသင်းနှင့် GFA အသင်းတို့ အမှတ်ပေးဇယားကို ဦးဆောင်

ရန်ကုန် ဧပြီ ၄

ဧပြီ ၁ ရက်နှင့် ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် Ooredoo MNL II ပထမရာသီဝက် နောက်ဆုံးပွဲစဉ်များတွင် GFA အသင်းက University အသင်းကို ၂ဂိုး-ဂိုးမရှိ၊ စီးတီးစတားအသင်းက ယူနိုက်တက်သန်လျင်အသင်းကို ၃ဂိုး-ဂိုးမရှိ၊ မနောမြေအသင်းက နေပြည်တော်အသင်းကို ၃ဂိုး-၂ ဂိုး၊ ငွေကြယ်ပွင့်အသင်းက ဖုန်ဂန်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ သို့သော် မောရဝတီအသင်းနှင့် ဒဂုံအက်ဖ်စီအသင်း၊ မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ပွဲစဉ်များတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။

ထို့ကြောင့် ပထမရာသီဝက် ပွဲစဉ် (၁၁) ကစားအပြီးတွင် မနောမြေအသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁) တွင် ရပ်တည်ခဲ့သည်။ အလားတူ GFA အသင်းမှာလည်း ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၆ မှတ်ရရှိကာ မနောမြေအသင်းနှင့် ဂိုးကွာခြားချက်ရှိသဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဇယားအဆင့် (၃)၊ (၄) နေရာများတွင် မြဝတီအသင်းနှင့် မောရဝတီအသင်းတို့က ရမှတ် ၁၉ မှတ်စီဖြင့် ရပ်တည်နေပြီး အဆင့် (၅) နေရာတွင် မဟာယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ရပ်တည်နေသည်။ အဆင့် (၆) နေရာတွင် နေပြည်တော်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် ရပ်တည်နေကြောင်း သိရသည်။

သို့သော် နေပြည်တော်အသင်းသည် စုစုပေါင်း ၁၀ ပွဲသာ ကစားထားပြီး ဧပြီ ၇ ရက်တွင် အောင်ဆန်းအားကစားကွင်း၌ တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် ပွဲကျန်တစ်ပွဲ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးကျော်**

p-30.indd 1 4/4/2016 7:23:24 PM

Creating the Future SATAKE

မြဝတီဘဏ်လီမိတက်၏ ပံ့ပိုးမှုဖြင့် အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် မှ
တင်သွင်းသော SATAKE ဆန်စက်ပစ္စည်းများနှင့် PARBOILED PLANT စက်ပစ္စည်းများ



ဆန်စက်ပစ္စည်းများအား လက်ငင်းငွေချေစနစ်၊ မြဝတီဘဏ်ဖြင့်ချိတ်ဆက်၍ Hire Purchase စနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိပါသည်၊




တည်နေရာ - စက်ဆန်း (၁၂) သိုလှောင်ရုံဝင်း (ယခင်ကုန်သွယ်လယ်ယာသိုလှောင်ရုံ)၊ အောက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၂၉၂၈၁၉၊ ၂၉၂၈၀၃၊ ၈၉၁၀၅၇၈ ဖက်စ် - ၀၁ ၂၉၂၈၁၉၊ adipatilimited@gmail.com

## Trademark Announcement

LUXCONN TECHNOLOGY CO., LTD. of NO. 1209, LOTTE IT CASTLE 2, 550-1, GASAN-DONG, GEUMCHEON-GU. 153-803, SEOUL, REPUBLIC OF KOREA
Tel.:+82-2-2026-7500 Fax.: +82-2-2026-7509
Email: sales@luxconn.co.kr
Website: www.luxconn.co.kr

is the Manufacturer and Sole Proprietor of tra

MAN O MAN

**(Reg: No. IV/15177/2015)**

For Footwear, stockings, headwear, underwear, underclothing, belts, sweaters, jumpers [pullovers], clothing, sweat-absorbent underwear, gloves, gymnastic shoes, waterproof clothing, sports clothing, tee-shirts, sweat-absorbent socks, sports shoes, uniforms.

Please contact us for any inquiries regarding our products.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law by our legal representative.

THEIN TUN WIN
By **Ageless IP Attorneys & Consultants**
**P.O. Box No. 26, Yangon.**
**Phone: 372416**
**Dated: 5th April 2016**

### ပျောက်ဆုံးကြောင်း

စိုးသိန်း(ခ)ဒေးဗစ် ၁၃/တကန(နိုင်)၁၂၆၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၅၄၃၁၂၂**

### ပျောက်ဆုံးကြောင်း

ဒေါ်မြင့်အေး ၁၂/လသန(နိုင်)၀၁၆၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

### ပျောက်ဆုံးကြောင်း

မျိုးမြင့် ၁၀/သထန(နိုင်)၀၁၃၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၅၄၃၁၂၂**

### ပျောက်ဆုံးကြောင်း

ဆန်းထူး (ဘ)ဦးရွှေသိန်း ၇/ကကန(နိုင်)၀၅၁၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၄၈၁၆၁၈**

### ပျောက်ဆုံးကြောင်း

စိုးထက်လင်း ၉/လဝန(နိုင်)၂၃၈၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

**သင်ကျန်းမာလိုလျှင် ဆီနှင့်အငန် လျှော့စားပါ**

ဘုရား၊ ရဟန်း ဒါယကာကြီး
### ဦးတင်အောင်လှ(ခ)ဦးဟင်နရီဘလှ
**CDC-4057 ဒုတိယရေကြောင်းအရာရှိ**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ အမှတ်(၈၉)နေ (ဦးဘလှ-ဒေါ်တင့်ငွေ)တို့၏သား၊ ဒေါ်ဥမ္မာလှ၊ ဒေါ်သီဂီလှ၊ ဦးတင်မောင်လှတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်မာချို၏ခင်ပွန်း၊ မသဇင်အောင်၏ဖခင်သည် ၃-၄-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဘိုကြီး(ခ)ဦးစိန်ဝင်း (သုံးခွမြို့)
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၁၉)နေ (ဦးအောင်သိန်း-ဒေါ်စောကြည်)တို့၏သား၊ (ဦးမောင်ဆိုင်)-ဒေါ်ကျင်ဆိုင်တို့၏သားသမက်၊ (ဦးဇင်အောင်)-ဒေါ်မြင့်မြင့်စိန်တို့၏မောင်၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ချယ်ရီမော်၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးအန်းကူ(ခ)ဦးအောင်စိုးရွှေ-ဒေါ်သန်းသန်းယုတို့၏အစ်ကို၊ ဒေါ်တင်တင်နွယ်၏ခင်ပွန်း၊ မောင်အာကာမျိုး၊ မဇွန်ပွင့်ဖြူ 4T.Archi(WYTU)တို့၏ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂-၄-၂၀၁၆ ရက်(စနေနေ့) ညနေ ၃း၅၇ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဦးသောင်းညွန့်(ဝါးခယ်မ)
**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ သီတာလမ်းနေ (ဦးမောင်ဆင့်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးငွေဝင်း) - ဒေါ်သန်းနွဲ့တို့၏အစ်ကို၊ (ဒေါ်မြင့်မြင့်ကြူ)၏ခင်ပွန်း၊ ကိုအောင်မိုးကျော်-မဝင့်သူသူထွန်း၊ ကိုကျော်သူနိုင်-မဇင်ဇင်ဝင့်ဟန်တို့၏ဖခင်သည် ၂-၄-၂၀၁၆ ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၇၅)၊ သုံးလွှာ(ဝဲ)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၄-၂၀၁၆ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊
  ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၉-၄၉၃၄၅၇၃၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊
  ဖုန်း-၀၁-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Hot Line (09-31778337) (09-444005190)
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# ရန်ကုန်သင်္ကြန်တွင် စီးပွားဖြစ်မဏ္ဍပ်များဆောက်လုပ်ခွင့်မပြု၍ မိသားစုမဏ္ဍပ်ပုံစံပြောင်းလဲဆောက်လုပ်ကြမည်

ရန်ကုန် ဧပြီ ၄

ယခုနှစ်ရန်ကုန်သင်္ကြန်တွင် စီးပွားဖြစ်မဏ္ဍပ်များဆောက်လုပ်ခွင့်မပြု၍ မဏ္ဍပ်စီစဉ်သူတချို့သည် ရေကစားခွင့်လက်မှတ်ရောင်းချခြင်းမရှိဘဲ ရေကစားလိုသူကို အသင်းဝင်အဖြစ် မိသားစုမဏ္ဍပ်ပုံစံမျိုးပြောင်းလဲမည်ဖြစ်ကြောင်း မဏ္ဍပ်စီစဉ်သူများထံမှ သိရသည်။

ထိုသို့ မိသားစုမဏ္ဍပ်ပုံစံမျိုးတွင် အသင်းဝင်သူများကိုသာ ရေကစားခွင့် ခွင့်ပြုမည်ဖြစ်ပြီး အသင်းဝင်ကြေးမှာ သင်္ကြန်ငါးရက်စာအတွက် ငွေကျပ် ၅၀၀၀၀ မှ ၈၀၀၀၀ ခန့်အထိ သတ်မှတ်ထားကာ သရုပ်ပျက်မှုများမရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အားလုံးပျော်ပျော်ရွှင်ရွှင် စုပေါင်းထည့်ဝင်တဲ့သဘောမျိုးနဲ့ မိသားစုမဏ္ဍပ်ပုံစံပေါ့။

စာမျက်နှာ ၁၇ ကော်လံ ၁ ❑



၂၀၁၅ ခုနှစ် ရန်ကုန်သင်္ကြန်ရေကစားမဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။

## ထူးခြားသည့်နေ့အပူချိန်များ

၄-၄-၂၀၁၆

| | |
|---|---|
| ချောက် | ၄၂ ° C |
| အောင်လံ | ၄၂ ° C |
| ဘောလခဲ | ၄၂ ° C |
| ရမည်းသင်း | ၄၁ ° C |
| မကွေး | ၄၁ ° C |
| သာယာဝတီ | ၄၁ ° C |

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၄-၄-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၇ ဒသမ ၂ |
| ရန်ကုန် | ၉ ဒသမ ၇ |
| မန္တလေး | ၆ ဒသမ ၆ |

# မကွေးအသင်း ဟံသာဝတီအသင်းကိုအနိုင်ရ



မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ယှဉ်ပြိုင်စဉ်။

ရန်ကုန် ဧပြီ ၄

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ မကွေးအသင်းနိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရာသီအစပွဲစဉ်များတွင် ဆက်တိုက်ခြေစွမ်းပြလာသည့် ဟံသာဝတီအသင်းမှာ

စာမျက်နှာ ၂၉ ကော်လံ ၄ ❍

# ချယ်လ်ဆီးအသင်း ရာသီသစ်အတွက် နည်းပြကွန်တီကို သုံးနှစ်စာချုပ်

ချယ်လ်ဆီးအသင်းသည် သတင်းများကြိုတင်ထွက်ပေါ်ခဲ့သည့်အတိုင်း လာမည့်ရာသီသစ်၌ အသင်းအား နည်းပြအဖြစ်တာဝန်ယူရန် အီတလီလက်ရွေးစင်အသင်းနည်းပြအန်တိုနီယိုကွန်တီကို ဧပြီ ၄ ရက်တွင် သုံးနှစ်စာချုပ်ချုပ်ဆိုကြောင်း အတည်ပြုကြေညာသွားခဲ့သည်။ ကွန်တီသည် ချယ်လ်ဆီးတွင် အခွန်ဆောင်အပြီး တစ်နှစ်လုပ်ခလစာ ပေါင် ၄ ဒသမ ၇၅ သန်း ရရှိမည်ဖြစ်ကာ အီတလီအသင်းနှင့် ယူရို ၂၀၁၆ ပြိုင်ပွဲယှဉ်ပြိုင်အပြီးတွင်

စာမျက်နှာ ၂၉ ကော်လံ ၄ ▶▶



အီတလီလက်ရွေးစင်အသင်းနည်းပြ အန်တိုနီယိုကွန်တီ



## ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်လာသော တရုတ်သင်္ဘောတစ်စင်းကို ဗီယက်နမ်ကမ်းခြေစောင့် တပ်ဖွဲ့ဖမ်းဆီး

စာ- ၂၂ သို့

## နိုင်ငံတကာသတင်း

## ဂရိနိုင်ငံမှ ပြည်နှင်ဒဏ် ပေးလိုက်သော ရွှေ့ပြောင်း ဒုက္ခသည် ပထမအသုတ် တူရကီနိုင်ငံအနောက်ပိုင်းသို့ ရောက်ရှိ

စာ- ၂၂ သို့

## ပါကစ္စတန်မြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွား အနည်းဆုံး လူ ၅၅ ဦးသေဆုံး

စာ- ၂၂ သို့



www.myawady.net.mm
E.mail:mwdpress@hotmail.co.uk